# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၉)ရက် ၊ တနင်္လာနေ့ ၊ (15-9-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၃၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ CPC ပါတီအတွင်းရေးမှူး မစ္စတာချန်ကန်းအား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ CPC ပါတီအတွင်းရေးမှူး မစ္စတာချန်ကန်းအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၄**

၂၂ ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးဖိုရမ် တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့သို့ ရောက်ရှိနေသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောသည် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ CPC ပါတီအတွင်းရေးမှူး မစ္စတာချန်ကန်းအား ယနေ့ညနေပိုင်းတွင် နန်နင်းမြို့ လိယွမ်နိုင်ငံတော်ဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပိုမိုမြှင့်တင်ရေး၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အဆင့်မြင့်နည်းပညာများ ဖြန့်ဝေပေးနိုင်ရေး၊ ခရီးသွားကဏ္ဍပူးပေါင်းဆောင်ရွက်ရေး၊ ချစ်ကြည်ရေးညီအစ်မမြို့များ တည်ထောင်၍ **စာမျက်နှာ ၁၇ ကော်လံ ၁** ⚐

**ပြည့်ကျိုးမျှော်ရည် ရှေ့သို့ချီ နိုင်ငံသစ်ဆီ တို့ဦးတည်**

**ဆောင်းပါး** စာမျက်နှာ - ၂၀

**ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ကြိုဆို** စာမျက်နှာ - ၁၆

**ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ၂၄ ပြည်ဝင် ဇီယာဆန်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့** စာမျက်နှာ - ၂၅




ရတနာပုံ
၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၅ ရက်
အယ်ဒီတာ့အာဘော်

# အားကစားဖြင့် တပ်မတော်နှင့်နိုင်ငံတော်၏ပုံရိပ်ကိုမြှင့်တင်

နိုင်ငံတော်၏ပုံရိပ်ကို ကောင်းမွန်စွာဖော်ပြနိုင်သည့်အရာများထဲတွင် အားကစားကဏ္ဍလည်းပါဝင်သည်ကို တွေ့ရပေသည်။ အားကစားသမားများ၏ ထက်သန်ပြင်းပြသောစိတ်ဓာတ်၊ မဆုတ်မနစ်သောကြိုးပမ်းအားထုတ်မှု၊ အနိုင်မခံ အရှုံးမပေးသောဇွဲ၊ စိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်မှုတို့မှရရှိခဲ့သောအောင်မြင်မှုတို့သည် နိုင်ငံတော်၏ပုံရိပ်ကိုမြှင့်တင်ပေးခြင်းဖြစ်ပေသည်။

ယခုအခါ တပ်မတော်နှင့်နိုင်ငံတော်၏ပုံရိပ်ကို မြှင့်တင်ပေးနိုင်မည့် အားကစားသမားများ ပေါ်ထွက်လာစေရန် ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ကျင်းပလျက်ရှိပေသည်။ အဆိုပါပြိုင်ပွဲများတွင် မလျှော့သောဇွဲ၊ လုံ့လများနှင့် ကြိုးစားယှဉ်ပြိုင်ပြီး ပေါ်ထွက်လာသော အားကစားသမားကောင်းများသည် တပ်မတော်နှင့်နိုင်ငံတော်၏ပုံရိပ်ကို မြှင့်တင်ပေးကြမည့်သူများဖြစ်ပေသည်။

တပ်မတော်အနေဖြင့် တိုင်းပြည်၏အားကစားကဏ္ဍကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန်နှင့် မြန်မာ့လက်ရွေးစင်အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်ရည်ရွယ်ပြီး တပ်မတော်ဘောလုံးအကယ်ဒမီသင်တန်းကို ၂၀၁၅ ခုနှစ်မှစတင်ဖွင့်လှစ်ပေးခဲ့ပြီး အားကစားသမားကောင်းများ မွေးထုတ်ပေးလျက်ရှိပေသည်။

အားကစားဟူသည် ကြံ့ခိုင်မှု၊ ခွန်အားရှိမှု၊ လျင်မြန်မှု၊ ကျွမ်းကျင်မှု၊ ခံနိုင်ရည်ရှိမှု၊ ပူးပေါင်းဆောင်ရွက်မှုဟူသည့်အခြေခံအချက်ခြောက်ချက်အပေါ်တွင် မူတည်လျက်ရှိသောကြောင့် အဆိုပါအရည်အသွေးများ ပြည့်ဝနေအောင် ကြိုးစားသွားကြရမည်ဖြစ်ပေသည်။ ထို့ပြင် မိမိတို့၏ကျွမ်းကျင်မှုအတွေ့အကြုံနှင့် အလေ့အကျင့်တို့ကို စဉ်းစားဆင်ခြင်ဉာဏ်၊ လျှပ်တစ်ပြက်ဖြတ်ထိုးဉာဏ်၊ မှန်ကန်သည့်အယူအဆ၊ မှန်ကန်မြန်ဆန်သည့်ဆုံးဖြတ်ချက်များနှင့်ပေါင်းစပ်အသုံးချယှဉ်ပြိုင်ပါက အောင်ပွဲဆင်နိုင်မည်ဖြစ်ပေသည်။

အားကစားမြှင့်တင်ခြင်းဖြင့် နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းက ကာကွယ်စောင့်ရှောက်နေသည်ဟူသောအသိတရားမွေးမြူပြီး မလျှော့သောဇွဲ၊ လုံ့လများနှင့် ကြိုးစားယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ အတိတ်က နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် တပ်မတော်သားအားကစားသမားများ၏ ကောင်းမွေများကိုခံယူပြီး နောင်လာနောက်သား မျိုးဆက်သစ်အားကစားသမားများအတွက် စံနမူနာပြ လက်ဆင့်ကမ်းအမွေပေးနိုင်အောင် ကြိုးစား ကြရမည်ဖြစ်သည်။ စစ်သားကောင်း၊ အားကစားသမားကောင်းပီသသည့်စိတ်ဓာတ်များဖြင့် တပ်မတော်နှင့် နိုင်ငံတော်၏ပုံရိပ်ကို မြှင့်တင်နိုင်သည့် အားကစားသမားကောင်းများဖြစ်အောင် ကြိုးစားသွားကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခြင်းပင်ဖြစ်သောကြောင့် ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင်ပါဝင်ယှဉ်ပြိုင်နေကြသည့် အားကစားသမားများအနေဖြင့် မိမိတို့ယှဉ်ပြိုင်ကြရမည့် အားကစားကဏ္ဍအလိုက် အောင်မြင်မှုများရရှိအောင်ကြိုးစားကြပြီး တပ်မတော်နှင့် နိုင်ငံတော်၏ပုံရိပ်ကို မြှင့်တင်နိုင်သူများဖြစ်အောင် ကြိုးစားသွားကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# ချောင်းဦးမြို့နယ်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၇၁၂၀ စိုက်ပျိုးမည်



ယခင်နှစ်က ခရမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ချောင်းဦး စက်တင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် လာမည့်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၇၁၂၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၇၁၂၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၇၁၂၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့ သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်ဖို့၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားမှာပါ"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးရန်အတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက် သီးနှံစုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများမြင့်မားလာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်သီးနှံစုံကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။ (၂၀၆)

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဒေးဒရဲ စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြ၍ သိရသည်။

ဒေးဒရဲမြို့နယ်မှ ဒေသထွက်မျှင်ငါးပိများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိပြီး ဇူလိုင်လအတွင်း မျှင်ငါးပိ ပိဿာချိန် ၆၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် မျှင်ငါးပိတစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒေသထွက်ကုန် မျှင်ငါးပိတွေကို ရန်ကုန်ဈေးကွက်နဲ့ အခြားဒေသတွေကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ဩဂုတ်လအတွင်း မျှင်ငါးပိ ပိဿာချိန် ၈၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်က ဩဂုတ်လအတွင်းနဲ့ အခုလက်ရှိလထဲမှာပါ ဝယ်ယူမှုများနေပါတယ်။ အခုလို မျှင်ငါးပိတွေ အရောင်းအဝယ်ကောင်းလာတော့ ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တွေအပြင် လုပ်သားတွေပါ အဆင်ပြေလာပါတယ်"ဟု ဒေးဒရဲမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြသည်။

ဒေးဒရဲမြို့နယ်တွင် ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသခံရေလုပ်သားများက ပင်လယ်ပြင်က ရရှိသောမျှင်ကောင်များကိုဝယ်ယူပြီး အသင့်စားသုံးနိုင်သည့် မျှင်ငါးပိအဖြစ် စနစ်တကျ ထုတ်လုပ်ရောင်းချနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပျော်ဘွယ်မြို့နယ် ပဲ့ကန်(မြောက်)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ပျော်ဘွယ် စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပဲ့ကန်(မြောက်)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းနှင့်တာဝန်ရှိသူများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ပဲ့ကန်(မြောက်)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ပျော်ဘွယ်မြို့နယ် ပဲ့ကန်(မြောက်)ကျေးရွာ၌ အရှည်ပေ ၁၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် မြေသားနှစ်ပေ၊ မြေနီကျောက်စရစ်ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၁၁ သန်းဖြင့် တင်ဒါအောင်မြင်သည့် Royal MTK Innovation ကုမ္ပဏီက တာဝန်ယူ၍ ယခုနှစ် ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ပဲ့ကန်(မြောက်)ကျေးရွာရှိ ဒေသခံတောင်သူများ၏ လယ်ယာထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် Mandalay Earthquake Clinic Closing Ceremory နှင့် ငလျင်ပြီးနောက် နည်းပညာဆိုင်ရာကူညီဆောင်ရွက်ပေးခဲ့သော Volunteers များကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲသို့တက်ရောက်





**မန္တလေး စက်တင်ဘာ ၁၄**

Mandalay Earthquake Clinic Closing Ceremory နှင့် ငလျင်ပြီးနောက် နည်းပညာဆိုင်ရာကူညီဆောင်ရွက်ပေးခဲ့သောVolunteers များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံ ငလျင်ကော်မတီတို့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကမ္ဘာ့ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် (UNDP) စီမံကိန်းမန်နေဂျာနှင့် Mandalay Earthquake Clinic မှ တာဝန်ရှိသူများ၊ Volunteers ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (မန္တလေး)၊ အထပ်မြင့်နှင့်အများပြည်သူအဆောက်အအုံများ ကြီးကြပ် စစ်ဆေးရေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ ငလျင်ကော်မတီတို့မှ အင်ဂျင်နီယာ ပညာရှင်ကြီးများ၊ အခြားပညာရှင်ကြီးများနှင့် Volunteer များအနေဖြင့် မန္တလေး ငလျင်ကြီး လှုပ်ခတ်ပြီးပြီးချင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ နောက်ဆက်တွဲငလျင်များကြောင့် ဖြစ်ပွားတတ်တဲ့ နောက်ဆက်တွဲ ပျက်စီးဆုံးရှုံးမှုများ နည်းပါးစေရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပရဟိတစိတ်အပြည့်ဖြင့် ကူညီဆောင်ရွက်ခဲ့သူများကို မှတ်တမ်းတင်ဂုဏ်ပြုကြောင်း၊ ငလျင်နှင့်သဘာဝဘေးအန္တရာယ်လျော့ပါးသက်သာရေး လုပ်ငန်းများတွင် တစ်ဦးတစ်ယောက်ချင်းစီ ဆောင်ရွက်ရမည့် တာဝန်များရှိသကဲ့သို့ အဖွဲ့အစည်းအသီးသီးနှင့်ပူးပေါင်းကူညီဆောင်ရွက်ရခြင်းများ၊ သတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်ခြင်းများကို တာဝန်တစ်ရပ်အနေဖြင့် လက်ခံကျင့်သုံး၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ဆက်လက်ပါဝင်ကူညီဆောင်ရွက်ပေးသွားကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဌေးက နည်းပညာဆိုင်ရာအကူအညီများ ပေးသွားမည့်အစီအမံများနှင့်ပတ်သက်၍ ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ငလျင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီငြိမ်းက ငလျင်စောင့်ကြည့်တိုင်းတာခြင်းလုပ်ငန်းများ၊ ငလျင်ဘေးအန္တရာယ်လျော့ပါးရေး အသိပညာပေးလုပ်ငန်းများ၊ငလျင်ကာလအလွန် သဘာဝဘေးအန္တရာယ်ဆိုင်ရာဆက်စပ်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ငလျင်ဒဏ်သင့် အဆောက်အအုံများကို ပြန်အသုံးပြုနိုင်စွမ်း စစ်ဆေးခြင်းလုပ်ငန်းများနှင့် အခြားဆက်စပ်လုပ်ငန်းများတွင်ကာယအား၊ဉာဏအားတို့ဖြင့် စွမ်းစွမ်းတမံ ကူညီဆောင်ရွက်ပေးခဲ့ကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပြီးနောက် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်းသတင်းရရှိသည်။ **မျိုးကျော်**

# ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီနှင့် ကြက်သွန်ဖြူစုစုပေါင်း ၁၁၅၃ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ကြက်သွန်နီစိုက်ခင်းကို တွေ့ရစဉ်။

**ပွင့်ဖြူ စက်တင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ စုစုပေါင်း ၁၁၅၃ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၁၂၅ ဧက၊ ကြက်သွန်ဖြူ ၂၈ ဧက စုစုပေါင်း ၁၁၅၃ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ကြက်သွန်နီ ၁၁၂၅ ဧကနဲ့ ကြက်သွန်ဖြူ ၂၈ ဧက စုစုပေါင်း ၁၁၅၃ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ စိုက်ပျိုးတဲ့အခါမှာလဲ မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်ဖို့ စတဲ့အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ကြက်သွန်နီနှင့် ကြက်သွန်ဖြူကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြက်သွန်နီ၊ ကြက်သွန်ဖြူကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# စလင်းမြို့နယ် ဆုံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း စက်တင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆုံကုန်းကျေးရွာ၌ ဒွါဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို စက်တင်ဘာ ၁၃ ရက်က အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ဆုံကုန်းကျေးရွာတွင် ရန်ပုံငွေကျပ် ၅၁ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ဆုံကုန်းကျေးရွာ၌ ဒွါဒသမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊အရောင်းအဝယ်နှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူဦးရေ ၁၁၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သန်းသန်းစိုး**

# အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၆၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**အိမ်မဲ စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်အိတ်ရေ ၆၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အိမ်မဲမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြ၍သိရသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၆၂၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် ဗိုလ်ကိတ်ပဲများကို အိမ်မဲမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များမှဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

"အိမ်မဲမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဩဂုတ်ထဲမှာ ဗိုလ်ကိတ်ပဲ ၁၆ပြည်ဝင် အိတ်ရေအများအပြားတင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ဒေသထွက် ဗိုလ်ကိတ်ပဲတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဗိုလ်ကိတ်ပဲတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားလာပါတယ်။ ရန်ကုန်ဈေးကွက်ကို ဗိုလ်ကိတ်ပဲတွေ အရောင်းအဝယ်ကောင်းလာတော့ ကုန်သည်တွေ၊ လုပ်ငန်းရှင်တွေအပြင် လုပ်သားတွေပါ အဆင်ပြေနေပါတယ်"ဟု အိမ်မဲမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။


အဆိုပါ အိမ်မဲမြို့နယ်မှ ထွက်ရှိသည့် ဒေသထွက် ဗိုလ်ကိတ်ပဲများ ဝယ်ယူမှုများပြားလာခြင်းကြောင့် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# အသုံးချစကားပြေ

**ချစ်နိုင်(စိတ်ပညာ)**




စာဆိုသည်မှာ ဘာသာစကားကို ရေးသားခြင်းပင် ဖြစ်သည်။ ဘာသာစကားများ ကွဲပြားစွာသုံးစွဲဆက်သွယ်နေကြရသဖြင့် ဘာသာစကားကိုမူတည်၍ ထိရောက်မှုခြင်း ခြားနားသည်။ လူဦးရေအများဆုံး အသုံးပြုနေသော ဘာသာစကားသည် ပိုမိုကျယ်ပြန့် ထိရောက်ပါသည်။ ကချင်စာပေ၊ ကရင်စာပေ၊ ကယားစာပေ၊ မြန်မာစာပေ(ဗမာစာ)၊ ရှမ်းစာပေ စသည်တို့သည် ပကတိအခြေအနေအရ အင်္ဂလိပ်စာပေလောက် မထိရောက် မကျယ်ပြန့်နိုင်ပေ။ နောက်ကြောင်း သမိုင်းအရ ထိုစာဘာသာကို နယ်ချဲ့အရင်းရှင်စနစ်ခေတ် ကြီးစိုးသော ၁၉ ရာစုကာလ နေမဝင်အင်ပိုင်ယာဖြစ်ခဲ့သော ဂရိတ်ဗြိတိန်သည် နိုင်ငံပေါင်းများစွာသို့ ထိုးဖောက်ပျံ့နှံ့စေနိုင်ခဲ့ပေသည်။

ဂျပန်သည် အင်္ဂလိပ်စာကို အားမကိုးဘဲ ကိုယ်ပိုင်ဂျပန်ဘာသာဖြင့် ကမ္ဘာ့စာပေ၊ နိုင်ငံတကာဘာသာစကား အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ရုရှား၊ တရုတ် ဘာသာစာပေများကို ဂျပန်ဘာသာဖြင့် လွယ်ကူစွာ လေ့လာနိုင်အောင် ကြိုးပမ်းစီမံထားလေသည်။ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့သည်လည်း အင်္ဂလိပ်ဘာသာဖြင့် ထွက်ပေါ်လာသော ထင်ရှားကျော်ကြားသည့် သုတစာပေ၊ ရသစာပေများကို အချိန်တစ်လထက် ပိုမကြာစေဘဲ ဘာသာပြန်ထုတ်ဝေနိုင်ကြလေသည်။ အင်္ဂလန်မှာ "ဟယ်ရီပေါ်တာဝတ္ထု"အတွဲအသစ် စာအုပ်ထွက်လျှင် တစ်ပတ်အတွင်းမှာပင် တရုတ်တို့၊ ဂျပန်တို့၊ ထိုင်းတို့က ဘာသာပြန်ထုတ်ဝေလေပြီ။ မရေးမနှောင်းမှာပင် မိမိတို့မိခင်ဘာသာစာပေဖြင့် သူတို့လူမျိုးက နောက်မကျဘဲ ဖတ်နိုင်ကြ၏။ မြန်မာနိုင်ငံကား လွတ်လပ်ရေးရစမှ ၁၉၅၀ ကာလဆီမှပင် ဘာသာပြန်ခြင်း၏ အဓိကကျသော အခန်းကဏ္ဍကို သိမြင်သဘောပေါက်ကာ အားပေးပျိုးထောင်ခဲ့ဖူးပါသော်လည်း အစိုးရအဆက်ဆက်သည် ဘာသာပြန်ဆုပေး ရွေးချယ်ချီးမြှင့်ခြင်းလောက်ထက် ပိုမိုထိရောက်ကျယ်ပြန့်သောလုပ်ငန်းများကို မပြုလုပ်နိုင်ကြပေ။ ပြန်ကြားရေး၊ ပညာရေး၊ နိုင်ငံခြားရေးတို့မှာ ဘာသာပြန်ခြင်းအပိုင်း၌ ယနေ့အထိ ခေတ်အခြေအနေ၏ လိုအပ်ချက်ကို လျင်မြန်စွာ လုပ်ဆောင်အမြတ်ထုတ်နိုင်စွမ်း၊ ဖန်တီးနိုင်စွမ်း မရှိလှသေးပေ။ အီလက်ထရောနစ်ခေတ်တွင် နောက်ကျသကဲ့သို့ ဒစ်ဂျစ်တယ်ခေတ်၌လည်း ခြေလှမ်းမမီပေ။ အေအိုင်ခေတ်သို့ ရောက်နေကြသော်လည်း အဘိဓာန်အဖြစ်ပေါ်ထွက်လာခြင်းမျိုး လိုအပ်နေဆဲပေလား မသိပါ။

ဘာသာပြန်အတတ်ပညာ ပိုမိုကျယ်ပြန့်ထွန်းကားအောင် ပညာရေး၊ ပြန်ကြားရေးတို့က အမြော်အမြင်ကြီးစွာ ဆက်လက်ဖန်တီးနေကြလိမ့်မည် ထင်ပါ၏။

မိမိတို့တိုင်းရင်းသားချင်း ကွဲပြားသောဘာသာစကားချင်းပင်လျှင် ဆက်ဆံဆက်သွယ်မှု ပိုမိုလွယ်ကူထိရောက်စေရန် စာပေအချင်းချင်း အဘိဓာန် လက်ကိုင်ပြုစရာနှင့် အခြေခံအသုံးချသဒ္ဒါနှင့် စကားပြေကျမ်းများ ရှားပါးခက်ခဲနေဆဲ မဟုတ်ပါလား။

ဥပမာ- ကချင်ဘာသာနှင့်မွန်ဘာသာ အဘိဓာန်၊ ချင်းနှင့် ရှမ်းအဘိဓာန်၊ ဘာသာပြန် စသည်စသည်...။ လုပ်စရာရှိသော ကွက်လပ်များကို မလုပ်နိုင်ခဲ့ကြသဖြင့် တိုင်းရင်းသားလူမျိုးစုအချင်းချင်း ဘာသာစကား အဆီးအတားကို လွယ်လွယ်ကူကူ ဖြတ်သန်းထိတွေ့ရမည့်အစား ဝေးကွာလှမ်းနေရဆဲ မဟုတ်ပါလား။

စကားတွေ တတ်လွယ်စေရမည်။ စာပေချင်း ဘာသာပြန်ရန် အဘိဓာန်ကျမ်း၊ သဒ္ဒါကျမ်းတွေ ပြဋ္ဌာန်းသင်ကြားမှုက ထိရောက်စေသင့်သည်။ ပြည်သူလူထုက ပြည်သူ့ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြသော အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ ဒေသဆိုင်ရာ ပြည်နယ်လွှတ်တော်အမတ်များကလည်း တိုင်းရင်းသားချင်း သွေးစည်းညီညွတ်ရေးကို အပြန်အလှန်ပေါင်းကူးတံတားထိုးရာရောက်မည့် ဘာသာစကား၊ စာပေချင်း ဘာသာပြန်များ ခိုင်မာစွာပြုစုထုတ်ဝေနိုင်ရန် အားပေးဆွေးနွေးခြင်းမျိုး မရှိသလောက်ပင် နည်းပါးပုံရပေသည်။

စာဟုဆိုရာတွင် ဘာသာစကား (Language) နှင့် စာပေ(Literature) ဟု နှစ်ပိုင်းရှိပေလိမ့်မည်။ ကချင်ဝတ္ထုတို ဝတ္ထုရှည်များကို အင်္ဂလိပ်လို ပြန်ဆိုနိုင်လျှင် စာအုပ်ဈေးကွက်က အင်္ဂလိပ်စာသုံးနေသော နိုင်ငံတကာ နိုင်ငံပေါင်းရာချီသော လူဦးရေ၏ အားပေးမှုကို ရနိုင်သည်မဟုတ်လား။ မြန်မာလိုပဲ ဘာသာပြန်စေဦး လူဦးရေသန်း၅၀ကျော်က ကချင်ဝတ္ထုနေ့ဗ်ယ်ကို ဖတ်ရှုခံစားနိုင်ပေလိမ့်မည်။ ဘယ်သူတွေမှာ တာဝန်ရှိသနည်း။ စာရေးသူက မေးမြန်းလိုခြင်းမဟုတ်ပါ။ စိတ်ထဲပေါ်ရာကို မျှဝေတင်ပြခြင်းမျှသာဖြစ်ပါသည်။

ခေတ်ကာလအခြေအနေ သမိုင်းအချိန်အခါကတော့ တတိယထောင်စုနှစ်ဟူသော ထောင်စုနှစ်အပိုင်းအခြားအသစ် တစ်ခုထဲသို့ ၂၅ နှစ်တောင် ဝင်ရောက်လာခဲ့ပြီးပြီဖြစ်သော်လည်း မိမိတို့က တိုးတက်ပြောင်းလဲအောင် ကြိုးစားကြရမည့် အချက်ပေါင်း အထောင်အသောင်းအနက် မြန်မာစာ မြန်မာစကားပြေကို ပိုမိုမှန်ကန်ပြေပြစ်စွာ နိုင်ငံသားတို့ ရေးတတ်၊ ဖတ်တတ်၊ နားထောင်တတ်၊ ပြောဆိုတတ်အောင် အစွမ်းကုန်ဆောင်ရွက်ကြရပါဦးမည်။

ကံကောင်းသော စက်ဝန်းကြီးထဲသို့ မိမိတို့ရောက်ရှိနေသော အခြေအနေ ပတိရူပဒေသသဘောကို ကိုယ်တိုင်နားလည်အသုံးချတတ်ရန်လည်း လိုအပ်နေပါ၏။ ယနေ့ခေတ်သည် အာရှဒေသခေတ်သစ် ပေါ်ထွန်းသော နိုင်ငံတကာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်အဘက်ဘက်မှ မကြုံစဖူး "စန်း"တက်သော အချိန်မဟုတ်ပေလော။ ပတ်ဝန်းကျင်ကို လေ့လာပါဦး။

အကောင်းဆုံးသော အချိန်အခါ၊ အခြေအနေ၊ အရပ်ဒေသက မိမိလက်ဝယ်ရောက်ရှိနေချိန်လေး၌ စွမ်းအားအကုန် ညီညီညာညာ ညီညီညွတ်ညွတ် အကောင်အထည်ဖော်နိုင်လျှင် တစ်ဟုန်ထိုးတိုးတက်ဖွံ့ဖြိုးလာနိုင်သည့် အခွင့်အရေးပင် မဟုတ်ပေလော။

ပတ်ဝန်းကျင်ပြောင်းလဲပုံများ နားစွင့်ပါဦး။ နိုင်ငံတကာကိစ္စ ပြင်ပဘာသာများနှင့် ဘာသာပြန်ကိစ္စ၊ လုပ်စရာကိုင်စရာများကို ပညာရေးဆိုင်ရာ တက္ကသိုလ်အသီးသီးက ပညာရှင်ပါမောက္ခများ စီမံအကောင်အထည်ဖော်ကြပါလိမ့်မည်။ ဘာသာခြားစာပေ တက္ကသိုလ်များ တိုးချဲ့ခြင်းစသည်။

ဤဆောင်းပါးဖြင့် အဓိကမီးမောင်းထိုးတင်ပြလိုသော အချက်မှာ လူတိုင်းအတွက် အသုံးချမြန်မာစာကို မြန်မာနိုင်ငံသားအားလုံးက အလေးအနက်ထားလျက် လေ့လာအသုံးချကြပါရန် တိုက်တွန်းနှိုးဆော်ခြင်းဖြစ်ပါသည်။

စာအုပ်ကြော်ငြာခြင်းတော့ မဟုတ်ပါ။ ကြော်ငြာနေစရာမလိုသော စာရေးသူ ကြော်ငြာနေရန်မလိုအပ်သော **"လူတိုင်းအတွက် အသုံးချမြန်မာစာ"** ဟူသော စာအုပ်ပါ အကြောင်းအရာ။

ဤစာအုပ်ကို ရေးသားပြုစုသူသည် ကလောင်အမည် **မောင်ခင်မင်(ဓနုဖြူ)(၁၉၄၂-၂၀၂၅)**ဟု နိုင်ငံသိ ထင်ရှားကျော်ကြားသော ဆရာကြီး **ဒေါက်တာခင်အေး** ဖြစ်ပါ၏။ ဆရာကြီး ဒေါက်တာခင်အေးသည် ရန်ကုန်တက္ကသိုလ်၊ ဂျပန်နိုင်ငံ အိုဆာကာ တက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်တို့တွင် ပါမောက္ခတာဝန် ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်ဖြစ်ပါသည်။ မောင်ခင်မင်(ဓနုဖြူ) ကလောင်အမည်ဖြင့် ဘာသာစကား၊ ဘာသာစာပေ၊ စာပေအနုပညာ၊ စကားပြေ၊ ကဗျာလင်္ကာဆိုင်ရာကျမ်းစာ၊ စာအုပ်ပေါင်းများစွာ ပြုစုရေးသားခဲ့သော ဆရာကြီးဖြစ်ပါသည်။ မြန်မာစာ အရေးအသားနှင့် ပတ်သက်၍ အစဉ်တစိုက် ရေးသားခဲ့ကြောင်း အောက်ပါစာအုပ်များအရ ထင်ရှားစွာသိမြင်နိုင်ကြပါလိမ့်မည်-

၁။ **စကားပြေသဘောတရားစကားပြေအတတ်ပညာ(၁၉၇၉)**
**(အကြိမ်ပေါင်းများစွာ ပုံနှိပ်ထုတ်ဝေနေရဆဲ)**
၂။ **စကားပြေအဖွဲ့ပုံစံများ(၁၉၈၀)**
၃။ **ရုံးသုံးမြန်မာစာ (၁၉၈၀)**
၄။ **ပြည်သူ့အတွက် မြန်မာစကားပြေ(၁၉၈၅)**
၅။ **ငယ်ပေါင်းကြီးဖော် မြန်မာစာ(၂၀၀၃)**
၆။ **စကား၊ စာ၊ အလင်္ကာ(၂၀၀၆)**
၇။ **လူတိုင်းအတွက် အသုံးချမြန်မာစာ(၂၀၂၄)**

ဆရာကြီးသည် ရတနာပုံသတင်းစာအပါအဝင် စာနယ်ဇင်းများစွာတို့တွင် ဘာသာစကား၊ စာပေ၊ ကဗျာလင်္ကာ၊ စကားပြေ၊ အနုပညာ၊ တေးဂီတ၊ ယဉ်ကျေးမှုစသည့် အကြောင်းအရာများစွာကို ရေးအားအလွန်ကောင်းစွာ အဆက်မပြတ် ရေးသားပြုစုခဲ့သည့် ပညာရှိကြီး တစ်ဦးဖြစ်ပါသည်။

မြန်မာစာပေတွင် ကဗျာလင်္ကာနှင့် စကားပြေဟု အမျိုးအစားမတူသော ပုံသဏ္ဌာန်နည်းလမ်း နှစ်ခုရှိခဲ့ပါသည်။ ကဗျာလင်္ကာသည် ပညာရှိကဝိတို့၏ ပစ္စည်းဟု ဆိုရိုးရှိပါ၏။ စကားပြေသည် သာမန်လူတိုင်းအတွက် နေရာမရွေး နေ့စဉ်အသုံးချရသော လူအများနှင့် ထိစပ်သက်ဆိုင်သော ဆက်သွယ်မှုအသုံးချကိရိယာဖြစ်ပါ၏။ အများစုက လက်ကိုင်ဖုန်း၊ လက်တော့၊ ကွန်ပျူတာတို့ဖြင့် ပြောနေရေးနေကြသည့် အရာကား စကားပြေပင် မဟုတ်ပါလား။

စကားပြေသည် ပြည်သူကြားတွင် ရှိနေသည်။ စကားပြေကို သိရှိနားလည်ကြရပါမည်။ စကားပြေ၏ တန်ဖိုးကို သဘောပေါက်ရပေမည်။ စကားပြေကို ကျွမ်းကျင်တတ်မြောက်ရမည်။ စကားပြေကို မှန်ကန်ထိရောက်စွာ အသုံးချတတ်လေလေ လူတိုင်းကိုယ်စီအတွက် အကျိုးရရှိသကဲ့သို့ လူမျိုးနှင့်နိုင်ငံတော်လည်း ဂုဏ်သိက္ခာတက်လေလေ ဖြစ်ပေသည်။

အသုံးအနှုန်းမမှန်၊ စာလုံးပေါင်းသတ်ပုံမှားယွင်း၊ ဝါကျဖွဲ့ထုံးများ လွဲချော်၊ အရေးအသားများက အဓိပ္ပာယ်ဝေဝါးရှုပ်ထွေး စသည်စသည် အားနည်းချက် ချွတ်ယွင်းချက်တွေကား လက်ကိုင်ဖုန်းတွင် ရေးနေကြသော စာရေးသူများစွာကို ကြည့်မြင်၍ ရယ်စရာ၊ ပြုံးစရာ၊ စိတ်ပျက်စရာ၊ ရင်မောစရာဖြစ်ကြရပါသည်။ ဘာမှမခက်ပါ။ ထိုအားနည်းချက်များကို လွယ်ကူစွာ ဖြေရှင်းကူညီနိုင်သော စာအုပ်တစ်အုပ် ရှိနေပါသည်။ စာကြည့်တိုက်များမှာ သွား၍ လေ့လာကြည့်ပါ။

**မောင်ခင်မင်(ဓနုဖြူ)ရေးသားသော လူတိုင်းအတွက် အသုံးချမြန်မာစာ**

ပုဂံခေတ်၊ အင်းဝခေတ် စသည်တို့မှ စာဆိုအကျော် ရဟန်းပညာရှိ လူပညာရှိပုဂ္ဂိုလ်များစွာတို့၏ မြန်မာစာပေအပေါ် ကျေးဇူးတရားပြုခဲ့ခြင်းများသည် မြင်းမိုရ်တောင်ထုပမာ ကြီးမားခဲ့ပါ၏။

ကဗျာသည် နှလုံးသားခံစားဖို့ ရေးဖွဲ့၏။ စကားပြေသည် ဦးနှောက်အသိအမြင်ရစေရန် ရေးသား၏ ဟူသောသဘော တိုတိုနှင့်လိုရင်း ဆရာကြီးဒဂုန်တာရာ ပြောခဲ့၊ ရေးခဲ့ဖူးပါ၏။ နေရာချင်းမတူကြပါ။ အသုံးပြုရသော ရည်ရွယ်ချက်ချင်း ကွဲပြားကြပါသည်။

ကဗျာသည် ရသကို ပိုမိုအားပြုဖွဲ့ဆိုသည်။ စကားပြေသည် သုတကို အဓိကထား၍ ရေးသားပါသည်။ စကားပြေကောင်းဖြစ်စေရန် ရေးသားရာတွင် အောက်ပါအခြေခံဥပဒေသ ခုနစ်ချက်ကို လိုက်နာလျှင် လိုက်နာသလောက် ကောင်းကျိုးထိရောက်နိုင်ပေသည်။

၁။ **မှန်ကန်ရမည်။**
**(စကားလုံး၊ သတ်ပုံ၊ သဒ္ဒါ၊ အသုံးအနှုန်း)**
၂။ **ရှင်းလင်းရမည်။**
၃။ **တိကျရမည်။**
၄။ **ကျစ်လျစ်ရမည်။**
၅။ **ပြေပြစ်ရမည်။**
၆။ **လိုက်ဖက်ရမည်။ (ရည်ရွယ်ချက်နှင့်ပရိသတ်)**
၇။ **ဆီလျော်ရမည်။ (ကာလ၊ ဒေသ၊ ပုဂ္ဂလ)**

အသက်အရွယ်မရွေး မူလတန်းမှ မဟာဝိဇ္ဇာ၊ မဟာသိပ္ပံ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာဆရာမများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နေ့စဉ် စာရေးစာဖတ်နေသူများအတွက် လေ့လာမှတ်သား အသုံးချ၍ ထိရောက်အောင်မြင်ကြပါစေ။

**❖ စကားပြေသည် သာမန်လူတိုင်းအတွက် နေရာမရွေး နေ့စဉ်အသုံးချရသော လူအများနှင့်ထိစပ်သက်ဆိုင်သော ဆက်သွယ်မှုအသုံးချကိရိယာဖြစ်ပါ၏။ အများစုက လက်ကိုင်ဖုန်း၊ လက်တော့၊ ကွန်ပျူတာတို့ဖြင့် ပြောနေရေးနေကြသည့်အရာကား စကားပြေပင် မဟုတ်ပါလား။ စကားပြေသည် ပြည်သူကြားတွင်ရှိနေသည်။ စကားပြေကို သိရှိနားလည်ကြရပါမည်။ စကားပြေ၏တန်ဖိုးကို သဘောပေါက်ရပေမည်။ စကားပြေကို ကျွမ်းကျင်တတ်မြောက်ရမည်။ စကားပြေကို မှန်ကန်ထိရောက်စွာ အသုံးချတတ်လေလေ လူတိုင်းကိုယ်စီအတွက် အကျိုးရရှိသကဲ့သို့ လူမျိုးနှင့်နိုင်ငံတော်လည်း ဂုဏ်သိက္ခာတက်လေလေ ဖြစ်ပေသည်။ ❖**

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၉၉၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပုသိမ် စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးလျာထား ၁၉၉၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးလျာထား ၆၈၂၉၇ ဧကကို ယခုနှစ် ဇွန်လဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မိုးစပါး ၁၉၉၂၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ မိုးစပါးများ ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"သာပေါင်းမြို့နယ်မှာ ဒီနှစ် မိုးစပါးကို ဧက ၆၈၀၀၀ ကျော်ထိ လျာထား စိုက်ပျိုးနေပါတယ်။ လက်ရှိ စပါးဧက ၁၉၀၀၀ ကျော်ထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ မိုးစပါးတွေ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့အတွက် တောင်သူတွေကို နည်းပညာနဲ့ အခြားပံ့ပိုးပေးစရာတွေကို ကြိုတင်ဆောင်ရွက်ပေးထားပါတယ်။ စပါးအတွက်မျိုးစေ့တွေကို ချိတ်ဆက်ဝယ်ယူ ဆောင်ရွက်ပေးထားပါတယ်။ လိုအပ်တဲ့နည်းပညာနဲ့ စိုက်နည်းစနစ်တွေကိုလဲ စနစ်တကျ ပံ့ပိုးဆောင်ရွက်ပေးထားပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် စိုက်ပျိုးမည့်မိုးစပါးများပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး၊ ရွှေခရုဖျက်ဆီးမှုမရှိစေရေးနှင့်အထွက်နှုန်း တိုးတက်စေရေးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ စနစ်တကျပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ မိုးစပါးလျာထား ၆၈၂၉၇ ဧကကို အောင်တပ်၊ လေ့ကြီးတက်၊ ငဝန်ဒေါင့်ကြီး၊ ဇီးဖြူကွင်း၊ မဲဇလီကွင်းပေါက်၊ ကွင်းကောက်စသည့် ကျေးရွာများတွင် အများဆုံး စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံမည့်အပြင်ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ရာ စပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# ပဲခူးမြို့နယ် ကျွဲဖီလာကျေးရွာ၌ ခေါင်းလျှော်ရည်၊ ဆပ်ပြာပြုလုပ်နည်း သင်တန်းဖွင့်

**ပဲခူး စက်တင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွဲဖီလာကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ခေါင်းလျှော်ရည်၊ ဆပ်ပြာပြုလုပ်နည်း သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပဲခူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်းက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက သင်တန်းဖွင့်လှစ်ဆောင်ရွက်ပေးခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော တာဝန်ရှိသူများက သင်တန်းသားများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ခေါင်းလျှော်ရည်၊ ဆပ်ပြာပြုလုပ်နည်းသင်တန်းကို ကျွဲဖီလာကျေးရွာမှ သင်တန်းသား၊ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းနည်းပြဆရာက ခေါင်းလျှော်ရည်၊ ဆပ်ပြာပြုလုပ်နည်းနှင့် ပတ်သက်သည့် သင်ခန်းစာများကို စာတွေ့၊ လက်တွေ့ဖြင့် စက်တင်ဘာ ၁၄ ရက်မှ စက်တင်ဘာ ၁၈ ရက်ထိ ၅ရက်ကြာ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အေးမြတ်**

# သွေးချင်းတို့ရဲ့မြေ

\- အသွင်တူ အသွေးလှမှ
မြင်သူငေးကြမယ်ပ့ါ
တွေးဆတော့ မြန်မာတွေ၊
ကမ္ဘာတွင်
စာတင်မဆုံးပါဘု
ရာဇဝင်မပြုန်းတာကြောင့်
သာလျှင်မမုန်းပါဘု
သက်ဆုံးတိုင် တူယှဉ်တွဲလို့
မပျက်ပြုံးလှိုင် ဇမ္ဗူတွင် အမြဲသာပ့ါ
တို့များ...
မခွဲပါပေ၊
တိုင်းရင်းသား တို့မျိုးဆွေ
သမိုင်းအမွေ တူစောင့်ထိန်း၊
တစ်အူထုံ့
ပူပုံကင်းကာ တစ်သွေးတစ်သားဖြစ်လို့
လေးစားရင်း ချစ်ကြည်
ဖြစ်တည်လာ သည်မြေနေ သည်ရေသောက်မို့
မသွေတစ်လျှောက်သာ ပေါင်းစည်းမပြတ်
ကောင်းချီးမလပ် စံဌာနီ
မှန်စွာအညီ အစီဖြန့်လို့
မြန်မာပြည် ကြည်သန့်ကာဖြင့်
တည်တံ့စွာ လက်တူချိတ်ကာပ့ါ
သွေးရင်းမို့လေ...
စိတ်ခတ်မယိမ်း။ ။

**မိုးမြင့်မေ (သ.က.ဟ.အ)**

# မလှိုင်မြို့နယ် ရွာသစ်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**မလှိုင် စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေများဖြင့် စိုက်ပျိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ရွာသစ်ကျေးရွာ၌ ကျေးရွာစီမံကိန်း ကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၂ ဒသမ ၄ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း အမှန်တကယ်လိုက်နာ ဆောင်ရွက်ထားမှု ရှိ၊ မရှိ အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှု စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရွာသစ်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ စုစုပေါင်း ၁၁၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၂ ဒသမ ၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# နိုင်ငံတကာ သတင်းများ

## အိန္ဒိယဝန်ကြီးချုပ် မိုဒီ မဏိပူရပြည်နယ်သို့ရောက်ရှိ

**ဒေလီ စက်တင်ဘာ ၁၄**

မဏိပူရပြည်နယ်၌ ငြိမ်းချမ်းမှု တည်ဆောက်ကြရန် အိန္ဒိယဝန်ကြီးချုပ် မိုဒီက စက်တင်ဘာ ၁၃ ရက်တွင် မေတ္တာရပ်ခံခဲ့ကြောင်း သိရသည်။

မဏိပူရပြည်နယ်၌ အကောင်အထည်ဖော်မည့် အမေရိကန်ဒေါ်လာ တစ်ဘီလီယံနီးပါးတန်ဖိုးရှိ စီမံကိန်းများကို တရားဝင်ကြေညာချိန်တွင် အိန္ဒိယဝန်ကြီးချုပ်က အဆိုပါအတိုင်း မေတ္တာရပ်ခံခဲ့ခြင်းဖြစ်သည်။

မဏိပူရ ပြည်နယ်သည် လူပေါင်း ၂၆၀ သေဆုံးခဲ့ရသည့် လူမျိုးရေးပဋိပက္ခများ ၂၆ နှစ်ကြာမျှဖြစ်ပွားခဲ့သည့် ပြည်နယ်ဖြစ်သည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် အဆိုပါလူမျိုးရေး ပဋိပက္ခများ ဖြစ်ပွားခဲ့ပြီးနောက် မဏိပူရပြည်နယ်သို့ စက်တင်ဘာ ၁၃ ရက်တွင် ရောက်ရှိခဲ့ခြင်းဖြစ်သည်။

မဏိပူရပြည်နယ် ခရီးစဉ်အတွင်း အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် အမေရိကန်ဒေါ်လာ ၈၆၃ သန်းတန်ဖိုးရှိ အခြေခံအဆောက်အအုံ စီမံကိန်းများကို ဖွင့်လှစ်ပေးခဲ့သည်။

အိန္ဒိယအစိုးရ အနေဖြင့် မဏိပူရပြည်နယ်၌ ငြိမ်းချမ်းမှု ပြန်လည် ထိန်းသိမ်းရေးအတွက် အစွမ်းကုန် ကြိုးပမ်းမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO



## တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ချိုယွန် တရုတ်နိုင်ငံသို့ သွားရောက်ဖွယ်ရှိ

**ဆိုးလ် စက်တင်ဘာ ၁၄**

တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးချိုယွန်သည် ယခုရက်သတ္တပတ်အတွင်း တရုတ်နိုင်ငံသို့ သွားရောက်၍ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း တောင်ကိုရီးယားမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ချိုယွန်အနေဖြင့် တရုတ်နိုင်ငံခရီးစဉ်ကို စက်တင်ဘာ ၁၇ ရက်တွင် စတင်ဖွယ်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံ ခရီးစဉ်အတွင်း နိုင်ငံခြားရေးဝန်ကြီး ချိုယွန်အနေဖြင့် တောင်ကိုရီးယား၌ကျင်းပမည့် အာရှပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ အေပက်(APEC) ထိပ်သီးညီလာခံ သို့ တရုတ်သမ္မတ ရှီကျင့်ဖျင် တက်ရောက်ရေးအတွက် ဆွေးနွေးဖွယ် ရှိကြောင်း တောင်ကိုရီးယား မီဒီယာများက သတင်းထုတ်ပြန် ထားသည်။

နိုင်ငံခြားရေးဝန်ကြီး ချိုယွန်၏ တရုတ်ခရီးစဉ်သတင်းနှင့်ပတ်သက်၍ တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက တစ်စုံတစ်ရာ တုံ့ပြန်မှု မရှိသေးကြောင်း သိရသည်။

လာမည့်အောက်တိုဘာ ၃၁ ရက်တွင် ဂျောင်ဂျူးမြို့၌ ကျင်းပမည့် အေပက်(APEC) ထိပ်သီးညီလာခံသို့တက်ရောက်ရန် တရုတ်သမ္မတ ရှီကျင့်ဖျင်ကို တောင်ကိုရီးယား သမ္မတ လီဂျေးမြောင်က ဖိတ်ကြားထားသည်။

အဆိုပါ အေပက်(APEC) ထိပ်သီးညီလာခံသို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်လည်း တက်ရောက်ဖွယ် ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## တောင်တရုတ်ပင်လယ်ဒေသ၌ ရန်စမှုများရပ်တန့်ရန် ဖိလစ်ပိုင်ကို တရုတ်သတိပေး




**ပေကျင်း စက်တင်ဘာ ၁၄**

တောင်တရုတ်ပင်လယ်ဒေသ၌ ပုံမှန်ရေပြင်ဝေဟင်ကင်းလှည့်မှုများ ပြုလုပ်ခဲ့ကြောင်း တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် (ပီအယ်လ်အေ) အရှေ့ဘက်စစ်ဒေသစစ်ဌာနချုပ်က ယနေ့တွင် ကြေညာချက် ထုတ်ပြန်ထားသည်။

ယင်းအပြင် တောင်တရုတ်ပင်လယ်ဒေသ၌ ရန်စမှုများရပ်ဆိုင်းရန်လည်း တရုတ်တပ်မတော်၏ အဆိုပါကြေညာချက်၌ ဖိလစ်ပိုင်ကို သတိပေးထားသည်။

တရုတ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် တောင်တရုတ်ပင်လယ်ဒေသ၌ နယ်မြေပိုင်ဆိုင်ခွင့် အငြင်းပွားနေကြသည့် နိုင်ငံများဖြစ်ကြသည်။

ဖိလစ်ပိုင်နိုင်ငံ၏တောင်တရုတ်ပင်လယ် အထူးစီးပွားရေးဇုန်အတွင်း အမေရိကန်၊ ဂျပန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့က ပင်လယ်ရေကြောင်း ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ခဲ့ပြီးနောက် တရုတ်တပ်မတော်၏ သတင်းထုတ်ပြန်ချက်ပေါ်ထွက်လာခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ အနေဖြင့် တောင်တရုတ် ပင်လယ်ဒေသ၌ တင်းမာမှုများ မြင့်တက်လာစေမည့် ရန်စမှုများချက်ချင်းရပ်ဆိုင်းရမည်ဖြစ်ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

နှစ်စဉ်ကမ္ဘာ့ပင်လယ်ရေကြောင်း ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ သုံးထရီလီယံ နှစ်စဉ်ဖြတ်သန်းနေသောရေလမ်းကြောင်းများတည်ရှိရာ တောင်တရုတ်ပင်လယ်ဒေသတစ်ခုလုံး နီးပါးကို တရုတ်နိုင်ငံက ပိုင်ဆိုင်ခွင့် တောင်းဆိုထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဇာပက်ဒ်- ၂၀၂၅ ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ဇာကွန်ဟိုက်ပါဆိုးနစ်ဒုံးကျည် ရုရှားပစ်လွှတ်

**မော်စကို စက်တင်ဘာ ၁၄**

ဇာပက်ဒ်-၂၀၂၅ စစ်ရေးလေ့ကျင့်မှုများပြုလုပ်စဉ် ရုရှားတပ်မတော်သည် ဇာကွန် အမျိုးအစား ဟိုက်ပါဆိုးနစ်ဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဘာရင်းပင်လယ်ဒေသ၌ ပြုလုပ်ခဲ့သည့် ဇာပက်ဒ်-၂၀၂၅ စစ်ရေးလေ့ကျင့်မှုများအတွင်း ဇာကွန်ဟိုက်ပါဆိုးနစ်ဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ စမ်းသပ်မှုအတွင်း ဇာကွန်ဟိုက်ပါဆိုးနစ် ဒုံးကျည်သည် ပစ်မှတ်ကို တိုက်ရိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း ယူကရိန်းကို တိုက်ခိုက်ရာတွင် ဇာကွန်ဒုံးကျည်ကို ပထမဆုံးအကြိမ်အသုံးပြုခဲ့ဖူးသည်။

ဇာကွန် အသံထက်မြန်နှုန်းလွန် ဟိုက်ပါဆိုးနစ်ဒုံးကျည်များသည် အသံ၏မြန်နှုန်းထက် ရှစ်ဆသို့မဟုတ် တစ်နာရီကီလိုမီတာ ၉၉၀၀ခန့်နှုန်းဖြင့် ပျံသန်းနိုင်သောဒုံးကျည်ဖြစ်သည်။

ရုရှားနှင့် ဘယ်လာရုစ်နိုင်ငံတို့သည် နှစ်စဉ်ပြုလုပ်မြဲ နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုဖြစ်သည့် ဇာပက်ဒ်-၂၀၂၅ စစ်ရေးလေ့ကျင့်မှုကို စက်တင်ဘာ ၁၂ ရက်တွင် စတင်ခဲ့ကြောင်း သိရသည်။


Ref : RT

Trs : KKO

## စပိန်နိုင်ငံ၌ အဆောက်အအုံတစ်လုံး ပေါက်ကွဲမှုဖြစ်ပွား တစ်ဦးသေဆုံး၍ ၂၅ ဦး ဒဏ်ရာရရှိ

**မက်ဒရစ် စက်တင်ဘာ ၁၄**

စပိန်နိုင်ငံ မက်ဒရစ်မြို့ အဆောက်အအုံတစ်လုံး၌ စက်တင်ဘာ ၁၃ ရက်က ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ လူတစ်ဦးသေဆုံး၍ ၂၅ ဦး ဒဏ်ရာများရရှိခဲ့သည်။



အဆိုပါ အဆောက်အအုံ၌ ဖြစ်ပွားခဲ့သည့် ပေါက်ကွဲမှုသည် ဓာတ်ငွေ့ပေါက်ကွဲမှု ဖြစ်နိုင်ကြောင်း စပိန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် ပေါက်ကွဲမှု ဖြစ်ပွားရခြင်း၏ နောက်ခံအကြောင်းရင်းကို တိတိကျကျ သိရှိနိုင်ရေးအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေဆဲဖြစ်ကြောင်း ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

စက်တင်ဘာ ၁၃ ရက် ပေါက်ကွဲမှုသည် သုံးထပ်အဆောက်အအုံ၏ မြေညီထပ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ပေါက်ကွဲမှုကြောင့် ကော်ဖီဆိုင်တစ်ဆိုင်၊ ကုန်စုံဆိုင်တစ်ဆိုင်နှင့် အခြားပိုင်ဆိုင်မှုများ ပျက်စီးခဲ့ရကြောင်း စပိန်ရဲတပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ အဆောက်အအုံသည် မက်ဒရစ်မြို့တောင်ပိုင်း ဗပန်လီကတ်စ်ခရိုင်၌ တည်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## အင်ဒိုနီးရှားဆက်သွယ်ရေးဂြိုဟ်တုတစ်စင်းကို စပေ့စ်အိတ်ကုမ္ပဏီ လွှတ်တင်



**ဝါရှင်တန် စက်တင်ဘာ ၁၄**

အမေရိကန်အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် အင်ဒိုနီးရှားဆက်သွယ်ရေး ကုမ္ပဏီတစ်ခု၏ ဆက်သွယ်ရေး ဂြိုဟ်တုသစ်ကို စက်တင်ဘာ ၁၂ ရက်တွင် ဖယ်လ်ကွန်- ၉ ဒုံးပျံဖြင့် လွှတ်တင်ပေးခဲ့ကြောင်း စက်တင်ဘာ ၁၃ ရက် သတင်းများအရ သိရသည်။

နူဆန်တာရာလီမာအမည်ရှိ အထက်ပါ ဆက်သွယ်ရေး ဂြိုဟ်တုကိုသယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

လွှတ်တင်ပြီး ၂၇ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ထိပ်ဖူးအဆင့် ဒုံးယာဉ်သည် နူဆန်တာရာကီမာ ဂြိုဟ်တုကို ကြားခံပတ်လမ်း တစ်ခုပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

၎င်းဂြိုဟ်တုသည် အထက်ပါ ကြားခံပတ်လမ်းမှတစ်ဆင့် ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၂၂၀၀၀ ကျော်အကွာတွင် တည်ရှိသော ပတ်လမ်းပေါ်သို့ ဆက်လက်တက်ရောက်မည်ဖြစ်သည်။

နူဆန်တာရာလီမာဂြိုဟ်တုသည် အထက်ပါပတ်လမ်းပေါ်တွင် စမ်းသပ်မှုများ ပြုလုပ်ပြီးနောက် ၂၀၂၆ ခုနှစ်တွင် ဆက်သွယ်ရေးဝန်ဆောင်မှုများ ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## နေ၏လေထုလွှာပေါက်ကွဲမှုများကြောင့် နေမီးလျှံများ၏အပူချိန် မူလခန့်မှန်းထားသည်ထက် ပိုမိုမြင့်မား

**အီဒင်ဘတ် စက်တင်ဘာ ၁၄**


နေ၏လေထုလွှာပေါက်ကွဲမှုများကြောင့် ပေါ်ထွက်လာသည့် နေမီးလျှံများ၏ အပူချိန်သည် မူလတွေး ထင်ထားသည်ထက် ပိုမိုမြင့်မားကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ စက်တင်ဘာ ၁၃ ရက်တွင် ရေးသားဖော်ပြထားသည်။

နေမီးလျှံများကြောင့် နေ၏လေထုလွှာအတွင်းရှိ အီလက်ထရွန်နစ်အိုင်ယွန်မှုန်များ၏ အပူချိန်မှာ ဒီဂရီဆဲလ်စီးယစ် သန်း ၆၀ (ဒီဂရီဖာရင်ဟိုက် ၁၀၈ သန်း)ထိ ရှိလာတတ်ကြောင်း စကော့တလန်နိုင်ငံ စိန့်အင်ဒရူးတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

စကော့တလန်သိပ္ပံပညာရှင်များ တွက်ချက်ထားသည့် အထက်ပါ အပူချိန်ပမာဏသည် မူလခန့်မှန်းခဲ့ကြသည်ထက် ပိုမြင့်မားသည်။

နေမီးလျှံများကြောင့် နေလေထုလွှာရုပ်မှုန်များ၏ အပူချိန်မှာ ဒီဂရီဆဲလ်စီးယပ် ၁၀ သန်းနှင့် သန်း ၄၀ ကြားရှိလာနိုင်ကြောင်း ရှေးယခင်က ခန့်မှန်းခဲ့ကြသည်။

စကော့တလန်သိပ္ပံပညာရှင်များသည် နေမျက်နှာပြင်စွမ်းအင်ပေါက်ကွဲမှုများကို ကွန်ပျူတာစံပြုပုံစံများဖြင့် လေ့လာပြီးနောက် နေလေထုလွှာရုပ်မှုန်များ၏အပူချိန်ကို တွက်ချက်ခဲ့ကြခြင်းဖြစ်သည်။



မိမိတို့၏လေ့လာတွေ့ရှိချက်အရ နေမီးလျှံများကြောင့် နေလေထုလွှာရုပ်မှုန်များအနက် အီလက်ထရွန်နစ်များ၏ အပူချိန်မှာ ဒီဂရီဆဲလ်စီးယပ်စ် ၁၀ သန်းနှင့် ၁၅ သန်းကြားထိ မြင့်တက်လာနိုင်ပြီး အိုင်ယွန်မှုန်များမှာ ဒီဂရီဆဲလ်စီးယပ်စ် သန်း ၆၀ ထိမြင့်တက်လာနိုင်သည်ကို တွေ့ရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## ဒိုင်နိုဆောဥကျောက်ဖြစ်ရုပ်ကြွင်းများ၏ သက်တမ်းကို အဏုမြူနာရီနည်းပညာသစ်ဖြင့် ခန့်မှန်းနိုင်ခဲ့

**ပေကျင်း စက်တင်ဘာ ၁၄**

တရုတ်နိုင်ငံ အလယ်ပိုင်းတွင် တူးဖော်တွေ့ရှိထားသည့် ဒိုင်နိုဆောဥများ၏သက်တမ်းကို သိပ္ပံပညာရှင်များက အဏုမြူနာရီနည်းပညာသစ်ဖြင့် တိကျစွာခန့်မှန်းနိုင်ခဲ့ကြောင်း စက်တင်ဘာ ၁၃ ရက် သတင်းများအရ သိရသည်။

အဏုမြူနာရီနည်းပညာဖြင့် လေ့လာချက်အရ အထက်ပါ ဒိုင်နိုဆောများ၏ သက်တမ်းမှာ နှစ်ပေါင်း ၈၆ သန်းခန့်ရှိပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဒိုင်နိုဆောဥများ၏ သက်တမ်းကို နည်းပညာသစ်ဖြင့် တိကျစွာ ခန့်မှန်းနိုင်မှုကြောင့် တရုတ်နိုင်ငံ ယုန်ယန်းမြစ်ဝှမ်း လွင်ပြင်ဒေသ၌ တစ်ချိန်သောအခါက ဒိုင်နိုဆောများ မည်သို့ရှင်သန်ခဲ့ပုံကို လေ့လာရာတွင် အထောက်အကူပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။

၎င်းဒိုင်နိုဆောဥများ၏ သက်တမ်းကို ခန့်မှန်းရာတွင် တရုတ်နိုင်ငံ အလယ်ပိုင်း ချင်းလောင်ကျန်း ကျောက်ဖြစ်ရုပ်ကြွင်းနယ်မြေ၌ တူးဖော်တွေ့ရှိခဲ့သည့် ၎င်းဒိုင်နိုဆောဥကျောက်ဖြစ်ရုပ်ကြွင်းများသည် ခရီတေးစီးယပ်စ် ဘူမိခေတ်နှောင်းပိုင်းမှ ဒိုင်နိုဆောမျိုးစိတ်တစ်မျိုး၏ ဥများဖြစ်ကြကြောင်း သိရသည်။

သိပ္ပံပညာရှင်များသည် U-Pd ခေါ် နည်းပညာကို အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်သိပ္ပံပညာရှင်များ၏ အဆိုပါ U-Pd ခေါ် နည်းပညာသည် ကျောက်ဖြစ်ရုပ်ကြွင်းများ၏ သက်တမ်းကို တိကျစွာတိုက်ရိုက် ခန့်မှန်းပေးနိုင်သော နည်းပညာဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## သွေးကျဲဆေးများကို ဗိုက်တာမင်ကေနှင့် တွဲမသောက်ရန် သုတေသနပညာရှင်များ သတိပေး

**လန်ဒန် စက်တင်ဘာ ၁၄**

လေဖြတ်မှု ကာကွယ်ရေးအတွက် သွေးကျဲဆေးများသုံးစွဲနေရသူများအနေဖြင့် ၎င်းသွေးကျဲဆေးများကို ဗိုက်တာမင်ကေဖြည့်စွက်ဆေးကဲ့သို့ အခြားဖြည့်စွက်ဆေးများနှင့် တွဲသောက်ရန် သုတေသနပညာရှင်များက သတိပေးထားကြောင်း စက်တင်ဘာ ၁၃ ရက်သတင်းများတွင် ရေးသားတင်ပြထားသည်။

နှလုံးရောဂါဖြစ်နိုင်ခြေမြင့်မားသူများသည် သွေးကြောများအတွင်း သွေးခဲများပေါ်ထွက်မှုကို တားဆီး ကာကွယ်ရေးအတွက် သွေးကျဲဆေးများသုံးစွဲကြရသည်။

သို့ရာတွင် ဗြိတိန်သုတေသပညာရှင်များ၏အဆိုအရ သွေးကျဲဆေးများကို အချို့သောဗိုက်တာမင်အားဖြည့်ဆေးများနှင့် တွဲသောက်ပါက အန္တရာယ်များသည့် ဘေးထွက်ဆိုးကျိုးများပေါ်လာနိုင်ကြောင်း သိရသည်။

အထူးသဖြင့် သွေးကျဲဆေးများကို ဗိုက်တာမင်ကေ အားဖြည့်ဆေး၊ အိုမီဂါ-၃ ဖက်တီးအက်စစ်အားဖြည့်ဆေးများနှင့် တွဲမသောက်သင့်ကြောင်း သုတေသနပညာရှင်များက သတိပေးထားသည်။

သုတေသနပြုလုပ်ချက်ရလဒ်များအရ ဗိုက်တာမင်အားဖြည့်ဆေးများနှင့် တွင်းထွက်ဓာတ်အားဖြည့်ဆေးများသည် နှလုံးရောဂါနှင့်နှလုံးသွေးကြောရောဂါများအတွက်အကျိုးကျေးဇူးမရှိကြောင်း၊ အချို့အားဖြည့်ဆေးများဆိုလျှင် လူနာများသောက်သုံးနေသည့် ဆေးများအပေါ် ဆိုးကျိုးသက်ရောက်မှုရှိတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

## အိပ်ရေးဝဝအိပ်ရန် ရုန်းကန်နေကြရသူများ မှတ်ဉာဏ်နှင့်တွေးတောဆင်ခြင်နိုင်စွမ်း ကျဆင်းမှုပို၍ မြန်ဆန်လာတတ်

**ဝါရှင်တန် စက်တင်ဘာ ၁၄**

ညပိုင်း၌ အိမ်ရေးဝဝအိပ်စက်နိုင်ရန် ရုန်းကန်နေကြရသူများအနေဖြင့် အသက်ရလာချိန်တွင် မှတ်ဉာဏ်နှင့် တွေးတောဆင်ခြင်နိုင်စွမ်းကျဆင်းမှု ပို၍မြန်ဆန်လာတတ်ကြောင်း စက်တင်ဘာ ၁၃ ရက် သတင်းများအရ သိရသည်။

အမေရိကန်သုတေသနပညာရှင်များ၏လေ့လာတွေ့ရှိချက်အရ နာတာရှည်မအိပ်စက်နိုင်မှုပြဿနာ (Chronic insomnia) ရှိနေသူများသည် ဦးနှောက်စွမ်းဆောင်ရည်ကျဆင်းမှုရောဂါ(Dementia)ဖြစ်နိုင်ခြေ ၄၀ ရာခိုင်နှုန်း မြင့်တက်လာနိုင်သည်။

သီတင်းတစ်ပတ်လျှင် အနည်းဆုံး သုံးရက်၊ သုံးလတာကာလထိ အိပ်မရနိုင်မှုပြဿနာနှင့်ရင်ဆိုင်ရမှုကို Chronic insomnia အဖြစ် သုတေသနပညာရှင်များက သတ်မှတ်ထားကြောင်း သိရသည်။

အိပ်မရနိုင်မှုပြဿနာသည် ဦးနှောက် ကျန်းမာရေးအပေါ် ချက်ချင်းလက်ငင်း အကျိုးသက်ရောက်ခြင်းမရှိဘဲ ကာလကြာမြင့်လာသည်နှင့်အမျှ အကျိုးသက်ရောက်မှုရှိတတ်သည့် ပြဿနာမျိုးဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် ပျမ်းမျှအသက် ၇၀ အရွယ်ရှိလူပေါင်း ၂၇၅၀ တို့ကို ငါးနှစ်ကြာ အချိန်ယူလေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို ဖော်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# တိုက်စစ်မှူး ယာမယ် ဒဏ်ရာပြဿနာကြောင့် ဗလင်စီယာနှင့်ပွဲစဉ်ကို လွဲချော်မည်

**ဘာစီလိုနာ စက်တင်ဘာ ၁၄**

ဘာစီလိုနာအသင်း တိုက်စစ်မှူး ယာမယ်သည် စပိန်လက်ရွေးစင် အသင်းအတွက် ပါဝင်ကစားခဲ့သည့် နိုင်ငံတကာ ပြိုင်ပွဲကာလအတွင်း ဒဏ်ရာပြဿနာ ကြုံတွေ့ခဲ့သော ကြောင့် လာမည့် ဗလင်စီယာ အသင်းနှင့် ကစားရမည့် အမှတ်ပေး ပွဲစဉ်တွင် အသင်းအတွက် ပါဝင် ကစားနိုင်မည် မဟုတ်ကြောင်း နည်းပြဖလစ်က ပြောကြား ခဲ့သည်။

အသက် ၁၈ နှစ်ရှိ တိုက်စစ်မှူး ယာမယ်သည် စပိန်အသင်းနှင့် ဘူဂေးရီးယားအသင်းတို့ ကစား ခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် ဖန်တီးမှုတစ်ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး နောက် ပွဲကစားချိန် ၇၉ မိနစ်တွင် ဒဏ်ရာပြဿနာကြောင့် အသင်း ဖော်ကစားသမား ရိုဒရီဂွက်ဇ်နှင့် လူစားလဲထွက်ခွာခဲ့ရသည်။

သို့သော် ကစားသမားကို စပိန် အသင်းက တူကီယဲအသင်းနှင့် ပွဲစဉ်တွင် ထပ်မံအသုံးပြုခဲ့ရာ အသင်းအတွက် ဖန်တီးမှုနှစ်ကြိမ် ပြုလုပ်၍ ခြေစွမ်းပြကစားနိုင်ခဲ့ သော်လည်း ကြွခိုင်မှုလိုအပ်ချက် ကြောင့် ပွဲကစားချိန် ၇၃ မိနစ်တွင် လူစားလဲအနားပေးခဲ့သည်။

သို့သော်ဘာစီလိုနာအသင်းက ကစားသမား၏ ပေါင်ခြံဒဏ်ရာမှာ ကြွခိုင်မှုလိုအပ်ချက် ရှိနေသဖြင့် စွန့်စားအသုံးပြုလိုခြင်း မရှိသော ကြောင့် ဗလင်စီယာအသင်းနှင့် ကစားမည့် ပွဲထွက်လူစာရင်းမှ ချန်ထားခဲ့ကြောင်း သိရသည်။

နည်းပြဖလစ်က "ယာမယ်ဟာ နိုင်ငံအသင်းနဲ့ပွဲတွေမှာ ပွဲချိန် ၇၉ မိနစ်၊ ပွဲချိန် ၇၃ မိနစ်ထိ ပါဝင် ကစားပေးခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ အသင်းနဲ့ပူးပေါင်းချိန်မှာ ကစားသမားဟာ နာကျင်မှုဝေဒနာ ကြောင့် လေ့ကျင့်ရေးအစီအစဉ်မှာ ပါဝင်နိုင်ခြင်းမရှိခဲ့ပါဘူး။ စပိန် အသင်းဟာ ကမ္ဘာ့အကောင်းဆုံး ဘောလုံးအသင်း တစ်သင်းဖြစ်ပါ တယ်။ ဒါပေမဲ့ ကစားသမားကို ဂရုစိုက်မှုမရှိတာကိုတော့ အရမ်း ဝမ်းနည်းမိပါတယ်"ဟု စနေနေ့က ပြုလုပ်ခဲ့သည့် သတင်းစာ ရှင်းလင်းပွဲတွင် ထုတ်ဖော်ပြော ကြားခဲ့ကြောင်း သိရသည်။

**Ref : Espn**
**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- တိုက်စစ်မှူးနေမာသည် ဘရာဇီးအသင်း၏ အဓိက ကစား သမားတစ်ဦးဖြစ်သည့်အတွက် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ ၎င်း၏ ကြံ့ခိုင်မှုနှင့်ပတ်သက်၍ အကောင်းဆုံးပုံစံရရှိအောင် ကြိုးပမ်းရမည်ဖြစ်ကြောင်း နည်းပြ အန်ဆယ်လော့တီက ပြောကြားခဲ့သည်။
- ပဲလေ့စ်အသင်းနည်းပြ ကလက်စ်နာက မိမိအနေဖြင့် ခံစစ် ကစားသမားဂူဟီကို အသင်းမှထွက်ခွာသွားအောင် ဘယ်တော့မှ ခြိမ်းခြောက်မှု ပြုလုပ်ခဲ့ခြင်းမရှိကြောင်း ပြောကြားခဲ့ပြီး ၎င်းအနေဖြင့် အဆိုပါအပြောင်းအရွှေ့ကို ဆန့်ကျင်တားဆီးခဲ့ သည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။
- ဘိုလော့ဂ်နာအသင်းနှင့် ကစားမည့်ပွဲစဉ်တွင် တောင်ပံကစား သမား လီအိုမှာ ဒဏ်ရာအခြေအနေ သက်သာခြင်းမရှိသည့် အတွက် စွန့်စားအသုံးပြုမည်မဟုတ်ကြောင်း အေစီမီလန် အသင်းနည်းပြ အယ်လီဂရီက အတည်ပြုထုတ်ပြန်ခဲ့သည်။

**ML**

# ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲ ပြိုင်ဘက်အသင်းတိုင်းကို ဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် ဘိုင်ယန်မြူးနစ်အသင်းမှ ဟယ်ရီကိန်း မှတ်တမ်းဝင်

**ဘာလင် စက်တင်ဘာ ၁၄**



ဘိုင်ယန်မြူးနစ် အသင်း တိုက်စစ်ကစားသမား ဟယ်ရီကိန်း သည် ဘိုင်ယန်မြူးနစ်အသင်းနှင့် ဟမ်းဘတ်အသင်းတို့ ကစားခဲ့ သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ဂျာမန် ဘွန်ဒက်လီဂါပြိုင်ပွဲတွင် ပြိုင်ဘက်အသင်းတိုင်းကို ဂိုးသွင်း ယူနိုင်ခဲ့သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က စပါး အသင်းမှ ဘိုင်ယန်မြူးနစ်အသင်း သို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီ တိုင်းတွင် အကောင်းဆုံး ခြေစွမ်း ပြသနိုင်ခဲ့ကာ စံချိန်မှတ်တမ်း ကောင်းများကို ပိုင်ဆိုင်ခဲ့သူဖြစ်ပြီး ယခုအခါတွင်လည်း မှတ်တမ်း ကောင်းတစ်ရပ်ကို ထပ်မံပိုင်ဆိုင်ခဲ့ ခြင်းဖြစ်သည်။

ဟယ်ရီကိန်းသည် ဟမ်းဘတ် အသင်းဘက်သို့ နှစ်ဂိုးသွင်းယူနိုင် ခဲ့ပြီးနောက် ဂျာမန်ဘွန်ဒက်လီဂါ ပြိုင်ပွဲတွင် အသင်း ၂၀ ကို ဂိုးသွင်း ယူနိုင်ခဲ့ပြီး ပြိုင်ဘက်အသင်းတိုင်း ကို ဂိုးသွင်းယူနိုင်ခဲ့သည့် ကစား သမားအဖြစ် မှတ်တမ်းကောင်း တစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ ဟမ်းဘတ်အသင်း နှင့်ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့သည့် ဘိုင်ယန်မြူးနစ်အသင်းမှ ဒီယက် သည်လည်း ရစ်ဇီတယ်လီ၊ လူကာ တိုနီနှင့် မန်ဇူကစ်တို့နောက်ပိုင်း အသင်း သမိုင်းတစ်လျှောက် ရာသီအစ အဖွင့် သုံးပွဲဆက် ဂိုးသွင်းယူနိုင်ခဲ့သည့်စတုတ္ထမြောက် ကစားသမားအဖြစ် မှတ်တမ်းဝင် ခဲ့ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**

# ရာသီအစ လေးပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခြင်းမရှိသည့် မှတ်တမ်းဆိုးကို အေဗီလာအသင်း ရရှိ

**လန်ဒန် စက်တင်ဘာ ၁၄**

အေဗီလာအသင်းသည် အဲဗာ တန်အသင်းကို ဂိုးမရှိသရေ ကစား နိုင်ခဲ့သည့် အမှတ်ပေးပွဲစဉ်အပြီး တွင် ဘောလုံးရာသီအစ လေးပွဲ ဆက်တိုက် ဂိုးသွင်းယူနိုင်ခြင်း မရှိသည့် မှတ်တမ်းဆိုးကို ပိုင်ဆိုင် ခဲ့သည်။

အေဗီလာအသင်းသည် ၁၉၈၇ ခုနှစ်က ရာသီအစ အဖွင့်ပွဲစဉ် လေးပွဲဆက်တိုက် ဂိုးသွင်းယူနိုင် ခြင်းမရှိသည့် မှတ်တမ်းဆိုးကို ပိုင်ဆိုင်ခဲ့ပြီးနောက် ယခုနှစ် ဘောလုံးရာသီတွင် အဖွင့်ပွဲစဉ် တွင် နယူးကာဆယ်အသင်းကို ဂိုးမရှိသရေ၊ ဘရန့်ဖို့ဒ်အသင်းကို တစ်ဂိုး ဂိုးမရှိ၊ ပဲလေ့စ်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ယခု အဲဗာတန်အသင်းနှင့်ပွဲစဉ် တွင်လည်း ဂိုးသွင်းယူနိုင်ခြင်း မရှိဘဲ သရေရလဒ်သာ ထွက်ပေါ်ခဲ့ သဖြင့် ရာသီအစလေးပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခြင်း မရှိသည့် မှတ်တမ်းဆိုးကို ထပ်မံရရှိခဲ့သည်။

အဲဗာတန်အသင်းနှင့်ပွဲစဉ်တွင် အေဗီလာအသင်းသည် ဘောလုံး ပိုင်ဆိုင်မှုအသာဖြင့် ကစားနိုင်ခဲ့ သော်လည်း ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှု တစ်ကြိမ် သာ ပြုလုပ်နိုင်ခဲ့ကာ တိုက်စစ်ပိုင်း ကိုဦးဆောင်လာသည့် အိုလီဝက် ကင်းကလည်း ဂိုးရရှိရန် စွမ်းဆောင် နိုင်ခြင်းမရှိခဲ့သဖြင့် လေးပွဲကစား ပြီးတွင် ရမှတ် နှစ်မှတ်သာ ရခဲ့ သဖြင့် အမှတ်ပေးဇယား အဆင့် (၁၉) သို့ရောက်ရှိခဲ့သည်။

အေဗီလာအသင်းသည် နည်းပြ အမ်မရီ တာဝန်ယူပြီးနောက်ပိုင်း ဥရောပပြိုင်ပွဲ စတင်ကစားခွင့်ရရှိ ခဲ့သော်လည်း ယခုနှစ်ဘောလုံး ရာသီတွင် အသင်းအတွက် နိုင်ပွဲ ရှာဖွေနိုင်ခြင်း မရှိခဲ့သောကြောင့် ပရိသတ်များ၏ ဝေဖန်မှုနှင့် ရင်ဆိုင်နေရသဖြင့် ဖိအားအောက် ကျရောက်နေပြီး လာမည့်ကြားရက် တွင်ကစားရမည့် ဘရန့်ဖို့ဒ်အသင်း နှင့် ကစားမည့် ကွာရာဘောင်း ဖလားပွဲစဉ်တွင် နိုင်ပွဲမရခဲ့ပါက နည်းပြအမ်မရီအတွက် မရေမရာမှု များရှိလာနိုင်ကြောင်း သိရသည်။

**Ref : Espn**
**Trs : ML**

# အာဆင်နယ်အသင်းခေါင်းဆောင် အိုဒီဂတ် ဒဏ်ရာပြဿနာကြောင့် လာမည့်ပွဲစဉ်များကို လွဲချော်မည်

**လန်ဒန် စက်တင်ဘာ ၁၄**



အာဆင်နယ် အသင်းက နော့တင်ဟမ်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် အသင်းခေါင်းဆောင် အိုဒီဂတ် သည် အသင်းဖော် ခံစစ်ကစား သမားတင်ဘာနှင့် ထိခိုက်မှုကြောင့် ပခုံးဒဏ်ရာ ထပ်မံရရှိခဲ့သဖြင့် လာမည့်ပွဲစဉ်များကို လွဲချော်နိုင် ကြောင်း သိရသည်။

အိုဒီဂတ်သည် အဆိုပါပွဲစဉ်တွင် ပွဲကစားချိန် ၁၈ မိနစ် အရောက် တွင် ပင်နယ်တီဧရိယာအစပ်မှ ပြိုင်ဘက်ကစားသမား ဂစ်ဗ်ဝှိုက်၏ ဘောလုံးကို ဟန့်တားရန်ကြိုးပမ်း ခဲ့ရာ အသင်းဖော်ခံစစ်ကစားသမား တင်ဘာနှင့် ထိခိုက်မိခဲ့ပြီး ပခုံး ဒဏ်ရာ ထပ်မံရရှိခဲ့သောကြောင့် တိုက်စစ်မှူး နဝမ်နာရီနှင့် လူစား လဲ ထွက်ခွာခဲ့ရသည်။

၎င်းသည် ဩဂုတ် ၂၃ ရက်က ကစားခဲ့သည့် လိဒ်ယူနိုက်အသင်း နှင့် ကစားခဲ့သည့်ပွဲစဉ်တွင်လည်း ပခုံးဒဏ်ရာကြောင့် ပြိုင်ပွဲမှ စောစီးစွာ ထွက်ခွာခဲ့ရပြီးနောက် အဆိုပါဒဏ်ရာကြောင့် လီဗာပူး အသင်းကို ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်တွင် ပါဝင်နိုင်ခြင်း မရှိခဲ့သော်လည်း ယခုပွဲစဉ်တွင် ပခုံးဒဏ်ရာ ထပ်မံ ရရှိခဲ့သဖြင့် ဒဏ်ရာဟောင်း ပြန်လည်ထိခိုက်မည်ကို အသင်း နည်းပြ အာတီတာက စိုးရိမ်လျက် ရှိနေကာ လာမည့်ပွဲစဉ်များကို လွဲချော်ဖွယ် ရှိနေကြောင်း သိရသည်။

အာဆင်နယ် အသင်းသည် လက်ရှိတွင် ဂျီးဆပ်၊ ကိုင်ဟာဗက်၊ နော်ဂတ်တို့အပြင် အိုဒီဂတ်ကိုပါ လက်လွှတ်ရမည်ဖြစ်သည့်အတွက် ကြားရက်တွင် ချန်ပီယံလိဂ်အုပ်စု အဖွင့်ပွဲစဉ်အဖြစ် ဘီလ်ဘာအို အသင်းနှင့်ပွဲစဉ်တွင် ဒဏ်ရာရ ကစားသမားများပြားလာမှုကြောင့် နိုင်ပွဲရရှိရန် ရုန်းကန်ရနိုင်ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : ML**

# Sao Paulo Open တင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲအဆင့်သို့ ဂျာနိုက်တီဂျန် တက်ရောက်




**ဆာပေါ်လို စက်တင်ဘာ ၁၄**

ဘရာဇီးနိုင်ငံ ဆာပေါ်လိုမြို့တွင်ကျင်းပနေသည့် Sao Paulo Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်တစ်ပွဲအဖြစ် အင်ဒိုနီးရှားတင်းနစ်မယ် ဂျာနိုက်တီဂျန်က ဖြိတိန်တင်းနစ်မယ် ဖရန်ဆက်ကာနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဂျာနိုက်တီဂျန်က (၇-၆ ၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျာနိုက်တီဂျန်သည် WTA တင်းနစ်ပြိုင်ပွဲ အမျိုးအစားတွင် ၂၃ နှစ်တာကာလအတွင်း ဗိုလ်လုပွဲအဆင့်သို့တက်ရောက်နိုင်ခဲ့သော ပထမဆုံးအင်ဒိုနီးရှားတင်းနစ်မယ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဂျာနိုက်တီဂျန်သည် ကမ္ဘာ့အဆင့် (၁၃၀) နေရာတွင် ရပ်တည်နေသည့် တင်းနစ်မယ်တစ်ဦးဖြစ်ပြီး ဖရန်ဆက်ကာအား ပထမပွဲငယ်တွင် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရသော်လည်း ဒုတိယပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

ဂျာနိုက်တီဂျန်က "ကျွန်မအတွက်တော့ ဂရန်းစလန်းတင်းနစ်ပြိုင်ပွဲမဟုတ်တဲ့ WTA တင်းနစ်ပြိုင်ပွဲမှာ ပထမဆုံးအကြိမ်ပါဝင် ယှဉ်ပြိုင်ခွင့်ရတာကို ဝမ်းမြောက်ဂုဏ်ယူပါတယ်။ ပါဝင်ခွင့်ရတာနဲ့တင် ဂုဏ်ယူရမယ့်အခြေအနေမှာ အပိုဆောင်းအနေနဲ့ ဗိုလ်လုပွဲအဆင့်ကို တက်ရောက်နိုင်ခဲ့တာ ပိုပြီးတော့ ဝမ်းမြောက် ဂုဏ်ယူရပါတယ်။ ဒီပြိုင်ပွဲပြီးတာနဲ့ နောက်ထပ်ပြိုင်ပွဲတစ်ရပ်ကို သွားရောက်ယှဉ်ပြိုင်ရမယ်။ ဗိုလ်လုပွဲနေ့မှာ ဘာတွေဖြစ်လာမလဲဆိုတာတော့ မပြောနိုင်သေးဘူး။အကောင်းဆုံး တော့ကြိုးစားသွားမယ် " ဟု ပြောကြားခဲ့သည်။

ဂျာနိုက်တီဂျန်သည် ဗိုလ်လုပွဲစဉ်တွင် ပြင်သစ်တင်းနစ်မယ် ရာကိုတိုမန်နာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Tennis 365**

**Trs : AZL**

# ထိပ်တန်းလက်ဝှေ့ကျော်များက သင်ကြားပေးမည့် မြန်မာ့ရိုးရာလက်ဝှေ့သင်တန်းဖွင့်လှစ်သွားမည်

**ရန်ကုန် စက်တင်ဘာ ၁၄**

မြန်မာ့ရိုးရာ လက်ဝှေ့ကလပ်ဖြစ်သည့် MFC မြန်မာ့ရိုးရာ လက်ဝှေ့ကလပ်က ကြီးမှူးပြီး မြန်မာထိပ်တန်း လက်ဝှေ့ကျော်များက သင်ကြားပေးမည့် မြန်မာ့ရိုးရာလက်ဝှေ့သင်တန်းကို ရန်ကုန်မြို့တွင် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

မျိုးဆက်သစ် လူငယ်မြန်မာ့ရိုးရာ လက်ဝှေ့ကစားသမားများ ပေါ်ထွက်လာစေရန် ဖွင့်လှစ်သင်ကြားသွားမည့် မြန်မာ့ရိုးရာ လက်ဝှေ့သင်တန်းကို နည်းပြများအဖြစ် မြန်မာပြည်အလွတ်တန်း ချန်ပီယံဟောင်း ဦးရွှေဝါထွန်း၊ ထိပ်တန်း လက်ဝှေ့ကစားသမားများကို မွေးထုတ်ပေးခဲ့သည့် ဦးသမိန်ရဲသွေး၊ မြန်မာ့ရိုးရာ လက်ဝှေ့အလွတ်တန်း ချန်ပီယံ မြန်မာပြည်ထိပ်တန်း လက်ဝှေ့သမား ထွန်းထွန်းမင်း၊ လူငယ်ထိပ်တန်း လက်ဝှေ့သမားများဖြစ်သည့် ထွန်းမင်းနိုင်၊ ထွန်းမင်းအောင်တို့က လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို အသက် ၁၀ နှစ်မှစတင်ပြီး ကျား၊မ မရွေး မည်သူမဆိုတက်ရောက်သင်ကြားနိုင်မည်ဖြစ်ပြီး သင်တန်းကြေးအဖြစ်တစ်လလျှင် ငွေကျပ်တစ်သိန်း သတ်မှတ်ထားပြီး သင်တန်းကာလ သုံးလအတွက် တစ်ပါတည်းပေးချေမည်ဆိုပါက ငွေကျပ်နှစ်သိန်းခွဲ သတ်မှတ်ထားခြင်းဖြစ်သည်။

အဆိုပါသင်တန်းကို MFC မြန်မာ့ရိုးရာလက်ဝှေ့ကလပ်သိမ်ဖြူလက်ဝှေ့ရုံ မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း 09402943351၊ 09787967229 တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

**STA**

# WBA (Super)၊ WBC ၊ IBF ၊ WBO စူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲစဉ်တွင် ခရောဖို့ဒ်က ဒိုင်အမှတ်ဖြင့် အနိုင်ရရှိ

**နီဗားဒါး စက်တင်ဘာ ၁၄**

WBA (Super)၊ WBC ၊ IBF ၊ WBO စူပါမစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံ စိန်ခေါ်ပွဲစဉ်အဖြစ် မက္ကဆီကို လက်ဝှေ့သမား ကာနယ်လိုသည် စိန်ခေါ်သူ အမေရိကန်လက်ဝှေ့သမား ခရောဖို့ဒ်နှင့် ယနေ့တွင် အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ်တွင် ထိုးသတ်ခဲ့ရာ ခရောဖို့ဒ်က ဒိုင်အမှတ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ဝှေ့လောက၏သမိုင်းဝင် စိန်ခေါ်ပွဲ တစ်ပွဲဖြစ်ပြီး ပြိုင်ဘက်ကင်းနေသည့် ကာနယ်လိုသည် ခရောဖို့ဒ်အား ရှုံးနိမ့်ခဲ့ပြီးနောက် မကျေပွဲလက်ခံရန် စိန်ခေါ်မှုပြုလုပ်ခဲ့သည်။

ခရောဖို့ဒ်သည် ဝယ်သာဝိတ်တန်းပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံတစ်ဦးဖြစ်သကဲ့သို့ လိုက်မစ်ဒယ်ဝိတ်တန်းသို့ ကူးပြောင်းခဲ့ရာတွင်လည်း WBA ၊ WBO လိုက်မစ်ဒယ်ဝိတ်တန်း ယာယီကမ္ဘာ့ချန်ပီယံ ခါးပတ်များအား ဆွတ်ခူးနိုင်ခဲ့သူလည်း ဖြစ်ပြီး လိုက်မစ်ဒယ်ဝိတ်တန်းမှ စူပါမစ်ဒယ်ဝိတ်တန်းသို့ ကူးပြောင်းခဲ့ပြီးနောက် ကာနယ်လိုအား စိန်ခေါ်မှုပြုလုပ်ခဲ့သူဖြစ်သည်။



ခရောဖို့ဒ်အတွက် ရှုံးပွဲမရှိ စံချိန်ဖြင့် စူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ခါးပတ်များအား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ကာနယ်လိုအား အနိုင်ရရှိခဲ့ခြင်းသည် ခရောဖို့ဒ်အတွက် စူပါမစ်ဒယ်ဝိတ်တန်းလောကတွင် ပြိုင်ဘက်ကင်းချန်ပီယံတစ်ဦး အနေဖြင့်လည်း ရပ်တည်ခွင့်ရရှိခဲ့သည်။

ခရောဖို့ဒ်က "ကာနယ်လိုဟာ ကြီးကျယ်ခမ်းနားတဲ့ ချန်ပီယံတစ်ယောက်ပါ။ ဒါပေမဲ့လဲ သူ့ရဲ့သရဖူကို ကျွန်တော်ချွတ်ယူနိုင်ခဲ့တယ်။ ကာနယ်လိုဟာ ပြိုင်ဘက်ကောင်း တစ်ယောက်လည်းဖြစ်ပါတယ်။ ကျွန်တော် သူ့အပေါ်မှာ လေးစားမှု အပြည့်ရှိပါတယ်။ တကယ့်ကို ချန်ပီယံတစ်ယောက်အနေနဲ့ ကျွန်တော့်ကိုယှဉ်ပြိုင်ခဲ့တာပါ။ အခုလို ကြီးကျယ်ခမ်းနားတဲ့ အောင်မြင်မှုအတွက် ကျွန်တော့်ရဲ့ နည်းပြအဖွဲ့ကို ကျေးဇူးတင်ပါတယ်။ သူတို့မပါဘဲ ကျွန်တော် အခုလို ဖြစ်လာမှာမဟုတ်ပါဘူး။ ကျွန်တော့်ကို အားပေးခဲ့ကြတဲ့ ပရိသတ်တစ်ဦး တစ်ယောက်ချင်းစီတိုင်းကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# PGA Procore Championship ပြိုင်ပွဲ အမှတ်ပေးဇယားကို ဘင်ဂျာမင် ဆက်လက်ဦးဆောင်

**ကယ်လီဖိုးနီးယား စက်တင်ဘာ ၁၄**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပနေသည့် PGA Procore Champion- ship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက် ကစားသမား ဘင်ဂျာမင်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၆ချက် လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားဂျက်ဆင်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး ကမ္ဘာ့အဆင့်(၁) ဂေါက်သီးရိုက်ကစားသမား စကော့တီ ရှက်ဖလာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

ဘင်ဂျာမင်အနေဖြင့် ပထမနေ့နှင့် ဒုတိယနေ့တို့တွင် ကစားနိုင်ခဲ့သော စွမ်းဆောင်ရည်မျိုးပြသနိုင်ခဲ့ခြင်းမရှိသော်လည်း ပထမနေ့နှင့် ဒုတိယနေ့ ရလဒ်များကြောင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ထားနိုင်ခဲ့ခြင်းဖြစ်သည်။

ဘင်ဂျာမင်က "စကော့တီရဲ့ တတိယနေ့ စွမ်းဆောင်ရည်က အရမ်းကို ကောင်းပါတယ်။ ဒါပေမဲ့လဲ ကျွန်တော်ကတော့ စကော့တီနဲ့ပတ်သက်ပြီး စိုးရိမ်မှုလုံးဝမရှိပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော် သူ့ထက်ပိုပြီးကောင်းအောင် ကစားထားနိုင်လို့ပါ။ နောက်ဆုံးနေ့မှာ ကျွန်တော့်အနေနဲ့ အစောပိုင်းနေ့တွေလိုသာ ကစားနိုင်မယ်ဆိုရင် ဆုဖလားကို ကျွန်တော်ပဲ ကိုင်မြှောက်ခွင့်ရမှာပါ။ လက်ရှိအနေအထားအရတော့ စကော့တီကပဲ ဗိုလ်စွဲဖို့ရေပန်းစားနေပါလိမ့်မယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**



# နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၃)တွင် ရှမ်းယူနိုက်တက်နှင့် ဒဂုံစတားအသင်းတို့ နိုင်ပွဲရရှိ

**ရန်ကုန် စက်တင်ဘာ ၁၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူး ကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၃)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ရှမ်းယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ နိုင်ပွဲရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ် (၃)ပွဲစဉ်များအဖြစ် ယနေ့ ညနေ ၃ နာရီခွဲက တောင်ကြီးမြို့ ပြည်နယ် အားကစားကွင်းတွင် ရှမ်းယူနိုက်တက် အသင်းနှင့် ရခိုင်ယူနိုက်တက် အသင်းတို့ ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၃ မိနစ်တွင် မက်ဆာကီ၊ မိနစ် ၆၀ တွင် နန္ဒကျော်နှင့် ပွဲချိန် မိနစ် ၉၀ တွင် ပက်ထရစ်ဒီယာတို့က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၄ နာရီက သုဝဏ္ဏ အားကစားကွင်းတွင် ဒဂုံစတားအသင်းနှင့် ရှော၀တီယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ဒဂုံစတားအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ဒဂုံစတားအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၇ မိနစ်တွင် အောင်သီဟ၊ ၆၅ မိနစ်တွင် ဆွမ်လမန်တို့က သွင်းယူပေးနိုင်ခဲ့ပြီး ရှော၀တီယူနိုက်တက် အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၂၄ မိနစ်တွင် ဝေယံထွန်းက သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

**STA**

# အခက်ကြီး အရိပ်မြိုင်

## မင်းယဉ်စု

"ပညာပြည့်ဝ၊ နှလုံးလှသော်
ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်
ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ
ပြီးနိုင်စွာ၏"။ ။

(မဃဒေဝ)

"ဟုတ်သောအကြံ၊ မှန်သောအကျင့်
သင့်သောအယူ၊ ဖြူသောနှလုံး
သူတော်ထုံးကို၊ စွဲသုံးသောတွေ မှန်လှစေ"။

(ရှင်မဟာရဋ္ဌသာရ)

ပညာရှိ သူတော်ကောင်းကြီးများ ရေးသားခဲ့တာ မှန်လိုက်တာဗျာ။ စာရေးသူ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂ ရက်ထုတ် စံတော်ချိန် သတင်းစာပါ "ဆရာ ဒေါက်တာ ခင်မောင်ညို"ရဲ့ ဆောင်းပါးကို ဖတ်လိုက်ရတော့မှပဲ တစ်သက်လုံး သိချင်ခဲ့သမျှ မသိခဲ့ရတာတွေကို ကွက်ကွက်ကွင်းကွင်း၊ ရှင်းရှင်းလင်းလင်းနဲ့ နှလုံးသွင်းမှန်သွားတော့တယ်။

စာရေးသူ သဃ်န်းကျွန်းမြို့နယ် စာရေးဆရာအသင်းမှာ အတွင်းရေးမှူးလုပ်နေတုန်းက "စာပေဟောပြောပွဲ"ကိစ္စစီစဉ်ရင်း ဆရာ့ကို သိကျွမ်းခင်မင်ခဲ့ဖူးပါတယ်။ အဲဒီတုန်းက ဆရာခင်မောင်ညို (ဘောဂဗေဒ) နဲ့ ဆရာဒေါက်တာခင်မောင်ညို ဆိုတဲ့ နာမည်ကျော် စာရေးဆရာကြီးနှစ်ဦးစလုံးကို ဟောပြောပေးဖို့ တစ်ပြိုင်တည်းဖိတ်ကြားခဲ့ပြီး စာရေးသူတို့ အသိုင်းအဝိုင်းမှာ ခေါ်ရလွယ်အောင် တစ်ဦးကို "ဘောညို"၊ တစ်ဦးကိုတော့ "ဒေါက်ညို" လို့ အတိုကောက် ခေါ်ခဲ့ကြပါတယ်။

အဲဒီဆရာ "ဒေါက်ညို (ဒေါက်တာ ခင်မောင်ညို)" ရေးတဲ့ "မြို့မဂီတအသင်း နှစ်(၁၀၀)ပြည့်"ဆောင်းပါးကို ဖတ်လိုက်မိတော့မှပဲ တစ်သက်လုံးသိချင်ခဲ့သမျှ သိခဲ့ရတော့တယ်ဗျာ။ အဲဒါက ဘာလဲဆိုတော့ "ဆရာမြို့မငြိမ်း" ရေးသားခဲ့တဲ့ "ရေချိုးဆိပ်" သီချင်းမှာပါတဲ့ "ဆပ်ပြာကိုဆဲတော့...ဖောင်စွန်းတိုင်ပင် ရေတွေ စဉ်ပါတယ်"ဆိုတဲ့ စာသားကလေးပါပဲ။

အဝတ်လျှော်နေတဲ့ အဘွားအိုက အဝတ်လျှော်နေရင်းနဲ့ ဘာ့ကြောင့် ဆပ်ပြာကို "ဆဲ"ရတာလဲ။ အဲဒီလို "ဆဲ"ရုံနဲ့ ရေတွေကကော ဘာဖြစ်လို့ ဖောင်ကို လာစဉ်ရတာလဲ။ ဆပ်ပြာ ရေထဲလွတ်ကျသွားလို့ "ဆယ်" တာရော မဖြစ်နိုင်ဘူးလား။ အဲဒီလို လှမ်း "ဆယ်"တော့မှ ရေတွေက ဖောင်ကိုလာစဉ်မှာပေ့ါ... လို့ အရင်ကတွေးနေမိတာ။

အခုကျမှ ဆရာ "ဒေါက်တာခင်မောင်ညို"က သူ့ဆောင်းပါးထဲမှာ မေးခွန်းရှင်ကို အကျိုးသင့် အကြောင်းသင့် ပြန်ရှင်းလင်းပြီး ပြောပြထားတာကို ဖတ်လိုက်ရတော့မှ ဘဝင်ကျတော့တယ်။ ဟုတ်သားပဲ။ အဲဒီတုန်းက စစ်ကြီးဖြစ်နေတဲ့ကာလလေ။ ဆပ်ပြာတွေရှားတယ်။ ပြာကနေလုပ်ရတဲ့ ပိုတက်ရှ် ဆပ်ပြာတွေကိုပဲ သုံးရတယ်။ အဲဒီဆပ်ပြာက အဝတ်တွေလျှော်ရင် ဖွပ်ရင် အမြှုပ်သိပ်မထွက်ဘူး။ ကြေးညှော်တွေ မစင်ဘူး။ ဒီတော့ အဘွားအိုက သုံးနေရတဲ့ ဆပ်ပြာကိုဆဲပြီး ဆောင့်ကြီးအောင့်ကြီးနဲ့ အဝတ်တွေကို လျှော်နေရတော့ ဖောင်စွန်းကို ရေတွေ စဉ်တော့တာပေ့ါ။

ဟုတ်လိုက်လေဗျာ ဆရာ "ဒေါက်ညို" ရာ။ ဆရာက ဆက်ရေးသွားသေးတယ်။ စာရေးဆရာတွေဟာ ယုတ္တိမရှိတာတွေကို မရေးပါဘူးတဲ့။ အထူးသဖြင့် သဘာဝနဲ့ဆိုင်တဲ့ သီချင်းတွေမှာ ယုတ္တိနဲ့ ရေးရပါတယ်တဲ့။ ဟုတ်ပ့ါ ဆရာရေ ဟုတ်ပ့ါ။ အခုမှပဲ အဟုတ်ပ မုချ ကျွန်တော် မှတ်မိသိရှိလိုက်ရပါပြီ။ ကျေးဇူးပါခင်ဗျာ။

ဩော် **သက်ကြီးစကား သက်ငယ်ကြား၊ တစ်ရက်ကြီးတော့ တစ်နည်းသာ** သတဲ့။ **"အခက်ကြီး အရိပ်မြိုင်၊ အသက်ကြီးတော့ အသိပိုင်"** သတဲ့။ ကိုယ်မမီ မကြုံတွေ့ မသိရှိခဲ့ရတဲ့ နှောင်းအတိတ်ဟိုဆီက အကြောင်းခြင်းရာတွေကို သိမီခဲ့သူတွေ ထံကတစ်ဆင့် ပြန်ပြန်ပြီးကြားရတာ ဗဟုသုတ အင်မတန်တိုးတယ်ဗျာ။

စာရေးသူမှာ ကြီးတော်ကြီး တစ်ယောက် ရှိတယ်။ ဘာရောဂါမှမရှိ ဘာဆေးမှ မသောက်ရဘဲနဲ့ အသက် ၁၀၃ နှစ် အရွယ်ကျမှ မီးစာကုန် ဆီခန်းပြီး ဆုံးသွားရှာတာ။

ဂျပန်ခေတ်တုန်းက အဲဒီကြီးတော်ကြီးက မီးရထားဘက်က စက်ဗိုလ်နဲ့ အိမ်ထောင်ကျပြီး လက်ပံတန်းမှာရှိတဲ့ မီးရထားအိမ်ထောင်သည်လိုင်းမှာနေတယ်။ အဲဒီလိုင်းထဲမှာ ရေတွင်းကြီးတစ်တွင်း ရှိတယ်။ အကြီးကြီးပဲ။ အဲဒီရေတွင်းကြီးမှာ လိုင်းထဲက လူတွေအားလုံး ရေချိုးလေ့ရှိကြတယ်။ ယောကျ်ားတွေရော မိန်းမတွေရောပေ့ါ။

အဲဒီမှာ ပြဿနာက ဂျပန်ခေတ်ဆိုတော့ တချို့ဂျပန်စစ်သားတွေက ရေလာလာချိုးကြတယ်။ သူတို့က ရေချိုးရင် ဘာအဝတ်မှမဝတ်ဘဲ ဒီအတိုင်း ကိုယ်လုံးတီးရေချိုးကြတော့ ရေတွင်းကုန်းမှာ ရောက်နေတဲ့ အမျိုးသမီးတွေအားလုံး မျက်စိရှက်ပြီး ထွက်ပြေးကြတာပေ့ါ။

အဲဒီမှာ စာရေးသူရဲ့ကြီးတော်ကြီးက အသက်က ၃၀ လောက်ရှိပြီ။ သူက ဂျပန်တွေကို **"မာစတာ... ဒီလိုမချိုးနဲ့"** ဆိုပြီး ပိတ်စအဖြူကလေးတွေနဲ့ ခါးဝတ်နံငယ်ပိုင်း **လန်ကွတ်တီ**ကလေးတွေကို ကိုယ်တိုင်ချုပ်ပေးတယ်။ အဲဒီဂျပန်တွေက ကြီးတော်ကြီးစကားနားထောင်ပြီး အဲဒီ **လန်ကွတ်တီ**တွေဝတ်ပြီး ရေချိုးတော့ အားလုံး အဆင်ပြေသွားကြတာပေ့ါ။

ဒါ သက်ကြီးစကား သက်ငယ်ကြားရတဲ့ အမှန်တရားတစ်ခုပါ။

တစ်ခါတစ်ခါကျတော့ ကိုယ်က မြန်မာဆိုပေမဲ့ မြန်မာစာဖတ်ပြီး မြန်မာလို နားမလည်တာတွေ အများကြီးရှိတယ်။ အထူးသဖြင့် ရှေးကဗျာလင်္ကာ စာပေတွေထဲမှာပေ့ါ။

နာမည်ကျော် စာရေးဆရာကြီးတစ်ဦးဖြစ်တဲ့ **ဆရာတက္ကသိုလ်ဘုန်းနိုင်**က နာမည်ကျော်အချစ်ဝတ္ထုကြီးတစ်ပုဒ် ရေးခဲ့တယ်။ သူ့အသက် ၃၅ နှစ် လောက်ကပေ့ါ။ ရှမ်းပြည်နယ်နောက်ခံ ရသဝတ္ထုတစ်ပုဒ် **"လွမ်းတေးမဆုံးစေနှင့်စောသခင်"** တဲ့။

အဲဒီဝတ္ထုကြီးမှာ ရှမ်းအနွယ်တော်ဝင် မြန်မာတစ်ဦးက ရှမ်းစော်ဘွားတစ်ဦးရဲ့ အစ်မတော် ရှမ်းမင်းသမီးတစ်ဦးနဲ့ ချစ်ကြိုးသွယ်မိကြတယ်။ တစ်နေ့ "မိုင်းပွန်" မှာရှိတဲ့ "နမ့်ပွန်ချောင်း" ကလေး နံဘေးမှာ ချစ်သူတို့ ဘာသာဘာဝ တွေ့နေကြတုန်း အဲဒီချောင်းထဲ ရေဆင်းချိုးကြတယ်။ ရေချိုးနေတုန်း ချစ်သူ ရှမ်းမင်းသမီးကလေးရဲ့ ရှုပကလျာ ရှုဖွယ်သာကိုမြင်တော့ စိတ်ကိုမထိန်းနိုင်တော့ဘဲ အမျိုးသားဖြစ်သူက နောက်ကနေ တစ်ကိုယ်လုံးကို သိမ်းကျုံးပွေ့ဖက်လိုက်တော့တယ်။

ရုတ်တရက် လန့်ဖျပ်သွားတဲ့ မင်းသမီးက သူ့ရင်စည်းကို ဆွဲမပြီး လက်နှစ်ဖက်ကို ယှက်ထားလိုက်ရတယ်။

ဒါကတစ်ပိုင်း... ။

တစ်ခါကျတော့ ရှမ်းပြည်နယ်တစ်နေရာမှာ နှစ်ဦးချင်းသာရှိခိုက် အမျိုးသားဖြစ်သူက ခုနက ချစ်သူ ရှမ်းမင်းသမီးလေးကို **"ပခန်းမင်းသားကြီး"** ရဲ့ **"ပန်းကြာဝတ်မှုန်"** ဆိုတဲ့ သီချင်းခံကြီးကို စောင်းတီးပြီး ဆိုပြနေတယ်။

"ပန်းကြာဝတ်မှုန် ရွှေဘုံနန်းကလေ...ညွတ်ရုံးဝန်းလည်... သုံးမည်ခ ရံရွှေလယ် ... ကြော့ နတ်နွယ်နွဲ့လမ်း... ခြူးဆင် ပန်းဝတ်ယှက်သန်း...သလွန်မြင့်မှန်း သိမ်းမြန်း... မြနန်းယုန်နှယ်... မှုန်းတယ် တိမ်ပုံ့ထက်ပိုင်း ... ရွှေလရိပ်သည်တိုင်း ... ခိုင်းဖွယ်နှိုင်းဖွယ်သာ... ရွှေရင်မှာ... ငွေသော်တာ...တစ်ခြမ်းဖြူလွှာ ... ပိတုန်းတောင်စာ... ပန်းလွှာရွှေရည်ဆန်သို့လေး..."

အဲဒီသီချင်းရဲ့ အဓိပ္ပာယ်ကို ရှမ်းမင်းသမီးက မသိတော့ အမျိုးသားဖြစ်သူကိုမေးတယ်။ ဇာတ်လိုက်ဖြစ်သူ အမျိုးသားက ပြန်ဖြေတယ်။

"ဒီသီချင်းရဲ့အဓိပ္ပာယ်က နည်းနည်းတော့ ခက်တယ်။ ဒါပေမဲ့ နမ့်ပွန်ချောင်းကလေးကတော့ သူ့ကိုသာဆိုပြရင် ချက်ချင်း သိသွားမှာပဲ"တဲ့။

ဇာတ်လိုက်ဖြစ်သူက သူ့ချစ်သူ ရှမ်းမင်းသမီးကို ဆက်ပြီးရှင်းပြနေတယ်။

"တိမ်တိုက်တွေက မှုန်ပြီးအုံ့နေတယ်။ တိမ်ဘုံထက်ကနေ လမင်းဟာ ရိပ်ခနဲ ခဏပေါ်လာပြီး ပြန်ငုပ်လျှိုးသွားတဲ့သဘော" တဲ့။

"ပြီးတော့ ပိတုန်းတောင်ဆိုတာက စိမ်းမြမြကလေး အကြောကလေးတွေ ယှက်သန်းနေတယ်"တဲ့။

"အဲဒီ စိမ်းမြတဲ့အကြောတွေ ယှက်ဖြာနေတဲ့ တစ်ခြမ်းဖြူလွှာကို တိမ်ရိပ်ကနေ လမင်းခဏ ပြက်ခနဲထွက်သလို ပိတုန်းတစ်တောင်စာပဲ လက်ခနဲ မြင်လိုက်ရတယ်"တဲ့။

"ဒါကြောင့် ဒီသီချင်းဟာ ချစ်သူချင်းမှ ရှင်းပြလို့ရတဲ့သီချင်း"တဲ့။

ကြည့်စမ်း ... ရေချိုးနေတုန်း ချစ်သူမိန်းကလေးရဲ့ ရွှေရင်လွှာကလေး တစ်ပိုင်းတစ်စကို တစ်ခဏလေး မြင်လိုက်ရတဲ့အကြောင်းတင်စားပြီး ရှင်းပြထားတာ ကောင်းလိုက်တာဗျာ။

ဟိုရှေးရှေးက သီချင်းခံကြီး တစ်ပုဒ်မှာပါတဲ့ ခဲရာခဲဆစ်တွေကို အနှစ်သာရရှိရှိ ရှင်းပြသွားတာ တော်လိုက်တာခင်ဗျာ။

ဒါကြောင့် ပြောတာပေ့ါ။ ပညာရှင်ကြီး "ညောင်ပင်သာ ဦးပုည"က ရေးသွားခဲ့သေးတယ်။

**"သုတရတနာ၊ သံပေါက်စာ၊ မှတ်ရာလူ့အမျိုး။**
**မှတ်သားမိသော်၊ အနှစ်ကျော်၊ ထင်ပေါ်**
**နွမ်းမညှိုး။**
**မီးရောင်၊ လရောင်၊ နေအရောင်ထက်၊**
**ဉာဏ်ရောင် လွှမ်း၍မိုး"**တဲ့။

စာရေးသူကတော့လေ စာကြောင့်ပဲဖြစ်ဖြစ်၊ ဘာကြောင့်ပဲဖြစ်ဖြစ် ကိုယ်မသိသေးတဲ့ အကြောင်းအရာတစ်ခုကို တိတိပပသိလာရပြီဆိုရင် အဲဒီလိုသိအောင် အသိပညာပေးတဲ့သူကို ကျေးဇူးတွေ တင်လိုက်တာ။

ဒါကြောင့်မို့ ကိုယ့်ထက် အသက်အားဖြင့်လည်းကောင်း၊ ဂုဏ်ဝါအားဖြင့်လည်းကောင်း၊ ပညာအရည်အချင်းအားဖြင့်လည်းကောင်း၊ အတွေ့အကြုံအားဖြင့်လည်းကောင်း ကြီးရင့်မြင့်မားသူတွေအားလုံးကို ရိုသေညွတ်ကျိုး ရှိခိုးကန်တော့လိုက်ရပါတယ် ကျေးဇူးကမ္ဘာပါခင်ဗျာ။

**❖ စာရေးဆရာတွေဟာ ယုတ္တိမရှိတာတွေကို မရေးပါဘူးတဲ့။ အထူးသဖြင့် သဘာဝနဲ့ဆိုင်တဲ့သီချင်းတွေမှာ ယုတ္တိနဲ့ ရေးရပါတယ်တဲ့။ ဟုတ်ပ့ါဆရာရေ ဟုတ်ပ့ါ။ အခုမှပဲ အဟုတ်ပမုချ ကျွန်တော် မှတ်မိသိရှိလိုက်ရပါပြီ။ ကျေးဇူးပါခင်ဗျာ။ ဩော် သက်ကြီးစကား သက်ငယ်ကြား၊ တစ်ရက်ကြီးတော့ တစ်နည်းသာသတဲ့။ "အခက်ကြီး အရိပ်မြိုင်၊ အသက်ကြီးတော့ အသိပိုင်"သတဲ့။ ကိုယ်မမီ မကြုံတွေ့ မသိရှိခဲ့ရတဲ့ နှောင်းအတိတ်ဟိုဆီက အကြောင်းခြင်းရာတွေကို သိမီခဲ့သူတွေထံကတစ်ဆင့် ပြန်ပြန်ပြီးကြားရတာ ဗဟုသုတအင်မတန် တိုးတယ်ဗျာ။ ❖**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတိမှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# SKYNET အခပေးရုပ်သံလိုင်း SKYPREMIER HD ရုပ်သံလိုင်းမှ အရှေ့ကိုလျှော့ကျပါလို့ရုပ်သံဇာတ်လမ်းတွဲကို စက်တင်ဘာ ၂၀ ရက်တွင် ပြသမည်




**ရန်ကုန် စက်တင်ဘာ ၁၄**

SKYNET အခပေး ရုပ်သံလိုင်း SKYPREMIER HD ရုပ်သံလိုင်းက အရှေ့ကိုလျှော့ကျပါလို့ မြန်မာ ရုပ်သံဇာတ်လမ်းတွဲကို စက်တင်ဘာ၂၀ရက်နေ့မှ စတင်ထုတ်လွှင့်ပြသပေးမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် အဓိက ဇာတ်ဆောင်အဖြစ် ပါဝင်ထားသူ သရုပ်ဆောင် မင်းတော်ဝင်ထံက သိရသည်။

အရှေ့ကို လျှော့ကျပါလို့ မြန်မာ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို အယ်လာ၊ မင်းတော်ဝင်က ရေးသားထားပြီး မင်းတော်ဝင်၊ ပိုင်စိုးသူမောင် က ဇာတ်ညွှန်း ရေးသားထားကာ ဒါရိုက်တာသံလွင်ဦးက တာဝန်ယူ ပုံဖော် ရိုက်ကူးပေးထားကြောင်းလည်း သိရသည်။

"အရှေ့ကို လျှော့ကျပါလို့ ဇာတ်လမ်းတွဲကတော့ ပရလောက၊ ဝိညာဉ်လောက ဇာတ်လမ်းတွဲ ဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲထဲမှာ သူ့ကိုယ်သူ အဆုံးစီရင်သွားသူ တစ်ယောက်။ ဒီလိုအဆုံးစီရင်ရ လောက်အောင် သူ့မှာဘယ်လို ပြဿနာတွေနဲ့ မွန်းကြပ်နေခဲ့ရတာလဲ သေဆုံးခါနီးအသက် ထွက်လုဆဲဆဲမှာ ရင်သွေးငယ်ရဲ့ ငိုသံသဲ့သဲ့က အသက်ရှင်သန်ချင်စိတ်ပေါ်လာခဲ့ပေမဲ့ အချိန်နှောင်းသွားတဲ့အခါ သားဇောစွဲလမ်းစိတ်နဲ့ ဝိညာဉ်ဖြစ်သွားသူ တစ်ယောက်။ အမုန်းတရားတွေ၊ အငြိုးတရားတွေကြား စွဲလမ်း ပိတ်မိနေတဲ့ ဝိညာဉ်တစ်ခုရဲ့ သနားကရုဏာသက်စရာ၊ ထိတ်လန့်ချောက်ချားစရာ၊ လွမ်းမောကြေကွဲစရာတွေအပြည့်နဲ့ ခံစားကြည့်ရှုကြရမှာပါ"ဟု သရုပ်ဆောင် မင်းတော်ဝင်က ပြောပြသည်။

အဆိုပါ အရှေ့ကိုလျှော့ကျပါလို့ မြန်မာရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ကျော်ထက်အောင်၊ မင်းတော်ဝင်၊ ဘုန်းသီရိကျော်၊ အဲလ်ဘတ်ပိုင်၊ ကောင်းဆက်၊ လှနုထွန်း၊ အယ်လာ၊ ဂွမ်းပုံကြီး၊ အေးသီတာ၊ ခရစ်ဝင်း၊ ခိုင်စုနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြပြီး SKYNET အခပေး ရုပ်သံလိုင်း SKYPREMIER HD ရုပ်သံလိုင်းမှ စက်တင်ဘာ ၂၀ ရက်မှစတင်ကာ အပတ်စဉ် သောကြာ၊ စနေ၊ တနင်္ဂနွေနေ့တိုင်း ညစဉ် ည ၈ နာရီ အချိန်တိုင်း ထုတ်လွှင့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# အကောင်းဆုံးနိုင်ငံတကာရုပ်ရှင်ဇာတ်ကားဆုအတွက် Orphan ဇာတ်ကားကို ဟန်ဂေရီတင်သွင်း

**နယူးယောက် စက်တင်ဘာ ၁၄**

ဇာကြိမ်မြောက် အော်စကာဆုပေးပွဲ အကောင်းဆုံးနိုင်ငံတကာ ရုပ်ရှင်ဇာတ်ကား အတွက် Orphan ဇာတ်ကားကို ဟန်ဂေရီနိုင်ငံက ရွေးချယ်တင်သွင်းထားကြောင်း စက်တင်ဘာ ၁၃ရက် သတင်းများအရ သိရသည်။

Orphan ဇာတ်ကားသည် ဟန်ဂေရီဒါရိုက်တာ လက်ဇ်စလိုနီးမက်စ်က တာဝန်ယူရိုက်ထားသည့် ဒရာမာဇာတ်ကားဖြစ်သည်။

Orphan ဇာတ်ကားသည် ကွန်မြူနစ်အစိုးရကို ပုန်ကန်မှုတစ်ရပ်ဖြစ်ပွားခဲ့ပြီးနောက် ဟန်ဂေရီနိုင်ငံဘူဒါပက်စ်မြို့၌ ဂျူးလူငယ်တစ်ဦးရင်ဆိုင်ခဲ့ရသည့် အဖြစ်အပျက်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

ယင်းဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာလက်ဇ်စလိုနီးမက်စ်က ပြင်သစ်ဇာတ်ညွှန်းရေးဆရာမ ကလာရာရိယာနှင့် ပူးတွဲရေးသားထားသည်။

Orphan ဇာတ်ကားကို ယခုနှစ်အတွင်း အီတလီနိုင်ငံ၌ ကျင်းပခဲ့သော ဗင်းနစ်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်၌ ပွဲဦးထွက်ပြသခဲ့ပြီးဖြစ်သည်။

ဇာကြိမ်မြောက် အကောင်းဆုံး နိုင်ငံတကာ ရုပ်ရှင်ဇာတ်ကားဆု ဆန်ခါတင်စာရင်းကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် ကြေညာမည်ဖြစ်သည်။

Ref : Russia Today

Trs : KKO



# တေးသံရှင်ဆုန်သင်းပါရ်၏ ချယ်ရီမြို့သို့တမ်းတခြင်း တေးဂီတဖျော်ဖြေပွဲကို သာကေတမြို့နယ်ရှိ ပါကြီးစားတော်ဆက်တွင် ပြုလုပ်သွားမည်




**ရန်ကုန် စက်တင်ဘာ ၁၄**

တေးသံရှင် ဆုန်သင်းပါရ်၏ ချယ်ရီမြို့သို့တမ်းတခြင်း တေးဂီတဖျော်ဖြေပွဲကို သာကေတမြို့နယ်ရှိ ပါကြီးစားတော်ဆက်တွင် ပြုလုပ်သွားမည် ဖြစ်ကြောင်း တေးသံရှင် ဆုန်သင်းပါရ် ထံက သိရသည်။

အဆိုပါ တေးသံရှင် ဆုန်သင်းပါရ် ၏ ချယ်ရီမြို့သို့တမ်းတခြင်း တေးဂီတဖျော်ဖြေပွဲတွင် ထင်ရှားသည့် တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်သည့် Old Flame Music Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးကူညီ တီးခတ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"လာမဲ့ စက်တင်ဘာ ၁၈ ရက် ပါကြီးစားတော်ဆက်မှာ Old Flame Music Band နဲ့အတူ ချယ်ရီမြို့သို့ တမ်းတခြင်းလို့ အမည်ပေးထားတဲ့ တစ်ကိုယ်တော် ဂီတဖျော်ဖြေပွဲရှိပါတယ်။ တောင်ပေါ်မြေနဲ့ သက်ဆိုင်တဲ့ သီချင်းလေးတွေကို သီးခြားရွေးထုတ်ပြီး ဖျော်ဖြေပေးသွားမှာပါ။ လာရောက်အားပေးကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် ဆုန်သင်းပါရ်က ပြောပြသည်။

တေးသံရှင် ဆုန်သင်းပါရ်၏ ချယ်ရီမြို့သို့တမ်းတခြင်း အမည်ရှိ တေးဂီတဖျော်ဖြေပွဲကို ပါကြီးစားတော်ဆက်တွင် စက်တင်ဘာ ၁၈ ရက် ညနေ ၆ နာရီတွင် စတင်ဖျော်ဖြေသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# Insidious ထိတ်လန့်သည်းဖိုဇာတ်ကားသစ်၌ လင်းရှာယီနှင့် အမ်မလီယာအက်ဗီ တို့ပါဝင်မည်

**နယူးယောက် စက်တင်ဘာ ၁၄**

ဆိုနီရုပ်ရှင်နှင့် Blumhouse တို့၏ Insidious ထိတ်လန့်သည်းဖိုဇာတ်ကားသစ်တွင် မင်းသမီး လင်းရှာယီနှင့် အမ်မလီယာ အက်ဗီ တို့ပါဝင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၁၃ ရက် သတင်းများအရသိရသည်။

Insidious ဇာတ်ကားသစ်ကို ဒါရိုက်တာ ဂျက်ကော့ချေ့စ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ဇာတ်ညွှန်းရေးဆရာ ဒေးဗစ်လက်စလီဂျွန်ဆင်နှင့်ပူးတွဲရေးသားထားသည်။

လက်ရှိအချိန်တွင် Insidious ဇာတ်ကား၌ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို Blumhouse ကုမ္ပဏီက လျှို့ဝှက်ထားဆဲဖြစ်ကြောင်း သိရသည်။

Insidious ဇာတ်ကားရိုက်ကူးရေးလုပ်ငန်းကို လာမည့်သီတင်းပတ်တွင် ဩစတြေးလျနိုင်ငံ၌ စတင်ရန် ထုတ်လုပ်သူများက စီစဉ်ထားသည်။


Insidious: The Red Door (2023) ဇာတ်ကားအကြီးအကျယ် အောင်မြင်ခဲ့ပြီးနောက် Insidious ဇာတ်ကားသစ်ဆက်လက်ရိုက်ကူးရန် Blumhouse က စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Insidious ဇာတ်ကားသစ်ပြို 2026 ခုနှစ် ဩဂုတ်လတွင် ရုံတင်ပြသရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားသည်။

Ref : Sputnik News

Trs : KKO





# ဗိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် မုတ်သုံအလှGroup Art Exhibition ပန်းချီပြပွဲ ပြုလုပ်လျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် မုတ်သုံအလှ အမည်ရှိ Group Art Exhi–bition ပန်းချီပြပွဲကို စက်တင်ဘာ ၁၃ ရက်မှ စတင်ပြသလျက်ရှိကြောင်း အဆိုပါပြပွဲတွင် ပါဝင်ပြသနေသည့် ပန်းချီမြတ်ဟန်ထံက သိရသည်။

အဆိုပါ ပန်းချီပြပွဲကို စက်တင်ဘာ ၁၃ ရက်မှ စက်တင်ဘာ ၁၇ ရက်ထိ ပြသသွားမည်ဖြစ်ပြီး ပန်းချီမြတ်ဟန်၊ လှိုင်ဝမ်း၊ လှမြင့်၊ ဝင်းမင်းမောင်၊ အေတီကျင်၊ ထွန်းဝင်း၊ ရှမ်းလေး၊ ရဲမင်းခေါင်၊ စောတင်မောင်၊ စိန်ဝင်း၊ ရွှေမြတ်ထွဋ်၊ မက်မန်းသီး၊ မင်းထက်နိုင်၊ လှဖေ၊ ဖူးပြည့်တို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည့် မီဒီယမ်မျိုးစုံဖြင့် ရေးဆွဲထားသည့် အကြောင်းအရာစုံ ပန်းချီကား ၇၀ ကျော်ကို ပြသထားကြောင်း သိရသည်။

"Artistic Space Art Gallery မှာ မုတ်သုံအလှလို့ အမည်ပေးထားတဲ့ Group Art Exhibition ပန်းချီပြပွဲကို ပြသနေပြီဖြစ်ပါတယ်။ ဒီပြပွဲကတော့ ကျွန်တော်တို့ရဲ့မတူညီတဲ့ ပန်းချီအမျိုးအစားနဲ့ ရေးဟန်တွေကို စက်တင်ဘာ ၁၃ ရက်ကနေ စက်တင်ဘာ ၁၇ ရက်ထိ မနက် ၁၀ နာရီကနေ ညနေ ၅ နာရီထိ ပြသနေတာဖြစ်လို့ လာရောက်ကြည့်ရှု အားပေးကြပါအုံးလို့ လေးစားစွာဖိတ်ကြားလိုက်ရပါတယ်ခင်ဗျာ" ဟု ပန်းချီမြတ်ဟန်က ပြောပြသည်။

အဆိုပါပြပွဲတွင် ပြသထားသည့် ပန်းချီကားများ၏ အရွယ်အစားများမှာ ၃၆x ၂၄ လက်မ၊ ၂၄x၂၄ လက်မ၊ ၁၈x ၂၄ လက်မ၊ ၁၈x၁၈ လက်မ စသဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်း အနေဖြင့်လည်း အနည်းဆုံး ငွေကျပ် ၇ သိန်းမှ အများဆုံး ငွေကျပ်၁၅ သိန်းထိ ရှိကြောင်း သိရသည်။

ASH

# Over 5,000 acres of green gram grown in Budalin Township



A green gram plantation in Budalin Township.

**Budalin September 14**

Statistics of Budalin Township Agriculture Department stated that local farmers have planted more than 5,000 acres of green gram in Budalin Township of Sagaing Region this year.

In the 2025-2026 monsoon crop season, it is planned to cultivate 11,300 acres of green gram in Budalin Township. Cultivation began in May this year, and as of today, 5,513 acres have already been planted.

"In this year's monsoon crop season, over 10,000 acres of green gram are planned for cultivation in Budalin Township. Up to now, more than 5,000 acres have been planted, and efforts are being made to fully meet the planned acreage. Awareness programs are being provided on expanding cultivation and on using quality and pure seed varieties to achieve good yields," said U Phyo Wai, Head of the Township Department of Agriculture in Budalin.

It is also learned that this year in Budalin Township, the Township Department of Agriculture is providing farmers with awareness and technical support on using quality and suitable seed varieties, ensuring seed purity, practicing correct cultivation methods, preventing pest infestations, systematic use of fertilizers, and achieving higher yields.

This year, officials of the township Agriculture Department cooperate with local farmers in growing all pulses and beans in monsoon using quality strains of crops, agricultural inputs and post-harvest technology. 206

# Indaw Township to grow more than 12,000 acres of groundnut in coming winter

**Indaw September 14**

According to the township Agriculture Department, local authorities earmarked cultivation of 12,822 acres of groundnut as cold season crops in Indaw Township of Sagaing Region.

In the 2025-2026 winter crop season, it is planned to cultivate 12,822 acres of groundnut in Indaw Township. Cultivation will begin in October this year and continue until December.

"In the coming winter crop season, more than 12,000 acres of groundnut are planned for cultivation in Indaw Township. Efforts will be made to fully meet the planned acreage. Groundnut cultivation has been thriving successfully, and as an oil crop, it is in a favorable situation. The cultivation of groundnut has been increasing year by year," said U Thein Khine, Head of the Township Department of Agriculture in Indaw.

It is learned that in Indaw Township, one and a half baskets of groundnut seed are sown per acre, with expenses per acre—including seed, labour charge, fertilizer, and pesticide—exceeding K200,000. On average, more than 50 baskets of yield per acre can be harvested.

This year, to ensure successful groundnut cultivation in Indaw Township, prevent pest and disease outbreaks, and keep the fields weed-free, staff from the Township Department of Agriculture will conduct field inspections and maintain pest surveillance records. 206



A groundnut plantation in Indaw Township.

# Myinmu Township completes cultivation of over 3,000 acres of vegetables

**Myinmu September 14**

Local farmers planted over 3,000 acres of vegetables as monsoon crops in Myinmu Township of Sagaing Region this year, according to the statistics of Sagaing District Agriculture Department.

In the 2025-2026 monsoon crop season, it is planned to cultivate 5,700 acres of vegetables in Myinmu Township. Cultivation began in May this year, and as of today, 3,129 acres have already been planted.

"In this year's monsoon crop season, over 5,000 acres of vegetables are planned for cultivation in Myinmu Township. Up to now, more than 3,000 acres have been planted, and efforts are being made to fully meet the planned acreage. The crops include roselle, chili, onion, potato, cauliflower, eggplant, and cabbage. Farmers are being provided with technical support to cultivate all vegetables under the GAP (Good Agricultural Practices) system. Technical guidance is also being given to ensure that vegetables are grown with minimal chemical residues and in a way that is safe for health," said Daw Thida Lwin, Head of the Department of Agriculture in Sagaing District.

It is learned that this year in Myinmu Township, the Township Department of Agriculture is providing farmers with training to cultivate vegetables under the GAP system, as well as guidance to ensure that the produce from their farms is safe and healthy. Support is also being given for farmers to expand vegetable cultivation.

In Myinmu Township, seasonal vegetables are cultivated every year. It is reported that the vegetables being grown have been thriving successfully, providing income for families. The Township Department of Agriculture is also giving awareness to vegetable farmers on correct cultivation methods, pest-free practices, and the use of natural fertilizers, organic pesticides, and biopesticides. 206

# Qatar to host emergency Arab-Islamic summit on Israeli attack

**Doha September 14**

Qatar announced on Saturday that it will host an emergency Arab-Islamic summit on September 15 to discuss the recent Israeli attack on Doha.

Qatari Foreign Ministry spokesman Majed Al Ansari told Qatar News Agency that foreign ministers from Arab and Islamic countries will convene on Sunday to prepare a draft statement for the leaders' meeting.

Al Ansari stressed that the summit comes at a significant moment, reflecting Arab and Islamic solidarity with Qatar in confronting what he described as the "cowardly Israeli aggression" targeting the residences of several Hamas leaders in Doha.

He added that it also reflects these countries' categorical rejection of the "state terrorism" carried out by Israel.

Israel launched an unprecedented airstrike in the Qatari capital of Doha on Tuesday, targeting a building where Hamas officials were meeting to discuss the latest ceasefire proposal put forward by the United States.

Five members of Hamas and a Qatari security officer were killed during the strike, while key members of the Hamas negotiating team survived.

The attack drew swift condemnation from Qatar and other members of the international community.

Xinhua

# Venezuela accuses U.S. destroyer of illegally intercepting Venezuelan fishing vessel

**Caracas September 14**

Venezuela on Saturday accused a U.S. Navy destroyer of illegally intercepting a Venezuelan fishing vessel carrying out normal fishing operations in the Venezuelan exclusive economic zone on Friday.

The Venezuelan government said the fishing vessel Carmen Rosa, crewed by nine fishermen, was approached Friday about 48 nautical miles northeast of La Blanquilla island by the USS Jason Dunham (DDG-109) destroyer.

In a statement posted on Telegram, Venezuelan Foreign Minister Yvan Gil said the U.S. destroyer deployed 18 armed personnel to board and occupy the fishing vessel for eight hours, during which it blocked the fishing vessel's communication and obstructed its normal operations.

The statement called the U.S. military move "a provocation through the illegal use of military means, aimed at justifying a war escalation in the Caribbean and pushing for regime change."

The Venezuelan government demanded that Washington "immediately cease these actions that put at risk the security and peace of the Caribbean," Gil said at a press conference on Saturday, reiterating Venezuela's commitment to peace and to defending its national sovereignty.

Xinhua

# KhinU Township grows over 5,000 acres of rainfed seed corns and millets



A seed corn plantation in KhinU Township.

**KhinU September 14**

A total of 5,600 acres of seed corns and millets have been planted in KhinU Township, Shwebo District, Sagaing Region during this year rain crops planting season, according to the statistics of the Department of Agriculture for KhinU Township.

In the 2025-2026 rain crops planting season, KhinU Township is planning to plant 1,005 acres of seed corns and 5,491 acres of millets. Since May this year, planting has begun, and to date, 176 acres of seed corns and 5,424 acres of millets have been planted.

"We are providing education to help farmers grow seed corns and millets successfully and to prevent the spread of pests and diseases," said U Ne Win Naing, head of the Department of Agriculture for KhinU Township.

More than 50 baskets of seed corns are produced per acre, and the cost of planting one acre of seed corns is 500,000 kyats. A total of 15,000 corn ears of millets are produced per acre, and the cost of planting one acre is over 500,000 kyats.

206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Salingyi Township grows more than 3,000 acres of rainfed paddy

**Yinmabin September 14**

More than 3,000 acres of rainfed paddy were planted in Salingyi Township of Sagaing Region this year, according to Yinmabin District Agriculture Department.

In the 2025-2026 monsoon crop season, it is planned to cultivate 4,415 acres of rainfed paddy in Salingyi Township. Cultivation began in May this year, and as of today, 3,394 acres have already been planted.

"In this year's monsoon crop season, over 4,000 acres of rainfed paddy are planned for cultivation in Salingyi Township. Up to now, more than 3,000 acres have been planted, and cultivation is ongoing. Efforts are being made to fully meet the planned acreage. Necessary technology and seed varieties will be provided for rainfed paddy cultivation. Field assistance is being given to farmers to ensure timely planting of rainfed paddy," said Daw Myat Moe Win, Head of the Department of Agriculture in Yinmabin District.

It is reported that during this year's monsoon crop season, the relevant township Department of Agriculture is cooperating with local farmers to ensure systematic cultivation of rainfed paddy without difficulties.

In Salingyi Township, farmers are being provided with agricultural techniques, awareness on pest control, guidance to prevent crop losses, and advice to ensure that harvested paddy is stored under shelter in time.

It is also learned that in order for the rainfed paddy fields in Salingyi Township to thrive successfully and achieve good yields this year, the Township Department of Agriculture and staff are providing field guidance on selecting quality and pure seed varieties, preventing pest infestations, proper weeding and thinning, removing inferior varieties, and systematic use of fertilizers.

206



A monsoon paddy field in Salingyi Township.

# Kawlin Township plans to grow more than 6,000 acres of vegetables this year

**Kawlin September 14**

Statistics of Kawlin District Agriculture Department mentioned that local authorities have set plans to grow 6,152 acres of vegetables as cold season crops in Kawlin District of Sagaing Region.

In the 2025-2026 winter crop season, local authorities earmarked cultivation of 1,705 acres of vegetables in Kawlin Township, 3,145 acres in Wuntho Township, and 1,302 acres in Pinlebu Township, totalling 6,152 acres.

"In this year's winter crop season, more than 6,000 acres of vegetables are planned for cultivation in Kawlin District. Efforts will be made to fully meet the planned acreage. The crops include roselle, chili, onion, potato, cauliflower, eggplant, and cabbage. Farmers are being provided with technical support to cultivate all vegetables under the GAP (Good Agricultural Practices) system. They are also being guided to grow vegetables with minimal chemical residues and in ways that are safe for health," said U Win Thein, Head of the Department of Agriculture in Kawlin District.

It is learned that this year in Kawlin District, the respective township Departments of Agriculture are providing training courses for farmers to grow vegetables under the GAP system, along with technical guidance to ensure that vegetables from the fields are safe and healthy. Assistance is also being given for farmers to expand vegetable cultivation.

In Kawlin District, seasonal vegetables are grown every year, and it is reported that the vegetables being cultivated have been thriving successfully, providing income for families. The Township Departments of Agriculture are giving awareness to vegetable farmers on correct cultivation methods, pest-free practices, and the use of natural fertilizers, organic pesticides, and biopesticides.

206

# Groundnut planted on more than 15,000 acres of croplands

**Ayadaw September 14**

Local farmers grew 15,832 acres of groundnut as monsoon crops in Ayadaw Township of Sagaing Region, according to statistics of Monywa District Agriculture Department.

In the 2025-2026 monsoon crop season, it is planned to cultivate 16,980 acres of groundnut in Ayadaw Township. Cultivation began in May this year, and as of today, 15,832 acres have already been planted.

"In this year's monsoon crop season, over 16,000 acres of groundnut are planned for cultivation in Ayadaw Township. Up to now, more than 15,000 acres have been planted, and cultivation is still ongoing. Efforts are being made to fully meet the planned acreage. As an oil crop, groundnut cultivation is in a successful situation, and the acreage under cultivation has been increasing year by year," said Daw San San Myint, Head of the Department of Agriculture in Monywa District.

It is learned that in Ayadaw Township, one and a half baskets of groundnut seed are sown per acre, and the cost per acre—including seed, labor charges, fertilizer, and pesticide—exceeds K200,000. On average, more than 50 baskets of yield per acre can be harvested.

This year, to ensure successful groundnut cultivation in Ayadaw Township, prevent pest and disease outbreaks, and keep the fields weed-free, staff from the Township Department of Agriculture are conducting field inspections and recording pest surveillance data.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားနိုင်ငံ Rostecကုမ္ပဏီက Dvina-100M တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစနစ်များကို ရုရှားတပ်မတော်ထံလွှဲပြောင်းပေးပို့




ရုရှားနိုင်ငံအစိုးရပိုင်ကော်ပိုရေးရှင်း Rostec ကုမ္ပဏီက မောင်းသူမဲ့လေယာဉ် (UAV) ခြိမ်းခြောက်မှုများကို တန်ပြန်နိုင်ရန်အတွက် Dvina-100M အမည်ရှိ အဆင့်မြင့်တန်ပြန်ဒရုန်းရန် တိုက်ဖျက်ရေးစနစ်များကို ရုရှားတပ်မတော်ထံ လွှဲပြောင်းပေးပို့မှုများ စတင်နေပြီဖြစ်ကြောင်း TASS သတင်းဌာနက စက်တင်ဘာ ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစနစ်သည် မြို့ကြီးများရှိ လေဆိပ်များ၊ မီးရထားဘူတာရုံကဲ့သို့ အရေးကြီး အခြေခံအဆောက်အအုံများနှင့် စက်မှုလုပ်ငန်းနေရာများအား ကာကွယ်ရန် ရည်ရွယ်ပြီး ဒရုန်းအုပ်စုများကိုပါ တိုက်ဖျက်နိုင်စွမ်းရှိပြီး ၎င်းစနစ်ကိုအသုံးပြု၍ ကာကွယ်ပေးထားသော နေရာအပေါ် မီတာရာနှင့်ချီသောအမြင့်ထိ လွှမ်းခြုံကာကွယ်နိုင်စွမ်းရှိကြောင်း Rostec ကုမ္ပဏီမှ သတင်းထုတ်ပြန်ခဲ့သည်။

Dvina-100M တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်၏ ထူးခြားသောလုပ်ဆောင်ချက်များအနေဖြင့် "ဒီစနစ်ဟာ ဒရုန်းတွေရဲ့ထိန်းချုပ်ရေးလမ်းကြောင်း၊ အချက်အလက်ပို့လွှတ်မှုနဲ့ global navigation satellite လမ်းညွှန်စနစ်များကို အီလက်ထရွန်နစ်နည်းနဲ့ နှောင့်ယှက်တိုက်ခိုက်နိုင်ပါတယ်။ ဒီနေရာမှာ အပူချိန် အနုတ် ၄၀ ဒီဂရီဆဲလ်စီးယပ်ကနေ အပေါင်း ၅၀ ဒီဂရီဆဲလ်စီးယပ်အထိ ပတ်ဝန်းကျင်အခြေအနေမျိုးတွေမှာ အလုပ်လုပ်နိုင်ပါတယ်။ ကြိမ်နှုန်းအမျိုးအပြားမှာ လုပ်ဆောင်နိုင်ပြီး ကြိမ်နှုန်းပြောင်းပြီး frequency hopping နည်းစနစ်တွေသုံးလေ့ရှိတဲ့ဒရုန်းတွေကိုလဲ ထိထိရောက်ရောက် တိုက်ဖျက်နိုင်စွမ်းရှိပါတယ်"ဟု Rostec ကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားခဲ့ကြသည်။

Rostec ကုမ္ပဏီ၏ပြောကြားချက်အရ "တရားမဝင် ဒရုန်းအသုံးပြုမှုများတွင် ပြောင်းလဲတိုးတက်လာပြီး ရန်သူများက ကြိမ်နှုန်းအမျိုးအပြား ထည့်သွင်းအသုံးပြုလာခြင်း၊ ဆယ်လူလာ ဆက်သွယ်ရေးလမ်းကြောင်းနှင့် GPS အချက်ပြစနစ်များကိုပါ ထိန်းချုပ်လုပ်ဆောင်လာသည့်အတွက် တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစနစ်များကိုလည်း အဆက်မပြတ် အဆင့်မြှင့်တင်နေရကြောင်း သိရသည်။

Dvina-100M စနစ်သည် ရုရှားနိုင်ငံ ထုတ်ခေတ်အမီဆုံး စနစ်များထဲမှတစ်ခုဖြစ်ပြီး ရန်သူ့ဒရုန်းများကို ထိရောက်စွာ တိုက်ခိုက် ဖျက်ဆီးနိုင်စွမ်းရှိကြောင်း မှတ်ချက်ပြုခဲ့ကြသည်။

Dvina-100M စနစ်သည် သီးခြားရေဒီယိုလှိုင်းနှုန်း စောင့်ကြည့်ထောက်လှမ်းရေးစက်ပစ္စည်းများနှင့် တွဲဖက်လုပ်ဆောင်နိုင်ပြီး၊ ရေဒီယိုအချက်ပြလှိုင်းနှုန်းများ ရှာဖွေဖော်ထုတ်ကာ သက်ဆိုင်ရာလှိုင်းနှုန်းများအား ဖိဖျက်နှောင့်ယှက်မှုပြုလုပ်ခြင်းဖြင့် ဒရုန်းနှင့်အော်ပရေတာကြားဆက်သွယ်မှုဖြတ်တောက်နိုင်စွမ်းရှိသည်။ ထိုသို့ ဘက်စုံအသုံးပြုနိုင်မှုများအတွက် ဒရုန်းတစ်စင်းချင်းစီဖြစ်စေ အုပ်ဖွဲ့ဝင်ရောက်လာခြင်းဖြစ်စေ ထိန်းကျောင်းရေးချန်နယ်များစွာဖြင့် ရှုပ်ထွေးစွာ လုပ်ဆောင်လာမှုများကိုပါ တန်ပြန်နိုင်စွမ်းရှိမည်ဖြစ်ကြောင်း ကုမ္ပဏီက ထုတ်ပြန်ထားသည်။

Dvina-100M စနစ်သည် စမ်းသပ်မှုအဆင့် အားလုံးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ရာ စနစ်၏နည်းဗျူဟာနှင့် နည်းပညာပိုင်းဆိုင်ရာ ဝိသေသလက္ခဏာနှင့် စွမ်းဆောင်ရည် သတ်မှတ်ချက်များ မှန်ကန်ကြောင်း Rostec ကုမ္ပဏီက အတည်ပြုပြီးဖြစ်ကြောင်း သိရသည်။

**Rostec has begun deliveries of new anti-drone systems Dvina-100M ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်က MQ-9A Reaper ဒရုန်းမှ Switchblade 600 ကာမီကာဇီတိုက်ခိုက်ရေးဒရုန်းကို စမ်းသပ်ပစ်လွှတ်နိုင်ခဲ့




အမေရိကန်သည် MQ-9A Reaper ဒရုန်းမှ Switchblade 600 ကာမီကာဇီ တိုက်ခိုက်ရေးဒရုန်းကို ပထမဆုံးအကြိမ်အဖြစ် လေထဲမှအောင်မြင်စွာစမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြောင်း အမေရိကန်နိုင်ငံ AeroVironment နှင့် General Atomics Aero-nautical Systems(GA-ASI) တို့က ထုတ်ပြန်ကြေညာခဲ့သည်ဟု The Defense Post သတင်းဌာနက စက်တင်ဘာ ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်ရှိ အမေရိကန်ကြည်းတပ် Yuma Proving Ground စက်ပစ်ကွင်းတွင် ပြုလုပ်ခဲ့သော အဆိုပါစမ်းသပ်မှုသည် ဒရုန်းများအတွက် ပိုမိုအဆင့်မြင့်သော အဝေးထိန်းစနစ်ဖြင့် တိုက်ခိုက်နိုင်သည့် စွမ်းရည်များကိုမြှင့်တင်ရန်ရည်ရွယ်သည်။ ယခုစမ်းသပ်မှုတွင် Switchblade 600 ကာမီကာဇီတိုက်ခိုက်ရေးဒရုန်းသည် MQ-9A Reaper ဒရုန်းနှင့် တွဲဖက်အသုံးပြုနိုင်ကြောင်း အတည်ပြုခဲ့ပြီး မြင်ကွင်းလွန်အကွာအဝေးမှနေ၍ ဂြိုဟ်တုဆက်သွယ်ရေးစနစ်ဖြင့် ထိန်းချုပ်နိုင်ကြောင်းလည်း သရုပ်ပြသနိုင်ခဲ့သည်။ စမ်းသပ်မှုများတွင် ပစ်မှတ်များကို အတိအကျထိမှန်စေရန်အတွက် ဖောက်ခွဲရေးပစ္စည်းပါဝင်ခြင်းမရှိသော ထိပ်ဖူးနှင့်ပေါက်ကွဲအားပြင်းထိပ်ဖူးနှစ်မျိုးစလုံးကို အသုံးပြုခဲ့ကြသည်။ ၎င်းစမ်းသပ်မှုများက Switchblade 600 ၏လမ်းညွှန်မှု၊ လမ်းကြောင်းရှာဖွေမှုနှင့် လက်နက်ခဲယမ်းစနစ်တို့ကို ပိုမိုတိကျစေရန်အတွက် အဆင့်မြှင့်တင်ထားကြောင်း အတည်ပြုနိုင်ခဲ့သည်။

Switchblade 600 ကာမီကာဇီ တိုက်ခိုက်ရေးဒရုန်းသည် ပေ ၃၀၀၀၀ အမြင့်မှ လွှတ်တင်လိုက်ပါက အကွာအဝေး ၁၇၅ ကီလိုမီတာ (၁၀၉ မိုင်) ကျော်ထိ ပျံသန်းစစ်ဆင်နိုင်ကြောင်း စမ်းသပ်မှုများမှ ထုတ်ဖော်နိုင်ခဲ့သည်။ ၎င်းသည် MQ-9A ဒရုန်းကို တာဝေးတိုက်ခိုက်နိုင်စွမ်းများ ပိုင်ဆိုင်နိုင်စေမည်ဖြစ်သည်။ လွှတ်တင်ပြီးနောက် MQ-9A ဒရုန်း မြေပြင်ထိန်းချုပ်ရေးစခန်းမှ Switchblade 600 ကာမီကာဇီဒရုန်းအား ထိန်းချုပ်မှုကို လုပ်ငန်းဆောင်ရွက်မည့်ဧရိယာနှင့် ပိုမိုနီးကပ်သည့် သီးခြားအော်ပရေတာတစ်ဦးထံသို့ ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့သည်။ ဤကာမီကာဇီဒရုန်းကို MQ-9A Reaper ဒရုန်းနှင့် ပေါင်းစပ်အသုံးပြုခြင်းအားဖြင့် အော်ပရေတာများသည် မြေပြင်တပ်ဖွဲ့များနှင့် တိုက်ရိုက်ချိတ်ဆက်ညှိနှိုင်းရင်း တာဝေးတိုက်ခိုက်မှုများ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

MQ-9A Reaper နှင့် Switchblade 600 ဒရုန်း-ဒရုန်းချင်း ပူးပေါင်းဆောင်ရွက်မှုသည် ကာမီကာဇီတိုက်ခိုက်ရေးဒရုန်းများက နယ်ပယ်စုံတိုက်ခိုက်ရေးတွင် မည်သို့ အထောက်အကူပြုနိုင်သည်ကို ဖော်ပြခဲ့သည်။ ထို့ပြင် ယခုစမ်းသပ်မှုသည် MQ-9ဒရုန်းအနေဖြင့် လေကြောင်းမှ ပစ်လွှတ်တိုက်ခိုက်နိုင်မှုအတွက် "မိခင်ဒရုန်း" အခန်းကဏ္ဍကိုလည်း ဆောင်ရွက်နိုင်ကြောင်း အတည်ပြုပေးနိုင်ခဲ့သည်။ ၎င်းက ပြိုင်ဆိုင်မှုပြင်းထန်သော စစ်ဆင်ရေးပတ်ဝန်းကျင်အခြေအနေများ(contested environments) တွင် တပ်မှူးများအနေဖြင့် ရွေးချယ်တိုက်ခိုက်ရန်နည်းလမ်းများ ပိုမိုပိုင်ဆိုင်ထားစေနိုင်သည်။

GA-ASI ဥက္ကဋ္ဌ David Alexander က "ဒီပူးပေါင်းဆောင်ရွက်မှုကနေ မောင်းသူမဲ့နည်းပညာအမျိုးမျိုးကို ပေါင်းစပ်ခြင်းဟာ စစ်သည်တော်တွေအတွက် တန်ဖိုးနဲ့ အကျိုးသက်ရောက်မှုတွေကို ဘယ်လို အမှန်တကယ်ပေးစွမ်းနိုင်တယ်ဆိုတာကို ပြသခဲ့ပါတယ်"ဟု ပြောကြားခဲ့သည်။

Aero Vironment အမှုဆောင်ဒုတိယဥက္ကဋ္ဌ Jimmy Jenkins ကလည်း ဤစမ်းသပ်မှုသည် လက်ရှိအသုံးပြုနေသောစနစ်များကို တွဲဖက်အသုံးပြုခြင်း၏ အလားအလာကိုဖော်ပြနေသည်ဟု ထပ်လောင်းပြောကြားခဲ့သည်။

Switchblade 600 နှင့် MQ-9A ဒရုန်းနှစ်မျိုးစလုံးကို နိုင်ငံတကာတပ်မတော်များစွာက တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုနေပြီဖြစ်သည်။ အမေရိကန်တပ်မတော်တွင် loitering munition တိုက်ခိုက်ရေးဒရုန်းရာပေါင်းများစွာကို တပ်ဖြန့်အသုံးပြုလျက်ရှိပြီး MQ-9A Reaper ဒရုန်းအစင်းရေ ၂၀၀ ခန့်ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း သိရသည်။

**Switchblade 600 Kamikaze Drone Launched From MQ-9A Reaper for First Time in Arizona Tests ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကသာမြို့နယ်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၁၄၅၃၇ ဧက စိုက်ပျိုးမည်


ယခင်နှစ်က မြေထောက်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကသာ စက်တင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် လာမည့် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၁၄၅၃၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကသာမြို့နယ်တွင် မြေထောက်ပဲ ၁၄၅၃၇ ဧက စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီ ကသာမြို့နယ်မှာ မြေထောက်ပဲ ဧက ၁၄၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ မြေထောက်ပဲ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်သွားမယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် မြေထောက်ပဲစိုက် တောင်သူများအနေဖြင့် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြေထောက်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေထောက်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးပြေမပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးပြေမပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသရေထွက်ကုန် အမျိုးမျိုးကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ပြီးခဲ့သည့် ဇူလိုင်လက ငါးပြေမပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လ တစ်လအတွင်း ငါးပြေမပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဒေသထွက် ငါးပြေမတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းခဲ့တယ်။ ဩဂုတ်လတစ်လအတွင်း ငါးပြေမပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရတယ်။ ပြီးခဲ့တဲ့လတွေကထက် ပိဿာချိန် တော်တော်များများ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ဘိုကလေးမြို့နယ်ကနေ ငါးပြေမတွေအပါအဝင် ရေထွက်ကုန်မျိုးစုံကိုရန်ကုန်ဈေးကွက်ကိုပဲ အများဆုံးတင်ပို့ရောင်းချပါတယ်။ အခြားရေထွက်ကုန်တွေလဲ တင်ပို့ရောင်းချနေပါတယ်။ ငါးပြေမကတော့အများဆုံး တင်ပို့ခဲ့ရပါတယ်"ဟု ဘိုကလေးမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် လယ်ငါးပြေမနှင့်မွေးမြူရေးငါးပြေမ နှစ်မျိုးထွက်ရှိပြီး ထွက်ရှိလာသည့် ငါးပြေမများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးပြေမ ၁၀ ပိဿာလျှင် ၁၆၀၀၀၀ မှ ၁၉၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ဘိုကလေးမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်ထံမှ သိရသည်။

**ကျော်ကျော်လင်း**

# ထန်းတပင်မြို့နယ် ကြံခင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ထန်းတပင် စက်တင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြံခင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ နဝမအကြိမ် ပြန်လည် ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာနရုံး၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ထန်းတပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းကိုက ကျေးလက်နေ ပြည်သူများ၏ ဝင်ငွေ လျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝများဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၅၇ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာလုပ်ငန်း အဖွဲ့ဝင်များက နဝမအကြိမ်အဖြစ် ကြံခင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၃ ဦး မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၅ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၅၇ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဦး**






# အင်္ဂပူမြို့နယ် ပေါက်သာကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး



**အင်္ဂပူ စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကွင်းကောက်(တောင်)ကျေးရွာအုပ်စု ပေါက်သာကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးလှိုင်၊ အင်္ဂပူမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းအဖွဲ့ဝင်များနှင့်အတူ ပေါက်သာကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်အေးအေးလှိုင်က ဆောင်ရွက်ပြီး ကွန်ကရစ်လမ်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ပေါက်သာကုန်းကျေးရွာ၌ လမ်းအရှည်ပေ ၆၈၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ အသုံးပြု၍ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြန်အောင်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သံသာ**




# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၂ ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးဖိုရမ် တက်ရောက်ရန် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော် ဝန်ကြီးချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျား၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ လိုက်ပါသွားကြသည်။



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောအား ကွမ်ရှီးဒေသ CPC ပါတီ ဒုတိယအတွင်းရေးမှူး Mr.Wang Weiping၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများက နန်နင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် နန်နင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ ကွမ်ရှီးဒေသ CPC ပါတီ ဒုတိယအတွင်းရေးမှူး Mr.Wang Weiping၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်နှင့် ယဉ်ကျေးမှုအဖွဲ့များက ရိုးရာအကအလှများဖြင့် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် တပ်မတော်(ရေ)မှ စစ်မှုထမ်းဆဲနှင့် စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများကို ဂုဏ်ပြုဆုချီးမြှင့်

**နေပြည်တော် စက်တင်ဘာ ၁၄**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် တပ်မတော်(ရေ)မှ စစ်မှုထမ်းဆဲနှင့် စစ်မှုထမ်းဟောင်းမိသားစုဝင်သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ်၌ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်များ၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၆ ဦးတို့ကို ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း ထူးချွန်ကျောင်းသားတစ်ဦးကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။



# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ကြိုဆို



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ကြိုဆိုနှုတ်ဆက်စဉ်။

**နေပြည်တော် စက်တင်ဘာ ၁၄**

ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။


ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါသင်တန်းသို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုက်ကြီးခရိုင်ရဲတပ်ဖွဲ့က စုပေါင်းသန့်ရှင်းရေးပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင်ရဲတပ်ဖွဲ့က ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် တိုက်ကြီးမြို့နယ် မင်္ဂလာရပ်ကွက် ရန်ကုန်-ပြည်လမ်းဘေးရှိ မစိုးရိမ်ဘုန်းကြီးကျောင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်ကြသည်။

တိုက်ကြီးခရိုင်ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနေအောင်လွင် ဦးဆောင်၍ တပ်ဖွဲ့ဝင်၊စာရေးဝန်ထမ်း စုစုပေါင်း ၆၁ ဦးတို့သည် ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုက်ကြီးမြို့နယ် မင်္ဂလာရပ်ကွက် ရန်ကုန်-ပြည်လမ်းဘေးရှိ မစိုးရိမ်ဘုန်းကြီးကျောင်းအတွင်း၌ ချုံနွယ်များ၊ မြက်ပင်များအား စုပေါင်းရှင်းလင်းဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုက်ကြီးခရိုင်ရဲတပ်ဖွဲ့က စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်း ၁၀ နှစ်ပြည့် ဂုဏ်ပြုအခမ်းအနားနှင့် တတိယအကြိမ် သင်းလုံးကျွတ်အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၄**

မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်း ၁၀ နှစ်ပြည့် ဂုဏ်ပြုအခမ်းအနားနှင့် တတိယအကြိမ်သင်းလုံးကျွတ်အစည်းအဝေးကို ယနေ့တွင် ရန်ကုန်မြို့ Sedona Hotel ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံးမှ သံရုံးယာယီတာဝန်ခံ Ms.Cao Jing၊ တရုတ်နိုင်ငံဆိုင်ရာ အသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။





အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၅ ခုနှစ်သည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးစတင်ထူထောင်နိုင်ခဲ့သည့် ၇၅ နှစ်ပြည့်မြောက်သောနှစ်ဖြစ်ပါကြောင်း၊ သံတမန်ဆက်ဆံရေးကာလအတွင်း မြန်မာ-တရုတ် နှစ်နိုင်ငံအနေဖြင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး ငါးရပ်ကို လက်တွေ့ကျင့်သုံးခဲ့ကြပါကြောင်း၊ နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေး ဆောင်ရွက်ရာတွင် အစိုးရအချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုများအပြင် ပြည်သူချင်း ဆက်သွယ်ပူးပေါင်းဆောင်ရွက်သည့် People to Peopleအခန်းကဏ္ဍတွင် နှစ်နိုင်ငံချစ်ကြည်ရေးဆိုင်ရာ အသင်းအဖွဲ့များ၏ ဆောင်ရွက်မှုများသည် အရေးပါလျက်ရှိပါကြောင်း။

ယနေ့အခမ်းအနားတွင် ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်းနှင့် မြဝတီရုပ်မြင်သံကြားတို့ ပူးပေါင်းဆောင်ရွက်မှုကို တရားဝင် အသိအမှတ်ပြု သဘောတူစာချုပ် ချုပ်ဆိုမည်ဖြစ်သည့်အတွက် အောင်မြင်သည့် အသီးအပွင့်တစ်ခုဖြစ်ပါကြောင်း၊ အနာဂတ်ခရီးစဉ်တွင် "မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်း"အနေဖြင့် ဆက်လက်အားဖြည့်ကူညီပေးရင်း နှစ်နိုင်ငံအကျိုးကို နှစ်ပေါင်းများစွာ ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံရုံးယာယီတာဝန်ခံ Ms. Cao Jing နှင့် အသင်း၏ Senior President ဦးသစ္စာ (ခ) Mr. Li Bo Bo တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် မြဝတီရုပ်မြင်သံကြားနှင့် မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်းတို့သည် သဘောတူစာချုပ်ချုပ်ဆိုကြပြီး မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေး အသင်း အလုပ်အမှုဆောင် ကော်မတီဝင်အသစ်များ၏ အမည်စာရင်းများကိုကြေညာခြင်း၊ "သစ်လွင်ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ရေးအသင်းခွဲ"စတင်ထူထောင်ကြောင်း ကြေညာခြင်းနှင့် အဖွဲ့ဝင်စာရင်းအား ကြေညာခြင်း၊ ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ခြင်း၊ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခြင်းတို့ကို ဆက်လက်ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

# လားရှိုးမြို့တွင် မဲဆန္ဒရှင်ပြည်သူများကို မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)နှင့်ပတ်သက်၍ အသိပညာပေးပြီး လက်တွေ့စမ်းသပ်မဲပေး

**လားရှိုး စက်တင်ဘာ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်တွင် မဲဆန္ဒရှင်ပြည်သူများအား မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)နှင့်ပတ်သက်၍ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းရှိ ကမ္ဘောဇခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းမြောက်)ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးစိုးသိန်းဇော်က မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့် ပတ်သက်သည့် အကြောင်းအရာများကို အသိပညာပေး ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများနှင့် မဲဆန္ဒရှင်ပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ဆောင်ရွက်ကြရာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းမြောက်)ဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **ခရိုင်(ပြန်/ဆက်)**

---

# ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးမြို့ ခုတင် ၅၅၀ ဆံ့ ကလေးဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၄**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအရာရှိအတတ်သင်ကျောင်း(မန္တလေး)က ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ချမ်းအေးသာစံမြို့နယ် ခုတင် ၅၅၀ ဆံ့ ကလေးဆေးရုံကြီးရှိ အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၉နာရီက ကျင်းပသည်။

အဆိုပါသွေးလှူဒါန်းပွဲကို အောက်တိုဘာ ၁ ရက်တွင်ကျရောက်မည့် ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအရာရှိအတတ်သင်ကျောင်း(မန္တလေး) ကျောင်းအုပ်ကြီး ရဲမှူးချုပ်မျိုးမင်းထိုက် ကြီးမှူး၍ သင်တန်းသား၊ သင်တန်းသူ၊သန္ဓေတပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းခြင်းဖြစ်သည်။

ထိုသို့ သွေးလှူဒါန်းရာတွင် ခုတင် ၅၅၀ ဆံ့ ကလေးဆေးရုံကြီးမှ ဒေါက်တာနေမျိုးဝေနှင့်သူနာပြု ဆရာမများက သွေးလှူမည့် သင်တန်းသားများအား သွေးပေါင်ချိန်ခြင်း၊ ကိုယ်အလေးချိန် ချိန်ခြင်း၊ သွေးဖောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးကြရာ ကျောင်းအုပ်ကြီး ရဲမှူးချုပ်မျိုးမင်းထိုက်နှင့် ခုတင် ၅၅၀ ဆံ့ ကလေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးမင်းတို့က လှည့်လည်ကြည့်ရှု၍ ရဲမှူးချုပ်မျိုးမင်းထိုက်က သင်တန်းသားသင်တန်းသူ၊ သန္ဓေတပ်ဖွဲ့ဝင်များ၏ စုစုပေါင်းသွေးအိတ် ၁၀၀ ကို ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးမင်းထံပေးအပ်ရာ ဆေးရုံအုပ်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ပြီး သွေးလှူရှင်များအား ရေဓာတ်ဖြည့်အချိုရည်ဘူးများ၊ နွားနို့နှင့် ကြက်ဥများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **ထွန်းထွန်းနိုင်**




---

**ရှေ့ဖုံးမှအဆက်**

မြို့နှစ်မြို့သာမက နှစ်နိုင်ငံကဏ္ဍစုံ ကျယ်ပြန့်စွာပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ CPC ပါတီအတွင်းရေးမှူးနှင့်အတူ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူး မစ္စတာဝေတောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စမာကျားနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသ CPC ပါတီအတွင်းရေးမှူးက နန်နင်းမြို့ လီယွမ်နိုင်ငံတော်ဧည့်ဂေဟာရှိ Chinese Hibiscus Hall ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ (မဝ၁)

---

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

☆ ကျောဖုံးမှအဆက်

**(က) ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၅၆ နယ်**

| စဉ် | မဲဆန္ဒနယ် | ပါဝင်သည့်နယ်မြေများ |
|---|---|---|
| | **ကချင်ပြည်နယ်** | |
| ( ၁ ) | ချီဖွေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ချီဖွေမြို့နယ်တစ်ခုလုံး။ |
| ( ၂ ) | ဆော့လော်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဆော့လော်မြို့နယ်တစ်ခုလုံး။ |
| ( ၃ ) | ဆွမ်ပရာဘွမ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဆွမ်ပရာဘွမ်မြို့နယ်တစ်ခုလုံး။ |
| ( ၄ ) | အင်ဂျန်းယန်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | အင်ဂျန်းယန်မြို့နယ်တစ်ခုလုံး။ |
| | **ကယားပြည်နယ်** | |
| ( ၅ ) | ဖားဆောင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဖားဆောင်းမြို့နယ်တစ်ခုလုံး။ |
| ( ၆ ) | မယ်စဲ့မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မယ်စဲ့မြို့နယ်တစ်ခုလုံး။ |
| ( ၇ ) | ရှားတောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရှားတောမြို့နယ်တစ်ခုလုံး။ |
| | **ချင်းပြည်နယ်** | |
| ( ၈ ) | ပလက်ဝမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပလက်ဝမြို့နယ်တစ်ခုလုံး။ |
| ( ၉ ) | မတူပီမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မတူပီမြို့နယ်တစ်ခုလုံး။ |
| (၁၀) | ကန်ပက်လက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကန်ပက်လက်မြို့နယ်တစ်ခုလုံး။ |
| (၁၁) | မင်းတပ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မင်းတပ်မြို့နယ်တစ်ခုလုံး။ |
| | **စစ်ကိုင်းတိုင်းဒေသကြီး** | |
| (၁၂) | ထီးချိုင့်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ထီးချိုင့်မြို့နယ်တစ်ခုလုံး။ |
| (၁၃) | အင်းတော်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | အင်းတော်မြို့နယ်တစ်ခုလုံး။ |
| (၁၄) | ပင်လည်ဘူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပင်လည်ဘူးမြို့နယ်တစ်ခုလုံး။ |
| (၁၅) | မြောင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြောင်မြို့နယ်တစ်ခုလုံး။ |
| (၁၆) | ပုလဲမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပုလဲမြို့နယ်တစ်ခုလုံး။ |
| (၁၇) | ယင်းမာပင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ယင်းမာပင်မြို့နယ်တစ်ခုလုံး။ |
| (၁၈) | ဒီပဲယင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဒီပဲယင်းမြို့နယ်တစ်ခုလုံး။ |
| (၁၉) | တန့်ဆည်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တန့်ဆည်မြို့နယ်တစ်ခုလုံး။ |
| (၂၀) | ခင်ဦးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ခင်ဦးမြို့နယ်တစ်ခုလုံး။ |
| (၂၁) | ဝက်လက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဝက်လက်မြို့နယ်တစ်ခုလုံး။ |
| | **မကွေးတိုင်းဒေသကြီး** | |
| (၂၂) | ဆောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဆောမြို့နယ်တစ်ခုလုံး။ |
| (၂၃) | ထီးလင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ထီးလင်းမြို့နယ်တစ်ခုလုံး။ |
| (၂၄) | ပေါက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပေါက်မြို့နယ်တစ်ခုလုံး။ |
| (၂၅) | မြိုင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြိုင်မြို့နယ်တစ်ခုလုံး။ |
| (၂၆) | ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရေစကြိုမြို့နယ်တစ်ခုလုံး။ |
| | **မန္တလေးတိုင်းဒေသကြီး** | |
| (၂၇) | နွားထိုးကြီးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နွားထိုးကြီးမြို့နယ်တစ်ခုလုံး။ |
| (၂၈) | စဉ့်ကူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | စဉ့်ကူးမြို့နယ်တစ်ခုလုံး။ |
| (၂၉) | မိုးကုတ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုးကုတ်မြို့နယ်တစ်ခုလုံး။ |
| | **ရခိုင်ပြည်နယ်** | |
| (၃၀) | ရမ်းဗြဲမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရမ်းဗြဲမြို့နယ်တစ်ခုလုံး။ |
| (၃၁) | ပေါက်တောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပေါက်တောမြို့နယ်တစ်ခုလုံး။ |
| (၃၂) | ပုဏ္ဏားကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပုဏ္ဏားကျွန်းမြို့နယ်တစ်ခုလုံး။ |
| (၃၃) | ရသေ့တောင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ရသေ့တောင်မြို့နယ်တစ်ခုလုံး။ |
| (၃၄) | ဘူးသီးတောင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဘူးသီးတောင်မြို့နယ်တစ်ခုလုံး။ |
| (၃၅) | မောင်တောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မောင်တောမြို့နယ်တစ်ခုလုံး။ |
| (၃၆) | ကျောက်တော်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကျောက်တော်မြို့နယ်တစ်ခုလုံး။ |
| (၃၇) | မင်းပြားမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မင်းပြားမြို့နယ်တစ်ခုလုံး။ |
| (၃၈) | မြေပုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြေပုံမြို့နယ်တစ်ခုလုံး။ |
| (၃၉) | မြောက်ဦးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြောက်ဦးမြို့နယ်တစ်ခုလုံး။ |
| | **ရှမ်းပြည်နယ်** | |
| (၄၀) | ပန်ဆန်း(ပန်ခမ်း)မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပန်ဆန်း(ပန်ခမ်း)မြို့နယ်တစ်ခုလုံး။ |
| (၄၁) | နားဖန်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နားဖန်းမြို့နယ်တစ်ခုလုံး။ |
| (၄၂) | ဟိုပန်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ဟိုပန်မြို့နယ်တစ်ခုလုံး။ |
| (၄၃) | မိုင်းမောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုင်းမောမြို့နယ်တစ်ခုလုံး။ |
| (၄၄) | ပန်ဝိုင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ပန်ဝိုင်မြို့နယ်တစ်ခုလုံး။ |
| (၄၅) | နမ့်ဆန်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နမ့်ဆန်မြို့နယ်တစ်ခုလုံး။ |
| (၄၆) | မန်တုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မန်တုံမြို့နယ်တစ်ခုလုံး။ |
| (၄၇) | ကုန်းကြမ်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကုန်းကြမ်းမြို့နယ်တစ်ခုလုံး။ |
| (၄၈) | လောက်ကိုင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လောက်ကိုင်မြို့နယ်တစ်ခုလုံး။ |
| (၄၉) | နမ္မတူမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နမ္မတူမြို့နယ်တစ်ခုလုံး။ |
| (၅၀) | ကွတ်ခိုင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကွတ်ခိုင်မြို့နယ်တစ်ခုလုံး။ |
| (၅၁) | နမ့်ခမ်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | နမ့်ခမ်းမြို့နယ်တစ်ခုလုံး။ |
| (၅၂) | မဘိမ်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မဘိမ်းမြို့နယ်တစ်ခုလုံး။ |
| (၅၃) | မိုးမိတ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုးမိတ်မြို့နယ်တစ်ခုလုံး။ |
| (၅၄) | မိုင်းလားမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုင်းလားမြို့နယ်တစ်ခုလုံး။ |
| (၅၅) | ကွမ်းလုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကွမ်းလုံမြို့နယ်တစ်ခုလုံး။ |
| (၅၆) | သိန္နီမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | သိန္နီမြို့နယ်တစ်ခုလုံး။ |

**( ခ ) ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် အမျိုးသားလွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ကိုးနယ်**

| စဉ် | မဲဆန္ဒနယ် | ပါဝင်သည့်နယ်မြေများ |
|---|---|---|
| | **ကယားပြည်နယ် အမျိုးသားလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | |
| ( ၁ ) | မဲဆန္ဒနယ်အမှတ် ( ၅ ) | ဖားဆောင်းမြို့နယ်။ |
| ( ၂ ) | မဲဆန္ဒနယ်အမှတ် ( ၆ ) | မယ်စဲ့မြို့နယ်နှင့်ရှားတောမြို့နယ်။ |
| | **ချင်းပြည်နယ် အမျိုးသားလွှတ်တော် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | |
| ( ၃ ) | မဲဆန္ဒနယ်အမှတ် ( ၂ ) | ပလက်ဝခရိုင်တစ်ခုလုံး။ |
| ( ၄ ) | မဲဆန္ဒနယ်အမှတ် ( ၄ ) | မတူပီခရိုင်တစ်ခုလုံး။ |
| ( ၅ ) | မဲဆန္ဒနယ်အမှတ် ( ၅ ) | မင်းတပ်ခရိုင်တစ်ခုလုံး။ |

စာမျက်နှာ ၁၉ သို့

စာမျက်နှာ ၁၈ မှအဆက်

| | | |
|---|---|---|
| | **ရခိုင်ပြည်နယ်** | |
| | **အမျိုးသားလွှတ်တော်** | |
| | **(မဲအများဆုံးရသူ အနိုင်ယူစနစ်)** | |
| (၆) | မဲဆန္ဒနယ်အမှတ် ( ၄ ) | မောင်တောခရိုင်တစ်ခုလုံး။ |
| (၇) | မဲဆန္ဒနယ်အမှတ် ( ၅ ) | မြောက်ဦးခရိုင်တစ်ခုလုံး။ |
| | **ရှမ်းပြည်နယ်** | |
| | **အမျိုးသားလွှတ်တော်** | |
| | **(မဲအများဆုံးရသူ အနိုင်ယူစနစ်)** | |
| (၈) | မဲဆန္ဒနယ်အမှတ် ( ၄ ) | ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ။ |
| (၉) | မဲဆန္ဒနယ်အမှတ် ( ၅ ) | ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ။ |

**( ဂ ) ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့်တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ် ၅၆ နယ်**

| စဉ် | မဲဆန္ဒနယ် | ပါဝင်သည့်နယ်မြေများ |
|---|---|---|
| | **ကချင်ပြည်နယ်လွှတ်တော်** | |
| | **( မဲအများဆုံးရသူ အနိုင်ယူစနစ် )** | |
| ( ၁ ) | ချီဖွေမြို့နယ်မဲဆန္ဒနယ် | ချီဖွေမြို့နယ်တစ်ခုလုံး။ |
| ( ၂ ) | ဆော့လော်မြို့နယ်မဲဆန္ဒနယ် | ဆော့လော်မြို့နယ်တစ်ခုလုံး။ |
| ( ၃ ) | ဆွမ်ပရာဘွမ်မြို့နယ်မဲဆန္ဒနယ် | ဆွမ်ပရာဘွမ်မြို့နယ်တစ်ခုလုံး။ |
| ( ၄ ) | အင်ဂျန်းယန်မြို့နယ်မဲဆန္ဒနယ် | အင်ဂျန်းယန်မြို့နယ်တစ်ခုလုံး။ |
| | **ကယားပြည်နယ်လွှတ်တော်** | |
| | **( မဲအများဆုံးရသူ အနိုင်ယူစနစ် )** | |
| ( ၅ ) | ဖားဆောင်းမြို့နယ်မဲဆန္ဒနယ် | ဖားဆောင်းမြို့နယ်တစ်ခုလုံး။ |
| ( ၆ ) | မယ်စဲ့မြို့နယ်မဲဆန္ဒနယ် | မယ်စဲ့မြို့နယ်တစ်ခုလုံး။ |
| ( ၇ ) | ရှားတောမြို့နယ်မဲဆန္ဒနယ် | ရှားတောမြို့နယ်တစ်ခုလုံး။ |
| | **ချင်းပြည်နယ်လွှတ်တော်** | |
| | **( မဲအများဆုံးရသူ အနိုင်ယူစနစ် )** | |
| ( ၈ ) | ပလက်ဝမြို့နယ်မဲဆန္ဒနယ် | ပလက်ဝမြို့နယ်တစ်ခုလုံး။ |
| ( ၉ ) | မတူပီမြို့နယ်မဲဆန္ဒနယ် | မတူပီမြို့နယ်တစ်ခုလုံး။ |
| (၁၀) | ကန်ပက်လက်မြို့နယ်မဲဆန္ဒနယ် | ကန်ပက်လက်မြို့နယ်တစ်ခုလုံး။ |
| (၁၁) | မင်းတပ်မြို့နယ်မဲဆန္ဒနယ် | မင်းတပ်မြို့နယ်တစ်ခုလုံး။ |
| | **စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်** | |
| | **( မဲအများဆုံးရသူ အနိုင်ယူစနစ် )** | |
| (၁၂) | ထီးချိုင့်မြို့နယ်မဲဆန္ဒနယ် | ထီးချိုင့်မြို့နယ်တစ်ခုလုံး။ |
| (၁၃) | အင်းတော်မြို့နယ်မဲဆန္ဒနယ် | အင်းတော်မြို့နယ်တစ်ခုလုံး။ |
| (၁၄) | ပင်လည်ဘူးမြို့နယ်မဲဆန္ဒနယ် | ပင်လည်ဘူးမြို့နယ်တစ်ခုလုံး။ |
| (၁၅) | မြောင်မြို့နယ်မဲဆန္ဒနယ် | မြောင်မြို့နယ်တစ်ခုလုံး။ |
| (၁၆) | ပုလဲမြို့နယ်မဲဆန္ဒနယ် | ပုလဲမြို့နယ်တစ်ခုလုံး။ |
| (၁၇) | ယင်းမာပင်မြို့နယ်မဲဆန္ဒနယ် | ယင်းမာပင်မြို့နယ်တစ်ခုလုံး။ |
| (၁၈) | ဒီပဲယင်းမြို့နယ်မဲဆန္ဒနယ် | ဒီပဲယင်းမြို့နယ်တစ်ခုလုံး။ |
| (၁၉) | တန့်ဆည်မြို့နယ်မဲဆန္ဒနယ် | တန့်ဆည်မြို့နယ်တစ်ခုလုံး။ |
| (၂၀) | ခင်ဦးမြို့နယ်မဲဆန္ဒနယ် | ခင်ဦးမြို့နယ်တစ်ခုလုံး။ |
| (၂၁) | ဝက်လက်မြို့နယ်မဲဆန္ဒနယ် | ဝက်လက်မြို့နယ်တစ်ခုလုံး။ |
| | **မကွေးတိုင်းဒေသကြီးလွှတ်တော်** | |
| | **( မဲအများဆုံးရသူ အနိုင်ယူစနစ် )** | |
| (၂၂) | ဆောမြို့နယ်မဲဆန္ဒနယ် | ဆောမြို့နယ်တစ်ခုလုံး။ |
| (၂၃) | ထီးလင်းမြို့နယ်မဲဆန္ဒနယ် | ထီးလင်းမြို့နယ်တစ်ခုလုံး။ |
| (၂၄) | ပေါက်မြို့နယ်မဲဆန္ဒနယ် | ပေါက်မြို့နယ်တစ်ခုလုံး။ |
| (၂၅) | မြိုင်မြို့နယ်မဲဆန္ဒနယ် | မြိုင်မြို့နယ်တစ်ခုလုံး။ |
| (၂၆) | ရေစကြိုမြို့နယ်မဲဆန္ဒနယ် | ရေစကြိုမြို့နယ်တစ်ခုလုံး။ |
| | **မန္တလေးတိုင်းဒေသကြီးလွှတ်တော်** | |
| | **(မဲအများဆုံးရသူ အနိုင်ယူစနစ်)** | |
| (၂၇) | နွားထိုးကြီးမြို့နယ်မဲဆန္ဒနယ် | နွားထိုးကြီးမြို့နယ်တစ်ခုလုံး။ |
| (၂၈) | စဉ့်ကူးမြို့နယ်မဲဆန္ဒနယ် | စဉ့်ကူးမြို့နယ်တစ်ခုလုံး။ |
| (၂၉) | မိုးကုတ်မြို့နယ်မဲဆန္ဒနယ် | မိုးကုတ်မြို့နယ်တစ်ခုလုံး။ |
| | **ရခိုင်ပြည်နယ်လွှတ်တော်** | |
| | **(မဲအများဆုံးရသူ အနိုင်ယူစနစ်)** | |
| (၃၀) | ရမ်းဗြဲမြို့နယ်မဲဆန္ဒနယ် | ရမ်းဗြဲမြို့နယ်တစ်ခုလုံး။ |
| (၃၁) | ပေါက်တောမြို့နယ်မဲဆန္ဒနယ် | ပေါက်တောမြို့နယ်တစ်ခုလုံး။ |
| (၃၂) | ပုဏ္ဏားကျွန်းမြို့နယ်မဲဆန္ဒနယ် | ပုဏ္ဏားကျွန်းမြို့နယ်တစ်ခုလုံး။ |
| (၃၃) | ရသေ့တောင်မြို့နယ်မဲဆန္ဒနယ် | ရသေ့တောင်မြို့နယ်တစ်ခုလုံး။ |
| (၃၄) | ဘူးသီးတောင်မြို့နယ်မဲဆန္ဒနယ် | ဘူးသီးတောင်မြို့နယ်တစ်ခုလုံး။ |
| (၃၅) | မောင်တောမြို့နယ်မဲဆန္ဒနယ် | မောင်တောမြို့နယ်တစ်ခုလုံး။ |
| (၃၆) | ကျောက်တော်မြို့နယ်မဲဆန္ဒနယ် | ကျောက်တော်မြို့နယ်တစ်ခုလုံး။ |
| (၃၇) | မင်းပြားမြို့နယ်မဲဆန္ဒနယ် | မင်းပြားမြို့နယ်တစ်ခုလုံး။ |
| (၃၈) | မြေပုံမြို့နယ်မဲဆန္ဒနယ် | မြေပုံမြို့နယ်တစ်ခုလုံး။ |
| (၃၉) | မြောက်ဦးမြို့နယ်မဲဆန္ဒနယ် | မြောက်ဦးမြို့နယ်တစ်ခုလုံး။ |
| | **ရှမ်းပြည်နယ်လွှတ်တော်** | |
| | **(မဲအများဆုံးရသူ အနိုင်ယူစနစ်)** | |
| (၄၀) | ပန်ဆန်း(ပန်ခမ်း)မြို့နယ်မဲဆန္ဒနယ် | ပန်ဆန်း(ပန်ခမ်း)မြို့နယ်တစ်ခုလုံး။ |
| (၄၁) | နားဖန်းမြို့နယ်မဲဆန္ဒနယ် | နားဖန်းမြို့နယ်တစ်ခုလုံး။ |
| (၄၂) | ဟိုပန်မြို့နယ်မဲဆန္ဒနယ် | ဟိုပန်မြို့နယ်တစ်ခုလုံး။ |
| (၄၃) | မိုင်းမောမြို့နယ်မဲဆန္ဒနယ် | မိုင်းမောမြို့နယ်တစ်ခုလုံး။ |
| (၄၄) | ပန်ဝိုင်မြို့နယ်မဲဆန္ဒနယ် | ပန်ဝိုင်မြို့နယ်တစ်ခုလုံး။ |
| (၄၅) | နမ့်ဆန်မြို့နယ် မဲဆန္ဒနယ် | နမ့်ဆန်မြို့နယ်တစ်ခုလုံး။ |
| (၄၆) | မန်တုံမြို့နယ်မဲဆန္ဒနယ် | မန်တုံမြို့နယ်တစ်ခုလုံး။ |
| (၄၇) | ကုန်းကြမ်းမြို့နယ်မဲဆန္ဒနယ် | ကုန်းကြမ်းမြို့နယ်တစ်ခုလုံး။ |
| (၄၈) | လောက်ကိုင်မြို့နယ်မဲဆန္ဒနယ် | လောက်ကိုင်မြို့နယ်တစ်ခုလုံး။ |
| (၄၉) | နမ္မတူမြို့နယ်မဲဆန္ဒနယ် | နမ္မတူမြို့နယ်တစ်ခုလုံး။ |
| (၅၀) | ကွတ်ခိုင်မြို့နယ်မဲဆန္ဒနယ် | ကွတ်ခိုင်မြို့နယ်တစ်ခုလုံး။ |
| (၅၁) | နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ် | နမ့်ခမ်းမြို့နယ်တစ်ခုလုံး။ |
| (၅၂) | မဘိမ်းမြို့နယ်မဲဆန္ဒနယ် | မဘိမ်းမြို့နယ်တစ်ခုလုံး။ |
| (၅၃) | မိုးမိတ်မြို့နယ်မဲဆန္ဒနယ် | မိုးမိတ်မြို့နယ်တစ်ခုလုံး။ |
| (၅၄) | မိုင်းလားမြို့နယ်မဲဆန္ဒနယ် | မိုင်းလားမြို့နယ်တစ်ခုလုံး။ |
| (၅၅) | ကွမ်းလုံမြို့နယ်မဲဆန္ဒနယ် | ကွမ်းလုံမြို့နယ်တစ်ခုလုံး။ |
| (၅၆) | သိန္နီမြို့နယ်မဲဆန္ဒနယ် | သိန္နီမြို့နယ်တစ်ခုလုံး။ |

၂။ သို့ဖြစ်၍ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

---

**❑ ပြင်ဆင်သတ်မှတ်ကြေညာခြင်းမှ**

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၅၆ နယ်တို့တွင် ရွေးကောက်ပွဲများကျင်းပခြင်းပြုမည်မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁၄ - ၉ - ၂၀၂၅ ရက်စွဲပါ ကြေညာချက်အမှတ် ( ၁၀၃ /၂၀၂၅ ) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၃။ သို့ဖြစ်၍ နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည့် သက်ဆိုင်ရာမဲဆန္ဒနယ်များ၌ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် အချိန်ပိုမိုရရှိစေရန် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်းသည့်နေ့ရက်များကို အောက်ပါအတိုင်း ရက်တိုးမြှင့်၍ ပြင်ဆင်သတ်မှတ်ကြေညာလိုက်သည် -

| | | |
|---|---|---|
| (က) | လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း စတင်တင်သွင်းနိုင်သည့် နေ့ရက် | **၂၀၂၅ ခုနှစ် စက်တင်ဘာလ ၈ ရက်** |
| ( ခ ) | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံးနေ့ရက် | **၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၇ ရက်** |
| ( ဂ ) | PR မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီတစ်ခုအနေဖြင့် မိမိပါတီ ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးအတွက် အမည်စာရင်းတင်သွင်းလွှာကို ရုပ်သိမ်းပါက စတင်အစားထိုး ပြန်လည်တင်သွင်းရမည့် နေ့ရက်နှင့် နောက်ဆုံး နေ့ရက် | **၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၈ ရက်မှ စက်တင်ဘာလ ၂၂ ရက်ထိ** |
| (ဃ) | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရမည့် နောက်ဆုံးနေ့ရက် | **၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၂ ရက်** |
| ( င ) | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများ စိစစ်မည့် နေ့ရက် | **၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၃ ရက်မှ အောက်တိုဘာလ ၄ ရက်ထိ** |

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည့်ကျိုးမျှော်ရည် ရှေ့သို့ချီ နိုင်ငံသစ်ဆီ တို့ဦးတည်

ရတနာ






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ်မှာ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၃၀ ရက်မှ စက်တင်ဘာလ ၆ ရက်အထိ ရှစ်ရက်တာကာလမျှ ကြာမြင့်ခဲ့သည်။

ခရီးစဉ်ပထမပိုင်းအနေဖြင့် ဩဂုတ်လ ၃၀ ရက်မှ စက်တင်ဘာလ ၂ ရက် နံနက်ပိုင်းထိ တီယန်ကျင်းမြို့တွင်ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) ထိပ်သီးအစည်းအဝေးသို့တက်ရောက်ခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်အပါအဝင် တက်ရောက်လာသည့် အခြားသော နိုင်ငံ့ခေါင်းဆောင်များနှင့်တွေ့ဆုံဆွေးနွေးခြင်း၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတွေ့ဆုံပွဲများဆောင်ရွက်ခြင်း၊ သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခြင်းနှင့် တီယန်ကျင်းဆိပ်ကမ်းသို့ သွားရောက်လေ့လာခြင်းတို့ကို မနားမနေကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ခရီးစဉ်ဒုတိယပိုင်းမှာ စက်တင်ဘာလ ၂ ရက်မှ ၄ ရက် နံနက်ပိုင်းအချိန်ထိဖြစ်သည်။ နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ထိုမျှတိုတောင်းသောအချိန်ကာလအတွင်းမှာပင် Tian'anmen ရင်ပြင်၌ကျင်းပသည့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် (၈၀) ပြည့်အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခြင်းအပါအဝင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဒုတိယသမ္မတနှင့်တွေ့ဆုံဆွေးနွေးခြင်း၊ သံရုံး၊ စစ်သံရုံးမိသားစုဝင်များနှင့် ပညာတော်သင်ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအားပေးခြင်းနှင့် Tebian Electric Apparatus (TBEA) ကုမ္ပဏီသို့သွားရောက်လေ့လာခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ကြသည်။

အလုပ်သဘောခရီးစဉ်၏ တတိယပိုင်းအဖြစ် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၄ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဟာပင်းမြို့ Taiping International Airport သို့ရောက်ရှိကြသည်။ တရုတ်အစိုးရမှ ဒုတိယဝန်ကြီးအဆင့်ရှိသူတစ်ဦးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် နွေးထွေးလှိုက်လှဲစွာ ဆီးကြိုနှုတ်ဆက်ကြသည်။

ကြည်လင်သောကောင်းကင်သည် ညက်ညက်မှုန်၍ ပြာပြာလွင်လွင် စင်ကြယ်တောက်ပလျက်ရှိသည်။ ဟာပင်းမြို့၏ နှင်းငွေ့ပါသောလေပြည်တစ်သုတ်က ကော်ဇောနီလျှောက်လမ်းတစ်လျှောက်ဝှေ့ဝဲလိုက်ပါလျက် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ငြိမ်းချမ်းအေးမြစွာဆီးကြိုနေဘိသို့...။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ ခရီးစဉ်ပထမပိုင်းနှင့် ဒုတိယပိုင်းတို့တွင် ငါးရက်တာမျှ လုပ်ငန်းတာဝန်များကို ဆက်တိုက်ဆိုသလို မနားမနေကြိုးပမ်းဆောင်ရွက်ခဲ့ကြသော်လည်း ပင်ပန်းနွမ်းနယ်ဟန်မရှိ။ အားလုံးမှာ တက်ကြွလန်းဆန်းလျက်ပင်။

ဟာပင်းမြို့ကို အေးလွန်းလှသဖြင့် လေထဲကိုရေပက်လိုက်လျှင်ပင် ရေခဲဖြစ်သွားသည့်မြို့ဟု တင်စား၍ ဆိုကြသည်။ ထိုသို့ "ရေခဲမြို့တော်"ဟုလည်း အမည်တွင်သည့် ဟာပင်းမြို့သည် တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းရှိ ဟေလုံကျန်းပြည်နယ်၏မြို့တော်ဖြစ်သည်။ လူဦးရေငါးသန်းကျော် မှီတင်းနေထိုင်လျက်ရှိသည့် အလျင်အမြန်ဖွံ့ဖြိုးတိုးတက်နေသော ခေတ်မီမြို့ကြီးတစ်မြို့လည်းဖြစ်သည်။

ရုရှား-ဂျပန် စစ်ပွဲအတွင်းက စစ်စခန်းမြို့အဖြစ် စတင်ထင်ရှားလာရာမှ ယခုအခါ တရုတ်နိုင်ငံအရှေ့မြောက်ဒေသအတွင်းနှင့် နိုင်ငံတကာသယ်ယူပို့ဆောင်ရေးတွင် ဗဟိုချက်ကျသောမြို့အဖြစ် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

ဟာပင်းမြို့၏ ရေခဲနှင်းပွဲတော် (Harbin Ice and Snow Festival ) သည် ကမ္ဘာကျော်ပွဲတော်ကြီးဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားကို နှစ်စဉ် ဇန်နဝါရီလ ၅ ရက်တွင် စတင်ကျင်းပလေ့ရှိသည်။ နှစ်လကျော်မျှကြာမြင့်လေ့ရှိသည့် အဆိုပါရေခဲနှင်းပွဲတော်မှာ ကမ္ဘာ့အကြာဆုံးနှင့် ပျော်ရွှင်စရာအကောင်းဆုံးနှင်းပွဲတော်လည်းဖြစ်သည်။ စတုရန်းမီတာ ၆၀၀၀၀ ကျယ်ဝန်းသော နတ်သမီးနယ်မြေထဲတွင် အနုပညာမြောက် နှင်းပန်းပုလက်ရာများကို ကြည်နူးချမ်းမြေ့စွာကြည့်ရှုခံစားနိုင်သည်။

ပွဲတော်အတွက်လိုအပ်သောရေခဲများကို ဟာပင်းမြို့ရှိ ဆုန့်ဟွာမြစ်မှ ခုတ်ယူထားခြင်းဖြစ်သည်။ ဟာပင်းရေခဲပြင်နှင့် နှင်းကမ္ဘာတည်ဆောက်မှုအတွက် စုစုပေါင်းကုဗမီတာတစ်သိန်းရှိ ရေခဲတုံးများကို အသုံးပြုထားခြင်းဖြစ်သည်။ လူလုပ်ရေခဲတုံးများတွင် လေပူဖောင်းများပါဝင်ပြီး ထွင်းထုရန်လုံလောက်သော ခိုင်ခံ့မှုမရှိသဖြင့် ဟာပင်းမြို့ကို ဖြတ်သန်းစီးဆင်းနေသည့် အေးခဲနေသော ဆုန့်ဟွာမြစ်မှ ယူဆောင်ကြရခြင်းဖြစ်သည်။

ဟာပင်းရေခဲနှင်းကမ္ဘာ (Harbin Ice and Snow World) မှာ ကမ္ဘာလှည့်ခရီးသွားများ အထူးနှစ်ခြိုက်သောနေရာဖြစ်သည်။ ၎င်းနေရာတွင် နှင်းရေခဲတို့ဖြင့်ပြုလုပ်ထားသည့် ရဲတိုက်ကြီးများ၊ ကာတွန်းဇာတ်ကောင်ရုပ်တုများကို အနုပညာမြောက်စွာ ခံစားကြည့်ရှုနိုင်သည်။ အေးမြသောနှင်းနှင့် ကြွံကြွံခံသော ရေခဲတုံးကြီးများမှာ အံ့ဖွယ်လက်မှုပညာရှင်များ၏အစွမ်းဖြင့် အသက်ဝင်လျက်ရှိသည်။ ရင်သပ်ရှုမောဖွယ်သက်ဝင်လှုပနေသော ရေခဲပန်းပုလက်ရာများဟု ညွှန်းဆိုရမည်ဖြစ်သည်။ ကမ္ဘာ့အမျိုးအစားအစုံလင်ဆုံး နှင်းကစားနည်းများကိုလည်း ပါဝင်ဆင်နွှဲနိုင်သည်။ ထို့ပြင် ဆန်းကျွန်း (Sun Island) တွင် ရေခဲနှင်းရုပ်တုပြပွဲများနှင့် ကျိုလင်ပန်းခြံ (ZhaoLin Park)တွင် ရေခဲမီးအိမ်ပြပွဲများကိုလည်း ကျင်းပလေ့ရှိသည်။

နှင်းလှည့်လည်ခရီးသွားခြင်းနှင့် နှင်းလျှောစီးအတွေ့အကြုံများအတွက်ရေခဲနှင်းပွဲတော်ကိုခံစားရင်း နှင်းလျှောစီးဝါသနာပါသူများအတွက် ယဘူလီနှင်းလျှောစီးစခန်း (Yabuli Ski Resort) နှင့် ကျီဟွာနှင်းလျှောစီးစခန်း (Jihua Ski Resort) တို့က အသင့်စောင့်ကြိုနေပါလိမ့်မည်။

မြို့၏ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များအနေဖြင့် ရှေးဟောင်းရပ်ကွက် (Old Quarter)၊ စိန့်ဆိုဖီဘုရားကျောင်း (St. Sophia Cathedral)၊ ဗဟိုလမ်းမကြီး (Central Avenue)၊ စတာလင်ပန်းခြံ (Stalin Park) စသည်တို့တွင် အံ့မခန်းသောဗိသုကာလက်ရာများကို လှည့်လည်ကြည့်ရှုနိုင်သည်။ ရုရှား၊ ဥရောပနှင့် ဂျပန်တို့၏ လူနေမှုပုံစံများကိုလည်း မတူကွဲပြားစွာခံစားနိုင်သည်။ ထို့ကြောင့်လည်း ၂၀၂၄ ခုနှစ် တစ်နှစ်အတွင်းမှာပင် ခရီးသွားဧည့်သည် ၁၇၉ သန်းထိ ဝင်ရောက်ခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ ခရီးသွားနေရာအဖြစ် ထင်ရှားကျော်ကြားလျက်ရှိခြင်းဖြစ်သည်။

ဆိုရလျှင် စိတ်ဝင်စားဖွယ်ရာများနှင့် ပြည့်နှက်နေသော ဟာပင်းမြို့ပင်ဖြစ်ပါ၏။

ထို့ပြင် မြို့၏ကြွယ်ဝလှသော ရေခဲနှင့်ဆီးနှင်းအရင်းအမြစ်များက ဟာပင်းမြို့နှင့် ဆောင်းရာသီအားကစားသမိုင်းကြောင်းများကို ကောင်းမွန်စွာဆက်စပ်ပေးလျက်ရှိသည်။ ပြီးခဲ့သည့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် ၉ ကြိမ်မြောက် အာရှဆောင်းရာသီအားကစားပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ် ခမ်းနားထည်ဝါ




စည်ကားသိုက်မြိုက်စွာ လက်ခံကျင်းပပေးနိုင်ခဲ့သည်မှာ ဟာပင်းမြို့၏ မမေ့နိုင်ဖွယ်ရာ အမှတ်တရနေ့ရက်များပင်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ခရီးရောက်မဆိုက်မှာပင် Harbin Institute of Technology သို့သွားရောက်၍ ကြည့်ရှုလေ့လာကြသည်။ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက နွေးထွေးလှိုက်လှဲစွာ ဆီးကြိုနှုတ်ဆက်သည်။ နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် အာကာသပြခန်းအတွင်း ခင်းကျင်းပြသထားသည့် မစ်ဇိုင်းများထုတ်လုပ်ခဲ့မှု၊ ဒုံးပျံများ၊ ဂြိုဟ်တုများသုတေသနပြုတီထွင်ထုတ်လုပ်ခဲ့မှု၊ နိုင်ငံတော်ကာကွယ်ရေးအတွက် နျူကလီးယားဗုံးနှင့် ဟိုက်ဒရိုဂျင်ဗုံးများ စမ်းသပ်တီထွင်အောင်မြင်ခဲ့မှု၊ ကဏ္ဍအလိုက်ဂြိုဟ်တုများ တီထွင်ထုတ်လုပ်လွှတ်တင်ခဲ့မှု၊ အာကာသပိုင်းဆိုင်ရာအောင်မြင်မှုများ၊ လကမ္ဘာသို့ဆင်းသက်မှုပြခန်း၊ အာကာသယာဉ်များလွှတ်တင်ခဲ့မှု၊ တရုတ်နိုင်ငံမှပေါ်ထွန်းခဲ့သည့် အာကာသပညာရှင်များပြခန်းတို့ကို စိတ်ပါဝင်စားစွာလှည့်လည်ကြည့်ရှုလေ့လာကြသည်။ Harbin Institute of Technology နှင့်မြန်မာနိုင်ငံအကြား အာကာသဆိုင်ရာနည်းပညာများ မျှဝေနိုင်မှုနှင့်ပတ်သက်၍လည်း အလေးထားဆွေးနွေးခဲ့ကြသည်။

**စာမျက်နှာ ၂၁ သို့**

စာမျက်နှာ ၂၀ မှအဆက်

လူတစ်ဦးတစ်ယောက်ချင်းစီ၏ ဘဝတိုးတက်မြင့်မားစေရေးမှသည် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးထိ အဓိပ္ပာယ်ထင်ဟပ်ပေါ်လွင်နေသော တရုတ်စကားပုံများကို သတိပြုမိသည်။ "ခြေလှမ်းတစ်သောင်းသွားလိုလျှင် ခြေတစ်လှမ်းကအစပြုပါ"၊ "ဖြည်းဖြည်းချင်းလျှောက်လှမ်းရမှာထက် ရပ်နေမိမှာကိုသာကြောက်ပါ" စသည်ဖြင့် ဖြစ်၏။ မှန်ပါသည်။ ခြေတစ်လှမ်းမျှ မလှမ်းသူသည် အဘယ်မှာလျှင် ခရီးတွင်ပါမည်နည်း။ ရပ်နေသူသည် အဘယ်မှာလျှင် ခရီးရောက်ပါမည်နည်း။

နိုင်ငံတော်အကြီးအကဲဟူသည် ရှေ့ဆောင်လမ်းပြသူဖြစ်သည်။ ပညာရေးကို အထူးအားပေးသူဖြစ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူ၊ နိုင်ငံသားများ အကျိုးစီးပွားအတွက် တစ်ရံမလပ်ခရီးနှင်နေသူဖြစ်သည်။ တစ်လှမ်းမကသော ခြေလှမ်းများကို ဆက်ကာဆက်ကာ လှမ်းနေသူဖြစ်သည်။ မျိုးစေ့ကောင်းများစွာကို ကြဲပက်စိုက်ပျိုးနေသူဖြစ်သည်။ ပန်းကိုလို၍ အပင်ကိုပျိုးနေခြင်းဖြစ်သည်။ မဝေးတော့သောအနာဂတ်တွင် ပွင့်သောပန်းတို့ မွှေးမြဝေစည်ပေတော့မည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်။ အရာရာတွင် ပညာကဦးဆောင်လျက်ရှိသည်။ မည်သည့်ကဏ္ဍတွင်မဆို သိပ္ပံနှင့်နည်းပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများကို အဓိကမောင်းနှင်အားအဖြစ် ကျင့်သုံးလျက်ရှိသည်။ ပညာရပ်ဆိုင်ရာလုပ်ငန်းစဉ်တို့မည်သည် ရပ်တန့်နေ၍မရ။ မိမိတို့၏ရှိရင်းစွဲအခြေခံကောင်းများကို ကြိုးစားမှုလုံ့လဥဿာဟဖြင့် ထပ်မံပေါင်းဖြည့်ရမည်ဖြစ်သည်။ ပညာရေးသည် သီးခြားကင်းလွတ်နေသည့် နယ်ပယ်တစ်ခုမဟုတ်ဘဲ လူ့အဖွဲ့အစည်းနှင့် ဆက်စပ်ယှဉ်တွဲစဉ်းစားရသည့် လုပ်ငန်းဖြစ်သည်။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြန်လည်ထူထောင်ရေးအတွက် လက်တွေ့လုပ်ငန်းခွင်နယ်ပယ်နှင့် ပေါင်းစပ်၍ ရလဒ်ကောင်းများကို ဆောင်ကြဉ်းပေးနိုင်ရမည်ဖြစ်သည်။ Harbin Institute of Technology သို့ သွားရောက်လေ့လာစဉ်အတွင်း နိုင်ငံတော်အကြီးအကဲ၏ စိတ်ဝင်တစားစူးစမ်းမေးမြန်းမှုများနှင့် လေ့လာဆွေးနွေးမှုများက ထိုသဘောကိုဖော်ညွှန်းနေသည်။

အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ တာဝန်ရှိသူများ၏ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးခြင်း၊ မေးမြန်းခြင်းတို့ဖြင့် အာရုံစူးစိုက်လျက်ရှိရာ အချိန်တို့မည်သို့မည်ပုံ ကုန်သွားသည်ကိုပင် သတိမထားမိလိုက်။ သို့နှင့်ညနေပိုင်းသို့ပင် ရောက်ရှိလာပြီဖြစ်သည်။

ဟာပင်းမြို့၏ ရာသီဥတုမှာ ပေကျင်းမြို့မှာထက် အနည်းငယ်အအေးဓာတ်ပိုသည်ဟုခံစားရသည်။ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ အနားမယူနိုင်သေးဘဲ ရရှိလာသည့်အချိန်အတွင်း Harbin Electric Corporation သို့ ဆက်လက်သွားရောက်လေ့လာကြသည်။

ပြခန်းအတွင်းခင်းကျင်းပြသထားသည့် ရေအားလျှပ်စစ်သုံး ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း၊ လေအားလျှပ်စစ်သုံး ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း၊ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း၊ ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများအတွက်လိုအပ်သည့် ဂျင်နရေတာများနှင့် ဆက်စပ်ပစ္စည်းကိရိယာများထုတ်လုပ်လျက်ရှိမှု၊ Green Power Energy ထုတ်လုပ်ခြင်းအခြေအနေများ၊ အီလက်ထရောနစ်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ကြည့်ရှုလေ့လာကြသည်။ စက်ရုံအတွင်း AI စနစ်အသုံးပြု၍ စက်ပစ္စည်းကိရိယာများထုတ်လုပ်နေမှုအခြေအနေများမှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။



နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူလူထု၏ လူနေမှုအဆင့်အတန်းတိုးတက်မြင့်မားမှုတို့အတွက် လျှပ်စစ်ဓာတ်အားသည် အခြေခံအကျဆုံးနှင့် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်။ မြန်မာနိုင်ငံသည် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့် အရင်းအမြစ်ပေါများကြွယ်ဝသော်လည်း လက်ရှိထုတ်ယူနိုင်မှုမှာ လွန်စွာနည်းပါးသည့်ပမာဏတွင် ရှိနေသည်။

နိုင်ငံတော်အကြီးအကဲက ခရီးစဉ်အတွင်း Harbin Electric Corporation သို့ သွားရောက်လေ့လာစဉ် မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်မှုတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေကောင်းများကိုပါ အမြော်အမြင်ကြီးစွာ မမေ့မလျော့ထည့်သွင်းဆွေးနွေးနိုင်ခဲ့သည်။

အချိန်တို့မှာ တရိပ်ရိပ်ကုန်ဆုံးလျက်ရှိသည်။ ဆောင်ရွက်ရမည့် လုပ်ငန်းအချိန်ဇယားတို့မှာ နံနက်မှသည် ညအထိ အကြားအလပ်မရှိ။ ထို့အတူ နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်ကြီးများမှာလည်း အရပ်အနားမရှိ အားကြိုးမာန်တက်ဆောင်ရွက်နေကြသည်။

ညနေ ၅ နာရီခွဲတိုင်ခဲ့ပြီဖြစ်သည်။ နိုင်ငံတော်အကြီးအကဲသည် ဟာပင်းမြို့ရှိ တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင်ကျောင်းသား၊ ကျောင်းသူများကို ရှန်ဂရီလာဟိုတယ်သို့ သွားရောက်တွေ့ဆုံသည်။

ပညာသင်ကြားခြင်းဆိုသည်မှာ မိမိအတွက်၊ နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေသောကိစ္စကောင်းတစ်ရပ်ဖြစ်သည်။ မိမိတို့ဘဝတိုးတက်ရေးနှင့် မိမိနိုင်ငံတိုးတက်ရေးဟူသော ယုံကြည်ချက်၊ ခံယူချက်တို့ဖြင့် ပညာသင်ယူခွင့်ရသည့်အခိုက်တွင် အပတ်တကုတ်ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ ပြည်ပတွင် ပညာသင်ကြားခွင့်ရခြင်းဆိုသည်မှာ လူတိုင်းရနိုင်သောအခြေအနေမျိုးမဟုတ်ပေ။ ပညာရပ်တစ်ခုတွင်အခြားသူများထက်ပိုမိုကြိုးစားအားထုတ်မှုရှိ၍သာ ဘက်ပေါင်းစုံစိစစ်ရွေးချယ်ခံပြီးမှ ပညာသင်ယူခွင့်ရရှိခြင်းဖြစ်သည်။ ပညာတော်သင်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ထိုအခွင့်အလမ်းကိုတန်ဖိုးထား၍ ရောက်ရှိရာနေရာဌာနတိုင်းတွင် ပညာကိုကြိုးစားသင်ယူကြရမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲက ပညာတော်သင်ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံတော်၏ပကတိအရှိတရားများနှင့် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။ မိမိတို့ဘဝတိုးတက်မှုဆိုင်ရာ ကိုယ်စီပြုကျင့်ရမည့် အကြောင်းခြင်းရာများကိုလည်း ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နွေးနွေးထွေးထွေးမှာကြားခြင်းပြုသည်။ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကို ပေးအပ်သည်။ ဤသို့ပြုမူခြင်းမှာ နိုင်ငံတော်အကြီးအကဲသည်အမိအဖသဖွယ်စိတ်ဓာတ်ဖြင့် မိမိနိုင်ငံသူ၊ နိုင်ငံသားများကို ပြည်တွင်း၊ ပြည်ပမခြား အကြားအလပ်မရှိသော ချစ်ခြင်းမေတ္တာဖြင့် တစ်ပြေးညီကြည့်ရှုစောင့်ရှောက်ခြင်းဟုလည်းဆိုနိုင်သည်။

လှပသောညနေဆည်းဆာသည် ဟာပင်းမြို့သို့ တိတ်တဆိတ်ချဉ်းကပ်လာပြီဖြစ်သည်။ ညဦးလေပြည်သည် ရှေ့ပြေးတိုက်ခတ်လာ၏။ နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်ကြီးများမှာကိုယ်ပိုင်အချိန်ဟူ၍မထား။ အဓိကအားဖြင့် ခရီးစဉ်တစ်လျှောက်လုံးတွင် ပြင်ဆင်ချိန်နှင့်လုပ်ငန်းဆောင်ရွက်ချိန်ဟူ၍သာရှိသည်။

ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် ဟေလုံကျန်းပြည်နယ် ပါတီအတွင်းရေးမှူး Mr. Xu Qin နှင့် ဆက်လက်တွေ့ဆုံသည်။ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ယဉ်ကျေးမှုကဏ္ဍ၊ စိုက်ပျိုးရေးနှင့် ကုန်သွယ်ရေးကဏ္ဍ၊ နည်းပညာဖလှယ်မှုနှင့် ပညာရေးကဏ္ဍအပါအဝင် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

နိုင်ငံတော်အကြီးအကဲသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအစရှိသည့် ကဏ္ဍပေါင်းစုံတွင် မိမိတို့နိုင်ငံ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ်ရောက်ရှိနေစဉ်အတွင်း ရရှိသည့်အချိန်၊ ပေးလာသည့်အခွင့်အလမ်းတို့ကို မလွတ်တမ်းဆုပ်ကိုင်၍ နိုင်ငံတော်အကြီးအကဲများ၊ ဒေသဆိုင်ရာအကြီးအကဲများနှင့်အလေးအနက်ထား၍ ချစ်ကြည်ရင်းနှီးစွာတွေ့ဆုံဆွေးနွေးလေ့ရှိသည်။ ထိုဆွေးနွေးမှုများမှတစ်ဆင့် အမိနိုင်ငံအတွက် ရလဒ်ကောင်းများ ဆောင်ကြဉ်းပေးလျက်ရှိသည်ကိုလည်း အားတက်ဖွယ်တွေ့ရှိရသည်။

စက်တင်ဘာလ ၅ ရက် ခရီးစဉ်တတိယပိုင်း အစီအစဉ်ဖြစ်သည့် ဟာပင်းမြို့၏ ဒုတိယမြောက်နေ့ရက်ဖြစ်သည်။ အဆင့်မြင့်ကိုယ်စားလှယ်ကြီးများမှာ နောက်တစ်နေ့အတွက် ကြိုတင်ပြင်ဆင်မှုများဖြင့် အိပ်ရာဝင်နောက်ကျခဲ့ကြသော်လည်း လန်းဆန်းတက်ကြွစွာပင် နိုးထလာသည်။ ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် Beidahaung Smart Agriculture Exhibition Center သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ခင်းကျင်းပြသထားသည့် လယ်ယာစိုက်ပျိုးမှုသရုပ်ပြပုံစံငယ်၊ ခေတ်မီဒစ်ဂျစ်တယ်လူမဲ့နည်းပညာဖြင့် AI စနစ်အသုံးပြု၍ စက်ယန္တရားများထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းခြင်းများဆောင်ရွက်မှု၊ AI စနစ်သုံး Drone များဖြင့် စိုက်ပျိုးမြေများအတွက် လိုအပ်သောမြေဩဇာများ၊ ပိုးသတ်ဆေးများကြဲပက်ခြင်းနှင့် မျိုးစေ့ကြဲပက်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှထွက်ရှိလာသည့် ကုန်ကြမ်းပစ္စည်းများအသုံးပြု၍ တန်ဖိုးမြင့်ကုန်ချောပစ္စည်းများ ထုတ်လုပ်ရောင်းချလျက်ရှိမှုနှင့် Beidahaung Smart Agriculture မှ ထုတ်လုပ်သည့် အဆင့်မြင့်လယ်ယာသုံးစက်ပစ္စည်းကိရိယာများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

မည်သည့်စီးပွားရေးလုပ်ငန်းမဆို နည်းပညာကို မြင့်မားစွာအသုံးပြုနိုင်မှုသည် အောင်မြင်မှု၏ သော့ချက်ဖြစ်ရာ မြန်မာနိုင်ငံ၏စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင်လည်း အဆင့်မြင့်နည်းပညာများကို အသုံးပြုနိုင်ရမည်ဖြစ်သည်။ မျိုး၊ မြေ၊ ရေ၊ နည်းဟူသော အချက်လေးချက်စလုံးတွင် ခေတ်မီနည်းပညာကို အသုံးပြုနိုင်ပါက သတ်မှတ်ထားသည့် အထွက်နှုန်းပန်းတိုင်ရည်မှန်းချက်ကို ပြည့်မီစေမည်မှာ မလွဲဧကန်ဖြစ်သည်။ ထို့ကြောင့်ပင် နိုင်ငံတော်အကြီးအကဲအနေဖြင့် ပြည်ပခရီးစဉ်တိုင်းတွင် စိုက်ပျိုးရေးကဏ္ဍနှင့်ပတ်သက်၍ အထူးအလေးအနက်ထားလေ့ရှိသည်ကို သတိပြုမိသည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် Heilongjiang Huida Technology Co., Ltd. သို့ ဆက်လက်ထွက်ခွာ၍ အဆင့်မြင့်စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ မောင်းသူမဲ့စနစ်နှင့် ယာဉ်ယန္တရားဒီဇိုင်းများထုတ်လုပ်လျက်ရှိမှု၊ စိုက်ပျိုးရေးအထောက်အကူပြု Drone များ ထုတ်လုပ်အသုံးပြုလျက်ရှိမှု၊ AI စနစ်သုံး မြေအခြေအနေတိုင်းတာရေးပစ္စည်းများ ထုတ်လုပ်လျက်ရှိမှုအခြေအနေများကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးဆိုင်ရာ ရေခံမြေခံ၊ အခြေခံကောင်းများနှင့် ပြည့်စုံပြီးဖြစ်သည်။ ထိုသို့ပေါများကြွယ်ဝပြီးဖြစ်သော အခြေခံအရင်းအမြစ်ကောင်းများကို အဆင့်မြင့်နည်းပညာရပ်များဖြင့် သဟဇာတကျစွာပေါင်းစပ်မြှင့်တင်နိုင်ရမည်ဖြစ်သည်။ နည်းပညာရပ်များကို ထိရောက်အကျိုးရှိစွာ အသုံးချခြင်းအားဖြင့် ပန်းတိုင်အထွက်နှုန်းများသို့ တိုးတက်ရရှိလာစေမည်ဖြစ်သည်။ တစ်နည်းအားဖြင့် ကုန်ကြမ်းပစ္စည်းလုံလောက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်သည်။ ယင်းမှတစ်ဆင့် ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်လည်ပတ်၍ အလုပ်အကိုင်နှင့် အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ရုံမျှမက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုပါ အထောက်အကူပြုလာစေနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အလုပ်သဘောခရီးစဉ်မှာ မပြီးဆုံးသေးပေ။ ဆက်လက်၍ ဟာပင်းမှသည် ချန်ဒူးဆီသို့ ခရီးနှင်ရဦးမည်ဖြစ်သည်။ အမိနိုင်ငံတော်အတွက် ဆောင်ရွက်ဖွယ်လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရဦးမည်ဖြစ်သည်။ ခရီးစဉ်ကာလမှာ ရက်ပေါင်းအနည်းငယ်မျှဆိုသော်လည်း အကျိုးကျေးဇူးများစွာကို ဖြစ်ထွန်းဖော်ဆောင်နိုင်ခဲ့ပြီဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ၏ ယခုခရီးစဉ်မှာ ပြည့်ကျိုးမျှော်ရည်ရှေ့သို့ချီ၍ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်ဆီသို့ ဦးတည်လျှောက်လှမ်းနေသည့် သမိုင်းတွင်မည့် သမိုင်းဝင်ခြေလှမ်းများပင်ဖြစ်ပါတော့သည်။ ။



မော်တော်ယာဉ်အတွင်း သို၀ှက်သယ်ဆောင်လာသည့် လက်နက်ခဲယမ်းများကို တွေ့ရစဉ်။

**❖ လက်နက်ခဲယမ်းများဖမ်းဆီးရမိမှု**

ထိုသို့လုပ်ဆောင်လျက်ရှိရာ လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက် လုပ်ရပ်များလျော့နည်းပပျောက်စေရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူလူထုတို့ ပူပင်ကြောင့်ကြမှုကင်းစွာဖြင့် လုပ်ကိုင် စားသောက်နိုင်ရေးတို့အတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို နေ့၊ ညမပြတ် တိုးမြှင့်ဆောင်ရွက်လျက် ရှိသကဲ့သို့ သတင်းဆက်စပ်ဖော်ထုတ်ခြင်း များဖြင့်လည်း ဒေသအလိုက်အကြမ်းဖက် မှုလျော့နည်းပပျောက်စေရေး ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပျက် ပြားစေသောလုပ်ရပ်နှင့် အကြမ်းဖက် လုပ်ဆောင်မှုကို ဆန့်ကျင်လိုကြသည့် ဒေသခံအချို့၏ လျှို့ဝှက်ဆက်သွယ်သတင်း ပေးပို့မှုနှင့် အခြားဆက်စပ်သတင်းဖော် ထုတ်မှုများအရ PDF အမည်ခံ အကြမ်း ဖက်သမားဖြစ်သူ သန်းလွင်ဆိုသူသည် ရဟန်းသံဃာအယောင်ဆောင်၍လက်နက် ခဲယမ်းများကို ဖြူးမြို့နယ် ကျောက်တိုင် ကျေးရွာမှသယ်ဆောင်ကာ ဇယားကျေး ရွာကိုဖြတ်သန်း၍ ၎င်းမှတစ်ဆင့် အုတ်တွင်း မြို့နယ် ကွဲ့ပွဲမြို့အနီး သို့မဟုတ် ရန်ကုန်- မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် ၁၂၈/၂ သို့ပို့ဆောင်မည်ဖြစ်ကြောင်း သိရှိရ သဖြင့် ယနေ့နံနက်ပိုင်းတွင် လုံခြုံရေး တပ်ဖွဲ့ဝင်များက ဖြူးမြို့နယ် ညောင်ပင် သာ ကျေးရွာအနီး စောင့်ဆိုင်းစစ်ဆေးမှု များဆောင်ရွက်ခဲ့ရာ ကျောက်တိုင်ကျေး ရွာဘက်မှ ညောင်ပင်သာကျေးရွာဘက်သို့ ရဟန်းသံဃာအယောင်ဆောင် PDF အမည်ခံ အကြမ်းဖက်သမား သန်းလွင် မောင်းနှင်လာသည့် ယာဉ်အမှတ် RLG / 1412၊ X-Trail အနက်ရောင် လိုင်စင်မဲ့ ယာဉ်ကို ယာဉ်၏ကိုယ်ထည်အတွင်း သို၀ှက်သယ်ဆောင်လာသည့် လက်နက် မျိုးစုံ ကိုးလက်၊ ဆက်စပ်ပစ္စည်းများနှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ ရဟန်းသံဃာအယောင် ဆောင် PDF အမည်ခံအကြမ်းဖက်သမား ကို ဝိနည်းဓမ္မကံဆိုင်ရာ လုပ်ထုံးလုပ်နည်း များနှင့်အညီလူဝတ်လဲ၍ စစ်ဆေးမေးမြန်း သတင်းဆက်စပ်ဖော်ထုတ်ချက်များအရ အဆိုပါလက်နက်ခဲယမ်းများကို လာ ရောက်ယူဆောင်မည့်သူများကို ဖမ်းဆီး ရမိနိုင်ရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရန်ကုန်- မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် ၁၂၇/၆ အနီး လမ်း၏အနောက်ဘက် မီတာ ၁၀၀ ခန့်အကွာတွင် ပြောက်ကျားယူနီဖောင်း ဝတ်ဆင်ထားသူ PDF အမည်ခံအကြမ်း ဖက်သမားများနှင့် အပြန်အလှန်ထိတွေ့မှု ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများအနေ ဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထိုကဲ့သို့ အပြန်အလှန်ထိတွေ့မှုဖြစ် ပွားနေချိန်တွင် ဖမ်းဆီးရမိရဟန်းသံဃာ အယောင်ဆောင် PDF အမည်ခံအကြမ်း ဖက်သမား သန်းလွင်သည် အခွင့်ကောင်း ယူထွက်ပြေးရန်ကြိုးစားခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ရပ်တန့်ရန်ပြောကြား ခဲ့သော်လည်း ရပ်တန့်ခြင်းမရှိသော ကြောင့် ခြောက်လှန့်ပစ်ခတ်ခဲ့ရာ သန်းလွင် သည် ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ ကြောင်း သိရှိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများ ၏အကြမ်းဖက်လုပ်ရပ်များကို သက်ဆိုင်ရာ ဒေသခံများအနေဖြင့် လက်ခံမှုမရှိဘဲ ကြောက်ရွံ့စိုးရိမ်မှုများ ဖြစ်ပေါ်လျက်ရှိ ကာ ၎င်းတို့၏လှုပ်ရှားမှုသတင်းများကို ယခုကဲ့သို့ အချိန်မီပေးပို့ခဲ့မှုကြောင့်သာ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင် မည့် လက်နက်၊ ခဲယမ်းများကို အချိန်မီ ဖမ်းဆီးနိုင်ခြင်းဖြစ်ကြောင်းနှင့် အကြမ်း ဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများရရှိ ပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံ သို့ လျှို့ဝှက်စွာသတင်းပေးပို့၍ ရပ်ရွာ တည်ငြိမ်အေးချမ်းအတွက် ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ် မည်ဖြစ်ကြောင်း သတင်းရရှိသည်။(၅၀၁)

# စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၆၆၁၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် စက်တင်ဘာ ၁၄**

စားသုံးသူပြည်သူများ စားသုံးဆီဝယ် ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်း သော စားသုံးဆီများကို သင့်တင့်သောဈေး နှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည် တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေး နိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသို လှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေး ကော်မတီက ဆောင်ရွက်ပေးလျက် ရှိသည်။

ပြည်တွင်းလိုအပ်ချက်ကိုဖြည့်ဆည်း ပေးနိုင်ရေးစားအုန်းဆီကို ပြည်ပမှဝယ်ယူ တင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူ တည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက် သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့ သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်း ဖြစ်ပေါ်မှုများအရ စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်း ဆီတစ်ပိဿာလျှင် ငွေကျပ် ၆၆၁၀ ဖြစ် ကြောင်း စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေး ကော်မတီက အသိပေးထုတ်ပြန်ကြေညာ ထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါ ထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်း ထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေး ကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင် ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင် မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင် ရွက်သွားမည်ကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည် ညွှန်းဈေးနှုန်းကို အပတ်စဉ် တနင်္လာနေ့ တိုင်းထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံး သူပြည်သူများအနေဖြင့် စားသုံးသူရေးရာ ဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း ၏ Facebook Page တို့တွင် ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့ ၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၄ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၇၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်း ခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက် များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင် ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထား ပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့် မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေး ဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်း ဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထား သည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလ အတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင် သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထား သည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလ အတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက် အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူ ဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံး တစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာ သင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ဩစတြေးလျနိုင်ငံ ဆန်းရှိုင်းကမ်းခြေတွင် လောင်ကျွမ်းနေသော တောမီးကို အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်



**ကင်ဘာရာ စက်တင်ဘာ ၁၄**

ဩစတြေးလျနိုင်ငံ ဆန်းရှိုင်းကမ်းခြေတွင် စက်တင်ဘာ ၁၂ ရက်မှစတင်၍ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး စက်တင်ဘာ ၁၃ ရက်တွင် တောမီးအန္တရာယ် အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်ခဲ့ကြောင်း ကွင်းစလန်းပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများတွင်ဖော်ပြထားသည်။

တောမီးသည် လူနေအိမ်ခြေများဆီသို့ ကူးစက်လာနိုင်သည့် အခြေအနေမျိုး ရောက်ရှိနေကြောင်း၊ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသည့် သစ်တောမြေ ၂ ဒသမ ၃ ဟက်တာ ရှိနေပြီး တောမီးကို ထိန်းချုပ်နိုင်ရန်ခက်ခဲနေသည်ဟု ကွင်းစလန်းပြည်နယ် မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"တောမီးဟာ အခြေအနေအမျိုးမျိုးနဲ့ လောင်ကျွမ်းနိုင်ပါတယ်။ ဒါပေမဲ့ ဆန်းရှိုင်းကမ်းခြေမှာ လောင်ကျွမ်းနေတဲ့ တောမီးကတော့ မီးပေါ့ဆမှုကြောင့် လောင်ကျွမ်းတာ ဖြစ်ပါတယ်။ တောမီးကို ထိန်းချုပ်နိုင်ဖို့ ခက်ခဲနေပြီးတော့ လူနေအိမ်ခြေတွေဆီကို ကူးစက်လောင်ကျွမ်းနိုင်တဲ့ အခြေအနေမျိုး ဖြစ်ပါတယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် အရေးပေါ်အခြေအနေနဲ့ တုံ့ပြန်နေပါတယ်။ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေတဲ့ သစ်တောမြေ ၂ ဒသမ ၃ ဟက်တာထိရှိနေပြီးတော့ တောမီးကို ထိန်းချုပ်နိုင်ဖို့အတွက် အင်အားသုံးထားပါတယ်။ မီးပေါ့ဆသူတွေကို ရှာဖွေဖော်ထုတ်ဖို့အတွက်လဲ မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ ရဲတပ်ဖွဲ့ဝင်တွေ ပူးပေါင်းပြီး ရှာဖွေဖော်ထုတ်နေပါတယ်"ဟု ကွင်းစလန်းပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုက ဘာလီကျွန်းတွင် ရေကြီးရေလျှံမှုကြောင့် ရေဘေးသင့်ပြည်သူများကို သွားရောက်တွေ့ဆုံ

**ဂျကာတာ စက်တင်ဘာ ၁၄**

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ရေကြီးရေလျှံမှု ဖြစ်ပေါ်နေချိန် ဒူဘိုင်းသို့ရောက်ရှိနေသည့် အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုသည် ဒူဘိုင်းခရီးစဉ်မှ ပြန်လည်ရောက်ရှိလာခဲ့ပြီးနောက် စက်တင်ဘာ ၁၃ ရက်တွင် ရေဘေးဒဏ်သင့်ပြည်သူများကိုသွားရောက်တွေ့ဆုံခဲ့ကြောင်း အင်ဒိုနီးရှားသမ္မတရုံးမှ ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

သမ္မတပရာဘိုဝိုသည် ဒူဘိုင်းခရီးစဉ်မှတစ်ဆင့် ဘာလီကျွန်းသို့ တိုက်ရိုက်သွားခဲ့ပြီး ရေဘေးဒဏ်သင့် ဧရိယာများကို သွားရောက်စစ်ဆေးခဲ့ကြောင်း၊ သမ္မတ ပရာဘိုဝိုသည် National Disaster Mitigation Agency (BNPB) ၏ ဦးဆောင်ညွှန်ကြားရေးမှူးဖြစ်သူ ဆူဟာယန်တိုနှင့်အတူ ရေဘေးဒဏ်သင့်ဧရိယာများသို့သွားရောက်စစ်ဆေး ခဲ့ပြီး ဒေသခံများကိုလည်း အားပေးစကား ပြောကြားခဲ့သည်။

"သမုဒ္ဒရာပိုင်းကဖြစ်ပေါ်လာတဲ့ Rossby နဲ့ Kelvin လှိုင်းတွေဟာ ငါးနှစ်တစ်ကြိမ် ဒါမှမဟုတ် ၁၀ နှစ် တစ်ကြိမ်မှ ဖြစ်ပေါ်လေ့ရှိတဲ့ လှိုင်းတွေဖြစ်ပါတယ်။ မိုးသည်းထန်စွာ ရွာသွန်းမှုနဲ့အတူ ရေဧရိယာတွေမှာ လှိုင်းတွေဖြစ်ပေါ်လာတဲ့အတွက် အခုလို ရေကြီးရေလျှံမှု ပြဿနာနဲ့ ရင်ဆိုင်ရတာဖြစ်တယ်လို့ သိရပါတယ်။ ဒီလှိုင်းတွေဟာ အရှေ့ဂျာဗားကျွန်းနဲ့ အနောက် ဂျာဗားကျွန်းဘက်ကို ဦးတည်ပြီးတော့ ရွေ့လျားသွားတယ်လို့ သိရပါတယ်" ဟု National Disaster Mitigation Agency (BNPB) ၏ ဦးဆောင်ညွှန်ကြားရေးမှူး ဆူဟာယန်တိုက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ပါကစ္စတန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လူကိုးဦးသေဆုံးကာ ဒေသခံအမြောက်အမြား ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

**အစ္စလာမ်မာဘတ် စက်တင်ဘာ ၁၄**

ပါကစ္စတန်နိုင်ငံ မူတန်နယ်မြေတွင်စက်တင်ဘာ ၁၂ ရက်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ပြီး ယနေ့ထိသေဆုံးသူ ကိုးဦးရှိကာ ဒေသခံအမြောက်အမြား ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း ပါကစ္စတန် Disaster Management Authority က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြခဲ့သည်။



ရေကြီးရေလျှံမှုကြောင့် အရေးပေါ်အခြေအနေဖြင့် ကယ်ထုတ်ပေးခဲ့ရသည့် ဒေသခံ ၂၄ ဦးထိရှိနေပြီး အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေရကြောင်း၊ ရေဘေးအန္တရာယ်ကြောင့် ဒေသခံများအပြင် နွား၊ ဆိတ်နှင့် အခြားသော အိမ်မွေးတိရစ္ဆာန်များကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနေရကြောင်း Disaster Management Authority က ထုတ်ပြန်ခဲ့သည်။

"ရေကြီး ရေလျှံမှုကြောင့် သေဆုံးသူ ကိုးဦးရှိနေပြီးတော့ အရေးပေါ်အခြေအနေနဲ့ ကယ်ထုတ်ပေးခဲ့ရသူ ၂၄ ဦးရှိနေပါတယ်။ ဒေသခံတွေလဲ အရေးပေါ်အခြေအနေနဲ့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတယ်။ ဒေသခံတွေအနေနဲ့ ညွှန်ကြားချက်ကို လိုက်နာခြင်းမရှိသလို ပူးပေါင်းဆောင်ရွက်မှုအားနည်းတဲ့အတွက်ကြောင့် အခုလို မလိုလားအပ်တဲ့ ဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်နေရပါတယ်"ဟု Disaster Management Authority မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ရုရှားနိုင်ငံ ကမ်ချက်ကာဒေသတွင် ပြင်းအား ၇ ဒသမ ၄ မဂ္ဂနီကျူရှိ မြေငလျင်လှုပ်ခတ်ခဲ့ပြီး ဆူနာမီလှိုင်းသတိပေးချက်ထုတ်ပြန်

**မော်စကို စက်တင်ဘာ ၁၄**

ရုရှားနိုင်ငံ ကမ်ချက်ကာဒေသတွင် စက်တင်ဘာလ ၁၃ ရက်က ပြင်းအား ၇ ဒသမ ၄ မဂ္ဂနီကျူရှိသည့် မြေငလျင် လှုပ်ခတ်ခဲ့ပြီးနောက် မြေငလျင်နောက်ဆက်တွဲ ဆူနာမီလှိုင်း ဖြစ်ပေါ်လာနိုင်ကြောင်း Pacific Tsunami Warning Centre က သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မြေငလျင်သည် မြေအောက်အနက် ၃၉ ဒသမ ၅ ကီလိုမီတာအကွာမှ ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်သည့်အတွက် ကြီးမားသည့် ပျက်စီးဆုံးရှုံးမှုမျိုးမရှိခဲ့သော်လည်း မြေငလျင်နောက်ဆက်တွဲ ဆူနာမီလှိုင်း လှုပ်ခတ်လာနိုင်သည့် အခြေအနေဖြစ်ကြောင်း၊ ကမ်ချက်ကာဒေသသည် Ring Of Fire ဇုန်အတွင်းတည်ရှိသည့် ဒေသမဟုတ်သော်လည်း နီးကပ်သည့်အတွက် မြေငလျင်လှုပ်ခတ်မှုဖြင့် မကြာခဏ ရင်ဆိုင်နေရသည့် ဒေသဖြစ်ကြောင်း၊ မြေငလျင်လှုပ်ခတ်မှုကြောင့်ဖြစ်ပေါ်လာနိုင်သည့် မြေငလျင်လှိုင်းသည် အန္တရာယ်ရှိသည့် အခြေအနေဖြစ်သည်ဟု Pacific Tsunami Warning Centre က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"ရုရှားနိုင်ငံ ကမ်ချက်ကာဒေသမှာ စက်တင်ဘာ ၁၃ ရက်က ပြင်းအားများတဲ့ မြေငလျင်လှုပ်ခတ်မှုဖြစ်ပေါ်ခဲ့ပါတယ်။ မြေငလျင်ကြောင့် ဖြစ်ပေါ်လာတဲ့လှိုင်းတွေဟာ အန္တရာယ်ရှိတဲ့ အခြေအနေ ဖြစ်ပါတယ်။ မြေငလျင်လှိုင်းကြောင့် ဆူနာမီလှိုင်းတွေဖြစ်ပေါ်လာနိုင်တာကြောင့် သတိပြုစောင့်ကြည့်သွားသင့်ပါတယ်" ဟု Pacific Tsunami Warning Centre မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# အာရပ်စော်ဘွားများပြည်ထောင်စုက အာဖဂန်နစ္စတန်နိုင်ငံ မြေငလျင်ဒဏ်သင့်ပြည်သူများအတွက် တန်ချိန် ၂၅၀၀ ရှိ အထောက်အပံ့ပစ္စည်းများ ရေကြောင်းမှတစ်ဆင့်ပေးပို့

**အဘူဒါဘီ စက်တင်ဘာ ၁၄**

အာရပ်စော်ဘွားများ ပြည်ထောင်စုက အာဖဂန်နစ္စတန်နိုင်ငံမှ မြေငလျင်ဒဏ်သင့် ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားရေး အစီစဉ်အရ အထောက်အပံ့ပစ္စည်း တန်ချိန် ၂၅၀၀ ကို ရေကြောင်းမှတစ်ဆင့် ပေးပို့ကူညီသွားခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ဩဂုတ် ၃၁ ရက်မှစတင်၍ စက်တင်ဘာ ၃ ရက်အတွင်း မြေငလျင် သုံးကြိမ်တိုင်တိုင် လှုပ်ခတ်ခဲ့ပြီးနောက် သေဆုံးသူဦးရေ ၂၂၀၀ ထိရှိခဲ့ပြီး အိမ်ခြေရာခြေမဲ့သူ အမြောက်အမြား ရှိခဲ့ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည့် အာဖဂန်နစ္စတန်နိုင်ငံကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က ကူညီပေးလျက်ရှိသကဲ့သို့ နိုင်ငံတကာကလည်း လူသားချင်းစာနာထောက်ထားရေးအစီစဉ်အရ ကူညီပံ့ပိုးပေးမှုများ ပြုလုပ်လျက်ရှိရာ အထောက်အပံ့ ပစ္စည်းများ တင်ဆောင်သွားသည့် သင်္ဘောသည် ဒူဘိုင်းမှ စတင်ထွက်ခွာသွားခဲ့ကြောင်း၊ အထောက်အပံ့ပစ္စည်း တန်ချိန်ပေါင်း ၂၅၀၀ တွင် အစားအသောက်များ၊ ယာယီရွက်ဖျင်တဲများနှင့်ဆေးဝါးများ ပါဝင်ကြောင်း သိရသည်။

အာရပ်စော်ဘွားများ ပြည်ထောင်စုသည် မြေငလျင်စတင်လှုပ်ခတ်စဉ်ကလည်း အထောက်အပံ့ပစ္စည်းများ ပေးပို့ခဲ့ဖူးသကဲ့သို့ ရှာဖွေကယ်ဆယ်ရေးဝန်ထမ်းများလည်း စေလွှတ်ပေးခဲ့ကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုတွင်လည်းကူညီပေးသွားမည်ဖြစ်ပြီး မြေငလျင်ဒဏ်သင့်ပြည်သူများ အခြေမပျက်နေထိုင်နိုင်ရေးအတွက် လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးသွားမည်ဖြစ်ကြောင်း အာရပ်စော်ဘွားများ ပြည်ထောင်စု သမ္မတ၏ ညွှန်ကြားချက်ဖြင့် ပေးပို့ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

Ref : Russia Today

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ဝတ္ထုတိုကဏ္ဍ

# အချိန်တန် ရေပြန်တက်ပါလိမ့်

မောင်ခြိမ့်



**ယမန်နေ့မှအဆက်**

သို့သော် လုပ်စရာအလုပ်များက တစ်ပုံကြီးရှိသေးသည်။ လောလောဆယ်မှာပင် ငါးဒိုင်ဆီရောက်အောင် လှော်ရဦးမည်။ ရလာသော ငါးကလေးများ၊ ပုစွန်ကလေးများကို ချိန်တွယ်ရောင်းချရဦးမည်။

ရလာသည့် ပိုက်ဆံကလေးဖြင့် အိမ်မှာဖျားနေသော ဇနီးနှင့် မြေးကလေးကို ဆေးဝါး၊ ခါတ်စာကလေးများ ဝယ်ပေးရဦးမည်။ စောစောကရလာသော ငါးရံ့ကြီးကိုတော့ ရောင်းလို့မဖြစ်၊ အကြေးစင်အောင် ထိုး၊ ဗိုက်ခွဲ၍ ငရုတ်သီး၊ ချင်း၊ စပါးလင်၊ ကြက်သွန်နီရောထောင်းထားတာ ထည့်၊ အမြီးနှင့်ခေါင်းထိအောင်ခေါက်၍ စပါးလင်ပင်နှင့်ချည်တုပ်ပြီး ငါးရံ့ဆန်လှော်ဟင်းကလေးချက်၍ ကျွေးလိုက်ရလျှင် လူနာများအတွက် အလွန်ကောင်းသည့် အာဟာရဟင်းတစ်ခွက်ဖြစ်ပေလိမ့်မည်။ မြန်မြန်အိမ်ပြန်ရောက်ချင်သည့်ဇောက အားကုန်နေသော ဘက်ထရီအိုးထဲကို အားအသစ်သွင်းလိုက်သကဲ့သို့ နွမ်းနယ်နေသော ခန္ဓာကိုယ်ယန္တရားကြီးကို အားသစ်ဖြစ်ပေါ်စေတော့၏။ ထိုအခါ ဦးဖိုးမှို၏အားပါသော လှေလှော်သံက တဝုန်းဝုန်းနှင့်။

(၃)

"အလို ... တယ်ဟုတ်ပါလား ဦးဖိုးမှိုရဲ့။ ဒီညတော့ ငါးတွေ၊ ပုစွန်တွေ အတော်ရပါလား။ အားလုံး ၁၅ ပိဿာတော့ ကျော်လိမ့်မယ်ထင်တယ်။ အတော်ပဲအတော်ပဲ။ ခါတိုင်းရက်တွေတုန်းက သိပ်မရလို့ အကြွေးမနှိမ်လိုက်ရဘူး။ ဒီနေ့ တော်တို့အတွက် ဝယ်ပေးထားတဲ့ ပိုက်ဖိုး၊ သုံးပုံနှစ်ပုံနှိမ်လိုက်မယ်။ မြန်မြန်ကျေတော့လဲ ဝန်တာအေးတာပေါ့တော်"

ငါးဒိုင်ပိုင်ရှင်ဒေါ်လှက ပြောပြောဆိုဆိုနှင့် ငါးများ၊ ပုစွန်များကို သိမ်းကျုံး၍ ချိန်နေတော့သည်။

"မလုပ်ပါနဲ့ဗျာ။ အိမ်မှာ အဘွားကြီးကော မြေးကလေးပါဖျားနေကြလို့ ဆေးဖိုးဝါးခလေး လိုနေလို့ပါ။ နောက်ရက်တွေကျမှ နည်းနည်းချင်းနှိမ်ပါဗျာ"

အသံတိမ်တိမ်ကလေးနှင့် တောင်းပန်သည်။

"ဘယ်ဖြစ်မလဲ ဦးဖိုးမှိုရဲ့။ အခုလို ရတုန်းယူထားမှ ကျုပ်အကြွေးကျေမှာပေါ့။ ရေထဲကငါးဆိုတာ ဘယ်နေ့ဘယ်လောက်ရမယ်ဆိုတာ မပြောနိုင်ဘူးတော်ရေ ရတုန်းယူထားရမှာပဲ။ ကျုပ်တို့မှာထောင်နဲ့သောင်းနဲ့ချီပြီး တော်တို့ကို ရင်းပေးထားရတာ။ ဒါစီးပွားရေးလုပ်နေတာရှင့်။ အလှူပေးနေတာ မဟုတ်ဘူးသိရဲ့လား"

ဒေါ်လှ၏ မာကျောပြင်းထန်လှသည့် လေသံများအောက်တွင် ဦးဖိုးမှိုတစ်ယောက် ပြားပြားဝပ်သွားလေ၏။ တစ်ခွန်းမှ ဆင်ခြေမတက်ရဲ။

သူတို့ထုတ်ပေးထားသည့် ပိုက်ဖိုးငွေသည် အရင်းအတိုင်း ပြန်ဆပ်ရသည်မဟုတ်။ ငွေ ၁၀၀ လျှင် ၂၀ တိုးနှင့် နှင့်အောင်ပေးရသေး၏။ ဒါတွေကိုတော့ ထည့်မပြော။

ထိုအချိန်မှာပင် ငါးဒိုင်၏ ကိုယ်စားလှယ်ဖြစ်သူ လှမောင်တစ်ယောက် လှေဆိပ်ကတက်လာသည်။ လက်ထဲမှာလည်း နှစ်ပိဿာခန့် ငါးရံ့ကြီးဆွဲလို့။

"ဒီမှာ လှေကတ်နဲ့ဖိထားတဲ့ ငါးရံ့ကြီးတော်တော်ကြီးတယ် အစ်မရေ။ ငါးရံ့ခြောက်ခွဲလိုက်ရင် အနေတော်ပဲ။ ပြီးတော့ အစ်မပဲ ငါးရံ့အူဟင်းလေး စားချင်တယ်ဆို အစ်မအတွက် ဟင်းစားပေးခဲ့ပေါ့ဗျာ"

မျက်နှာလိုအားရဝင်လုပ်နေသော လှမောင်ကို ကြည့်ပြီး တောက်တစ်ချက် ခေါက်မိမလိုဖြစ်သေး၏။ သို့သော် ရင်ဝထိ လှိုက်ဆူတက်လာသော ဒေါသကို အသာမျိုချလိုက်သည်။ သူတို့အငြိုအငြင်ကို မခံရဲသည့်ဘဝ။ သူတို့၏အကြွေးများ အထပ်ထပ်ရစ်နှောင်ခံနေရသည့်ဘဝမဟုတ်လား။ ထို့ကြောင့်ပင်သည်ကနေ့ ရှာဖွေ၍ရလာသမျှ ငါးပုစွန်များကို သုံးပုံနှစ်ပုံအကြွေးနှိမ်ခြင်း၊ အိမ်ကအဘွားကြီးနှင့် မြေးကလေးအတွက် ရည်ရွယ်ကာ သိမ်းထားခဲ့သည့် ငါးရံ့ကြီးကို ပိုင်စိုးပိုင်နင်းရှာဖွေယူထားလိုက်ခြင်းတို့အတွက် ဘာတစ်ခွန်းမှ ပြန်မပြောဝံ့၊ ခေါင်းငုံ့ခံနေရတော့၏။

ဘေးနားမှာရပ်နေသော ကိုညိုလည်း ဘာမှမတတ်နိုင်ဘဲ ဦးဖိုးမှို၏ မျက်နှာကိုသာ စိတ်မကောင်းစွာ ငေးလျက်ရှိတော့သည်။

(၄)

ငါးဒိုင်က အပြန်ခရီးမှာတော့ လှေပေါ်တွင် နှစ်ယောက်သားစကားမဆိုနိုင်ကြဘဲ အတွေးကိုယ်စီ၊ ခံစားချက်ကိုယ်စီနှင့် ငြိမ်သက်နေကြသည်။ မြို့ကလေး၏အစွန်တွင် ကင်းခြေများကြီးတစ်ကောင် မြစ်ကို ကန့်လန့်ဖြတ်ကူးနေသကဲ့သို့ စင်းစင်းရှည်ရှည်ကြီး မြင်နေရသည့် ကြိုးတံတားကြီးကတော့ ထွက်ပြူစအရုဏ်ဦး၏ ပုစွန်သွေးရောင်နောက်ခံနှင့် ပနံရစွာလှပနေပါသည်။

မိုးစက်များက နှင်းပွင့်ကလေးများကဲ့သို့ တဖွဲဖွဲ တသဲသဲ ကျဆင်းနေဆဲရှိသေး၏။ ရွှံ့နှစ်ရောင်မြစ်ရေပြင်ထဲတွင်တော့ ဒိုက်သရောများက သောသော အုပ်အုပ်မျောပါစီးဆင်းနေကြသည်။

ဗေဒါပင်အုပ်များက ဟိုတစ်အုံ၊ သည်တစ်စုနှင့် တစ်ပင်နှင့်တစ်ပင် အဖော်ပြုကာ၊ ခရမ်းနှင့်မဲနယ်ရောင်အပွင့်လှလှကလေးများ တထောင်ထောင်နှင့် လှိုင်းကလေးများ ထွေးအပွေ့မှာ ပျော်မွေ့လိုက်ပါကခုန်လျက်ရှိသည်။

ရန်ကုန်-ပုသိမ် နှစ်ထပ်သင်္ဘောကြီးတစ်စင်းက အရှိန်ပြင်းပြင်းနှင့် ရေကိုဆန် လေကိုခွင်းကာ ကြိုးတံတားကြီးအောက်မှ တိုးဖြတ်ခုတ်မောင်းလာပြီး သူတို့လှေကလေးကို ကျော်တက်မောင်းနှင်သွားလေသည်။

ဟိုယိမ်း သည်ယိုင်လှုပ်ရှားသွားသော လှေကလေးကို ပဲ့နိုင်နိုင်ကိုင်ပြီး ထိန်းလိုက်ရသေး၏။ တက်မနှင့်ပန်ကာ ရေယက်များ၏ ချိုးဖဲ့ခြင်းခံလိုက်ရသည့် ဗေဒါအုံကလေးများကတော့ လှိုင်းမညီတညီအမြှုပ်တစီစီရေလွှာအောက်မှာ ဝပ်ဆင်းနစ်ဝင်သွားကြသည်။

ကြည့်စမ်း လှိုင်းအငြိမ် ဂယက်အစဲ ဝဲကတော့ ပြေလွင့်သွားချိန်မှာတော့ ရေပြင်ပေါ်သို့ ဟိုတစ်ပင်၊ သည်တစ်စဖွဖွညင်သာ ပြန်ပေါ်လာခဲ့ကြလေသည်။ သည်ဗေဒါပင်ကလေးများသည် ဟောသည်မြစ်များ၊ ချောင်းများ၊ မြောင်းများတစ်ကြောမှာ လက်ညှိုးထိုး၍

**❖ အသိဉာဏ်မရှိတဲ့ ဗေဒါပင်ကလေးတွေကတောင် ကြုံတွေ့လာတဲ့ အခက်အခဲဆင်းရဲဒုက္ခတွေကို မမှုဘဲ အန်တုရင်ဆိုင်နိုင်သေးရင် ငါတို့လို အသိဉာဏ်ရှိတဲ့ လူသားတွေက ဘာဖြစ်လို့ အရှုံးပေးရမှာလဲကွ။ လှော်ကွာ၊ မြန်မြန်ကလေးလှော်ဟ၊ အိမ်ပြန်ရောက်ရင်တစ်ရေးအိပ်မယ်ကွ။ ပြီးတော့ ပိုက်မှာပေါက်တာ ပြဲတာလေးတွေလဲ ဖာရအုံးမယ်ကွ။ ညနေကျတော့ ပိုက်ဆွဲဖို့အိမ်ကနေ စောစောထွက်လာတာပေါ့ကွ။ မင်းပြောသလို ကြိုးစားပြီးရှာမှ သူတို့အကြွေးတွေ မြန်မြန်ဆပ်နိုင်မှာကွ။ ❖**

မလွဲ၊ ရှောင်ဖယ်၍မလွတ်နိုင်စတမ်း ပေါက်ဖွားရှင်သန်လျက်ရှိနေကြသည်။ လှေတွေ၊ သမ္ဗန်တွေ၊ မော်တော်တွေ၊ သင်္ဘောတွေ၊ လူတွေ၊ တိရစ္ဆာန်တွေက ဘယ်လောက်ပဲ နှိပ်စက်နှိပ်စက်၊ ဘယ်လောက်ပဲဖျက်ဆီးဖျက်ဆီး မညည်းညူစတမ်း ကြံ့ကြံ့ခံကာ ဆက်လက်ရှင်သန်နေဆဲဖြစ်သည်။

ဘယ်လိုအခက်အခဲတွေနှင့် ကြုံရကြုံရ၊ အရှုံးမပေးကြနဲ့ ရုန်း၍ကြွ၊ ကုန်း၍ထကြွဟု ပြောနေသယောင်ရှိ၏။ လှေပဲ့မှ ကိုညိုသည် ဗေဒါပင်ကလေးများကြည့်ပြီး အင်အားများ ပြည့်လာဟန်ဖြင့် တက်ကို ရေတွင်နက်နက်ကြီးနှစ်ပြီး ကျုံး၍လှော်လိုက်သည်။

တစ်ချိန်လုံး လှေဦးတွင် ခေါင်းကြီးငိုက်စိုက်ချပြီး ကုပ်ချိုးခံထားရသည့် ငါးရံ့ကြီးလိုငြိမ်၍ လိုက်ပါလာသည့် ဦးဖိုးမှိုသည် သက်ပြင်းကြီးတစ်ချက်ချလိုက်ပြီး လှေပဲ့မှကိုညိုကို လှည့်ကြည့်သည်။

"ဒီမှာအဘ ကျွန်တော်တို့ အကြွေးနဲ့ဝယ်ထားတဲ့ ပိုက်ဖိုးသိပ်မလိုတော့ဘူးမဟုတ်လား။ နောက်ထပ်လေးငါးရက်လောက် ကြိုးစားရှာလိုက်ရင် ကျေနိုင်ပါတယ်ဗျာ။ ဒီအတောအတွင်း ကျွန်တော့်အတွက် တစ်ပုံ၊ သမားခမပေးနဲ့အုံး။ ကျွန်တော်က လင်မယား နှစ်ယောက်ထဲဆိုတော့ စားစရိတ်သိပ်မကုန်ဘူး။ ငါးဒိုင်က ဒေါ်လှကြီးအကြွေးတွေသာ ကျေအောင် ဆပ်လိုက်ပါဗျာ။ ဒီအကြွေးတွေ ကျေသွားပြီဆိုရင်တော့ ဈေးကိုလဲနှိမ်၊ လူကိုလဲနှိမ်တဲ့ သူတို့ဆီမှာ မရောင်းတော့ဘူး။ သူတို့ထက်သာတဲ့ အခြားငါးဒိုင်တွေမှာ သွားရောင်းမယ်ဗျာ။ အခုတော့ ပိုက်ဖိုးအကြွေးအတွက် အတိုးလဲပေးရသေး၊ လူကိုလဲနှိမ်သေး၊ ကျုပ်တို့ရှာလာတဲ့ ငါးပုစွန်တွေကိုလဲဈေးနှိမ်သေးနဲ့ သူတို့နဲ့ဆက်သွယ်နေသရွေ့ ကျုပ်တို့လူမွေးလူရောင်ပြောင်မှာကို မဟုတ်ဘူး အဘရဲ့"

"အေး ငါကလဲ မင်းကို အဲဒါပဲပြောမလို့ကွ။ တို့တစ်တွေ သူ့အကြွေးကို အမြန်ဆုံးကျေအောင် ဆပ်ကြတာပေါ့ကွာ။ ဟောဟိုမှာကြည့်စမ်း ဗေဒါပင်ကလေးတွေ။ သူတို့ကိုကြည့်ပြီး တစ်ချိန်လုံး စိတ်ဓာတ်ကျနေမိတဲ့ ငါ့ကိုယ်ငါ ရှက်မိတယ်ကွ။

အသိဉာဏ်မရှိတဲ့ ဗေဒါပင်ကလေးတွေကတောင် ကြုံတွေ့လာတဲ့ အခက်အခဲဆင်းရဲဒုက္ခတွေကို မမှုဘဲ အန်တုရင်ဆိုင်နိုင်သေးရင် ငါတို့လို အသိဉာဏ်ရှိတဲ့ လူသားတွေက ဘာဖြစ်လို့ အရှုံးပေးရမှာလဲကွ။ လှော်ကွာ၊ မြန်မြန်ကလေးလှော်ဟ၊ အိမ်ပြန်ရောက်ရင်တစ်ရေးအိပ်မယ်ကွ။ ပြီးတော့ ပိုက်မှာပေါက်တာ ပြဲတာလေးတွေလဲ ဖာရအုံးမယ်ကွ။ ညနေကျတော့ ပိုက်ဆွဲဖို့အိမ်ကနေ စောစောထွက်လာတာပေါ့ကွာ။

မင်းပြောသလို ကြိုးစားပြီးရှာမှ သူတို့အကြွေးတွေ မြန်မြန်ဆပ်နိုင်မှာကွ။ ကြွေးမြီတွေကင်းသွားရင်တော့ ငါတို့အသက်ရှူချောင်ပြီပေါ့ကွာ။ လာမဲ့မိုးတွင်းအမီ မင်းကိုလဲ ပိုက်တစ်ဖောင်လောက် ထောင်ပေးမယ်ကွ။ ကဲ... လှော်လိုက်စမ်းဟေ့"

ဦးဖိုးမှိုသည် ကိုညိုကိုပြောအပြီးတွင် လှေဦးမှ နေ၍တက်ကို ရေထဲနက်နက်နှစ်ပြီး အားထည့်ကာ လှော်သည်။ နှစ်ယောက်သားပြိုင်တူ လှော်သဖြင့် အလျား ၁၃ တောင်ရှိသည့် လင်းဘက်ပိုက်လှေကလေးသည် လှိုင်းတဖျပ်ဖျပ်ထနေသည့် မြစ်ပြင်ပေါ်မှာ ရိပ်ရိပ်ပါအောင် ပြေးနေသည်။ စောစောကဖွဲဖွဲကျသော မိုးနှင်းတို့မရှိတော့၊ ညအမှောင်ကွယ်ပျောက်ကာ နံနက်ဆည်းဆာနေခြည်က မြစ်ပြင်တစ်ဝှမ်းကို လွှမ်းခြုံဝင်းပနေပြီ။

# ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၂၀၇၅၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး စက်တင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၂၀၇၅၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရေဦးမြို့နယ်တွင် မတ်ပဲ ၂၀၇၅၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ရေဦးမြို့နယ်အတွင်း မတ်ပဲကေ ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ မတ်ပဲ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ မတ်ပဲစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းတွေ ကွင်းဆင်းဆောင်ရွက်ပေးသွားမယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် မတ်ပဲ စိုက်ပျိုးမည့် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ၂၄ ပြည်ဝင် ဧယာဆန်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဝါးခယ်မ စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း ၂၄ ပြည်ဝင် ဧယာဆန်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းအေးက ပြောပြသည်။



ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက ၂၄ ပြည်ဝင် ဧယာဆန်အိတ်ရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ၂၄ ပြည်ဝင် ဧယာဆန်အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ၂၄ ပြည်ဝင် ဧယာဆန်အိတ်ရေ အများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရတယ်။ ဝါးခယ်မမြို့နယ်က လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ဧယာဆန်က စားကောင်းတဲ့ ဆန်အမျိုးအစားဖြစ်ပါတယ်။ အဲဒီဆန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ ဧယာဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်"ဟု ဝါးခယ်မမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းအေးက ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဧယာဆန်တစ်အိတ်လျှင် ငွေကျပ် ၉၇၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

ကျော်ကျော်လင်း

# အုတ်ဖိုမြို့နယ် ကျွန်းကုန်း(ကဝေစု)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အုတ်ဖို စက်တင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျွန်းကုန်း(ကဝေစု) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးနှင့် ဝန်ထမ်းများက ကျွန်းကုန်း (ကဝေစု)ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားစီးပွားရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ကျွန်းကုန်း(ကဝေစု)ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၂ ဦးကို ငွေကျပ် ၃၅ ဒသမ ၈၅ သန်း၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၁ ဒသမ ၆၅သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၄ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၂ ဒသမ ၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေကြောင်း အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက ပြောပြ၍ သိရသည်။

အေးမြတ်

## အိုဇုန်းလွှာပျက်စီးမှုအန္တရာယ် စုပေါင်းကာကွယ်

\- ကမ္ဘာမြေ ဤလောက
မြတ်နိုးကြ ချစ်ခင်တွယ်၊
သဘာဝပတ်ဝန်းကျင် အလေးထား
ကြိုးစားကာကွယ်၊
ယိုယွင်းလို့ ပျက်စီးလွယ်
စုပေါင်းကွယ် ထိန်းသိမ်းထား၊
အိုဇုန်းလွှာ မပျက်စီးရေး
ဆွေးနွေးမှတ်သား။

\- ဓိမ်ခံပစ္စည်း သုံးစွဲမှု
ရှောင်ကြဉ်ယခု ချိန်မနှောင်းပေ၊
ဖျန်းဆေးတွေ လျှော့သုံးကြ
လုံးဝ ပယ်စေ၊
ရေခဲသေတ္တာ အအေးပေးစက်တွေ
ပျက်စီးစေ အိုဇုန်းလွှာပါး၊
ခရမ်းလွန်ရောင်ခြည် အန္တရာယ်ရှိ
သိကြစေသား။

\- ခရမ်းလွန်ရောင်ခြည် အန္တရာယ်က
ဆိုးရွားလှ အရေပြားကင်ဆာ၊
ခုခံအားကျဆင်းနှင့် မျက်စိတိမ်စွဲ
ကြေကွဲရမှာ၊
သီးနှံတို့ မဖြစ်ထွန်းကာ
စားရိက္ခာ ပြတ်ရှားပါး၊
နေထိုင်စရာ ဤမြေကမ္ဘာ ပူနွေးလျက်
ကပ်ရောဂါပွား။

\- သည်အရေး သည်ဒုက္ခ
စုပေါင်းကြ ကာကွယ်လျှင်၊
ချိန်ခါမီ သက်ရှင်ရ
နေကြပျော်ရွှင်၊
စက်တင်ဘာလ ၁၆ ရက်လျှင်
အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ပင် သတ်မှတ်ပေး၊
သက်ရှိလောက တည်မြဲကြ
လှပကွဲ့လေး။ ။

ဇင်မင်းစိုး(ဗိုလ်ကလေး)


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
á မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ခရီးသွားဆောင်းပါး

# မြန်မြန်ဆန်ဆန်အိမ်အပြန် လည်ပတ်ပြီးစီးဤခရီး

သက်နိုင်(ပြင်ဦးလွင်)

မန္တလေးမြို့ရှိရာကို သွားရောက်နေတဲ့ခရီးစဉ်တစ်ခုမှာ စန္ဒာမုနိဘုရားကိုဝင်ရောက်ဖူးမြော်လေ့လာခဲ့ကြအပြီး တောင်သမန်အင်းနဲ့ တောင်သမန်တံတားကို ဆက်လက်ထွက်ခွာ ခရီးနှင်ကြပါတော့မယ်။ ကျန်ရစ်တော့မှာဖြစ်တဲ့ စန္ဒာမုနိဘုရားဝင်းအတွင်းမှာတော့ ဘုရားဖူးဧည့်သည်တွေနဲ့ စည်ကားနေသေးသလို နောက်ထပ်ဝင်ရောက်လာတဲ့ ဘုရားဖူးဧည့်သည်ကားတွေကလဲ ဝင်လာမစဲတသဲသဲဖြစ်နေပါသေးတယ်။ ဒါပေမဲ့ဘုရားဝင်းအတွင်းကို ဝင်ရောက်ရတဲ့ ဝင်ပေါက်မုခ်ဦးလမ်းက အလွန်ကျဉ်းမြောင်းနေတဲ့အပြင် ဝင်ပေါက်အနီးမှာရှိနေတဲ့ ဆိုင်ကယ်ဆိုင်၊ အိမ်ဆိုင်တချို့က ဆိုင်ကယ်တွေကို ကပ်ကပ်သပ်သပ်ရပ်နား၊ အလုပ်လုပ်ကိုင်နေကြတာကြောင့် ဝင်ပေါက်လမ်းက ပိုမိုကျဉ်းမြောင်းသွားခဲ့ရတယ်။ ဒ့ါပြင် ဘုရားမုခ်ဦးကသေးငယ်ပြီး မထင်မရှားဖြစ်နေရသလို ဆိုင်တွေ၊ အိမ်တွေကြားမှာ ပျောက်ကွယ်နေတာကြောင့် တော်ရုံတန်ရုံနဲ့ မတွေ့မမြင်နိုင်ကြတော့ပါဘူး။ ဘုရားရှိတဲ့နေရာကို သေသေချာချာသိရှိပြီး ရောက်ဖူးကြသူတွေသာ မြင်တွေ့နိုင်ကြမှာ ဖြစ်ပါတယ်။

စန္ဒာမုနိဘုရားကနေ အမရပူရမြို့ဘက်ကို ထွက်ခွာမောင်းနှင်လာတဲ့အခါ အမရပူရမြို့ရဲ့စည်ကားမှုတွေကို တွေ့မြင်ကြရတယ်။ လမ်းတစ်လျှောက်သွားလာလှုပ်ရှားနေကြသူတွေ၊ ဖွင့်လှစ်ရောင်းချနေကြတဲ့ ဆိုင်ကြီးဆိုင်ငယ်တွေ၊ လုပ်ငန်းအသီးသီးတွေကအပြည့်ပါ။ ဒ့ါပြင် အမရပူရရဲ့ အောင်မြင်ကျော်ကြားလူသိများ လုပ်ငန်းတစ်ခုဖြစ်တဲ့ ပိုးထည်လုပ်ငန်းနဲ့ အရောင်းဆိုင်တွေကိုလဲ တွေ့မြင်နေရတယ်။ လမ်းဘေးဝဲယာကို ကြည့်ရှုလေ့လာရင်း၊ ကားကိုဂရုစိုက်မောင်းလာရင်းနဲ့ မကြာခင်မှာ တောင်သမန်တံတားအနီးကို ရောက်လာခဲ့တယ်။ ဒါပေမဲ့ တောင်သမန်တံတားမှာရှိတဲ့ ယာဉ်ရပ်နားစခန်း၊ ဈေးဆိုင်တန်းတွေက အရင်ကလိုမဟုတ်ကြတော့ပါဘူး။ အားလုံးက တံတားနဲ့ဝေးတဲ့နေရာကို ရောက်ကုန်ကြရတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နေ့လယ်စာထမင်းစားချိန်ကလဲ ကျော်နေပြီဖြစ်၊ ဗိုက်တွေလဲ ဆာလောင်နေကြပြီဖြစ်တာကြောင့် ယာဉ်ရပ်နားစခန်းမှာ ကားကိုရပ်ခဲ့ပြီး အနီးဆုံးဖြစ်တဲ့ ဆိုင်တစ်ဆိုင်အတွင်းကို ဝင်ရောက်လာခဲ့ကြတယ်။ အချိန်လွန်နေ့လယ်စာအဖြစ် မူလစီစဉ်ထားကြတဲ့အတိုင်း တောင်သမန်တံတားဈေးဆိုင်တန်းမှာ အကြော်စုံပူပူနွေးနွေးနဲ့ ထမင်းဆီဆမ်းကို မှာယူစားသောက်ကြမှာပါ။

တောင်သမန်တံတား ဈေးဆိုင်တန်းမှာ ရောင်းချနေတဲ့အကြော်စုံက နာမည်ကျော်ကြားလှသလို စားလို့လဲကောင်းပါတယ်။ စားသုံးသူတွေ လာရောက်မှာကြားတဲ့အခါမှ ချက်ချင်းကြော်တာဖြစ်လို့ ပူပူနွေးနွေးစားသောက်နိုင်ကြတယ်။ အကြော်တစ်ပွဲမှာ ငါးလေးကြော်၊ ပုစွန်ကြော်တွေနဲ့အတူ ပြောင်းဖူး၊ ဘူးသီး၊ အာလူး၊ ကြက်သွန်စတဲ့ အကြော်တွေပါဝင်နေတယ်။ မိမိတို့ခရီးဖော်အဖွဲ့တွေ စားသောက်နေကြတဲ့အချိန်ကာလက အကြော်စုံတစ်ပွဲကို ရှစ်ထောင်ကျပ်ပါ။ ခရီးဖော်ခြောက်ဦးအတွက် အကြော်စုံနှစ်ပွဲနဲ့ တစ်ပွဲကိုတစ်ထောင်ကျပ်သာရှိတဲ့ ထမင်းဆီဆမ်းတစ်ပွဲစီက ဆာလောင်နေတဲ့ဗိုက်ကို ဝဝလင်လင်ဖြစ်စေပါတယ်။ လူခြောက်ဦးအတွက် နေ့လယ်စာထမင်းကို ငွေကျပ်နှစ်သောင်းနှစ်ထောင်သာ ကုန်ကျနေတယ်။ ဒါပေမဲ့အကြော်စုံတွေကလဲ စားလို့လဲကောင်း၊ အချဉ်ရည်နဲ့ ရေနွေးကြမ်းကလဲ ကောင်းနေတာကြောင့် ထမင်းစားပြီးတဲ့အခါ နောက်ထပ်အကြော်စုံတစ်ပွဲမှာယူပြီး စကားပြောရင်း၊ အကြော်စားရေနွေးသောက်ရင်း နားနားနေနေထိုင်နေလိုက်ကြသေးတယ်။ ပြီးမှတောင်သမန်တံတားရှိရာကို ထွက်လာခဲ့ကြတယ်။

တောင်သမန်အင်းနဲ့ တောင်သမန်တံတား တောင်သမန်တံတားနဲ့ တောင်သမန်အင်းက တွဲဖက်ဆက်စပ်တည်ရှိနေကြတာပါ။ တောင်သမန်အင်းရဲ့ လှပသာယာပုံကိုတော့ ၁၇၉၅ ခုနှစ် ဇူလိုင်မှာ အမရပူရကိုရောက်ရှိခဲ့တဲ့ ဗြိတိသျှသံကိုယ်စားလှယ်မိုက်ကယ်ဆိုင်းက ဥရောပနဲ့အာရှတစ်ခွင်ခရီးလှည့်လည်သွားလာခဲ့တဲ့အခါမှာ ဒီတောင်သမန်အင်းလောက် သာယာကြည်နူးစရာကောင်းတဲ့နေရာကို မတွေ့မမြင်ဖူးခဲ့ကြောင်း ဆိုထားပါတယ်။

တောင်သမန်အင်းအတွင်း ကမ္ဘာကျော်သစ်သားတံတားကြီးကတော့ တောင်သမန်တံတားပါ။ "အင်းက အော်ညည်း၊ ဆောက်လုပ်ပြီး"အဆိုအရ တောင်သမန်တံတားကို သက္ကရာဇ် ၁၂၁၃ ခုနှစ် (ခရစ်နှစ် ၁၈၅၁ခု)မှာ ဆောက်လုပ်ပြီးစီးခဲ့ပါတယ်။ တောင်သမန်တံတားမှာ သစ်သားတိုင်ပေါင်း ၉၈၄ တိုင်ရှိနေတယ်။ ဒုတိယကမ္ဘာစစ်အတွင်းမှာ ရေလွှမ်းမိုးမှုဒဏ်ကြောင့် တိုင်အချို့ မျောပါပျက်စီးသွားခဲ့ပါသေးတယ်။ ဒါပေမဲ့ အမရပူရအမတ်ဦးဘသီက ပြန်လည်ပြုပြင်ပေးနိုင်ခဲ့ပါတယ်။



ပြည်ကြီးတံခွန်မြို့နယ်ရှိ လောကမဏိစူဠာစေတီကို တွေ့ရစဉ်။

မိမိတို့အဖွဲ့ တံတားထိပ်ကိုရောက်တော့ ဈေးသည်တွေ၊ ဧည့်သည်တွေနဲ့ စည်ကားနေတာကိုတွေ့ရတယ်။ တောင်သမန်တံတားမှာ လာရောက်လေ့လာလည်ပတ်ကြတဲ့ ဧည့်သည်တွေအလွန်များပြားသလို ပစ္စည်းစုံ၊ စားသောက်စရာအစုံ ရောင်းချနေကြတဲ့ ဈေးသည်တွေလဲ အလွန်များပြားပါတယ်။ တစ်ခါတစ်ရံ ဇရပ်ဆောင်တွေထဲမှာတောင် ဈေးသည်တွေနဲ့ ပြည့်နေတတ်တယ်။ မိမိတို့အဖွဲ့က တံတားပေါ်မှာ လမ်းလျှောက်ကြမဲ့အစီအစဉ်နဲ့ တံတားပေါ်ကိုရောက်လာကြတဲ့အခါ တောင်သမန်အင်းရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာတဲ့ လေအေးတွေရဲ့ အရသာကို စတင်ခံစားကြရတယ်။ အိမ်ထဲမှာနေပြီး ပန်ကာလေ၊ လေအေးပေးစက်လေတွေထက် အခုလို သဘာဝလေအေးက ပိုမိုကောင်းမွန်ပါတယ်။

တံတားပေါ်လမ်းလျှောက်လာကြရင်းနဲ့ တစ်ခါတစ်ရံမှာ လေအဝှေ့ကြမ်းကြမ်းတွေကြောင့် သတိထားလျှောက်နေကြရတယ်။ အချို့နေရာတွေမှာ ဓာတ်ပုံရိုက်နေကြသူတွေကို ရှောင်ရှားလျှောက်နေရတာကြောင့်လဲ ပိုမိုသတိထားနေရတယ်။ မူလအစီအစဉ်က ဇရပ်နှစ်ဆောင်လောက်ရောက်ပြီးရင် ပြန်လှည့်လာကြဖို့ပါ။ ဒါပေမဲ့ ခရီးဖော်ကြီးတစ်ယောက်က တံတားထိပ်အဆုံးထိ လျှောက်ကြရအောင်၊ ပြီးရင် မရောက်တာကြာပြီဖြစ်တဲ့ ကျောက်တော်ကြီးဘုရားရှိရာကို သွားကြရအောင်ဆိုတာနဲ့ တစ်ဖက်ကမ်းတံတားထိပ်ထိ ရောက်အောင်ဆက်လက်လျှောက်လှမ်းလာကြရတယ်။ တံတားအလယ်လောက်အရောက်မှာ လေကပိုပြီးပြင်းထန်လာပါတယ်။ တံတားတိုင်တွေကို ရိုက်ခတ်နေတဲ့ရေလှိုင်းတွေကလဲ တဝုန်းဝုန်းနဲ့ပါ။ ဒီလိုလျှောက်လှမ်းလာကြရင်းနဲ့ တစ်နေရာအရောက်မှာ တစ်ဖက်တံတားထိပ်ကို ဆက်လက်သွားလို့မရအောင် သံဆူးကြိုးတွေနဲ့ ပိတ်ထားတာကို မြင်တွေ့လိုက်ရတယ်။ ဒါပေမဲ့ လူတစ်ယောက်ဝင်ထွက်သွားလာနိုင်တဲ့ အပေါက်တစ်ခုကိုလဲ တွေ့နေရလို့ အနီးမှာရှိတဲ့ဓာတ်ပုံဆရာတစ်ယောက်ကို မေးမြန်းစုံစမ်းလိုက်ရတယ်။ ဓာတ်ပုံဆရာက တစ်ဖက်တံတားထိပ်အနီးမှာ တိုင်တချို့အနည်းငယ်ပျက်နေလို့ဖြစ်ကြောင်း၊ လူအများအပြားသွားလာရင် အန္တရာယ်ရှိနိုင်ကြောင်း၊ တစ်ဦးတစ်ယောက်ချင်း ဖြတ်သန်းသွားလာနိုင်ကြောင်း စတာတွေကို သိရှိလိုက်ရလို့ မိမိတို့ခရီးဖော်အဖွဲ့က တစ်ယောက်ချင်းစီ သတိထားပြီး ဖြတ်သန်းလာခဲ့ကြတယ်။ ဒီလိုနဲ့ တစ်ဖက်တံတားထိပ်နေရာကို ရောက်လာခဲ့ကြတယ်။ တံတားထိပ်မှာလဲ လာရောက်လေ့လာလည်ပတ်နေကြသူတွေ၊ ဈေးသည်တွေနဲ့စည်ကားနေတာကို တွေ့မြင်နေရတယ်။ ဒါပေမဲ့ ဧည့်သည်တွေက တိုင်တချို့ပျက်စီးနေတဲ့နေရာကို အုပ်စုလိုက်ကျော်လွန်မသွားကြဘဲ တစ်ယောက်ချင်းသာ ဖြတ်သန်းသွားလာနေကြတယ်။ အများစုကတော့ ဆက်လက်မသွားကြတော့ဘဲ နောက်လှည့်ပြန်သွားကြတာများပါတယ်။

မိမိတို့ခရီးဖော်အဖွဲ့က တံတားထိပ်မှာခဏနားပြီးတာနဲ့ ကျောက်တော်ကြီးဘုရားရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ တံတားကနေကျောက်တော်ကြီးဘုရားရှိရာကို ကားနဲ့သွားရောက်ခဲ့စဉ်တုန်းက နီးနီးလေးပါ။ အချိန်ဘာမှမကြာဘူးဆိုပြီး ထင်မှတ်ထားမိခဲ့ပေမဲ့ အခုခြေလျင်ခရီးမှာ ခြေထောက်တွေညောင်းအောင် လျှောက်လာခဲ့ကြရတယ်။ ဘုရားဝင်းထဲကိုဝင်လိုက်တာနဲ့ အုပ်အုပ်ဆိုင်းဆိုင်း ရှင်သန်ပေါက်ရောက်နေကြတဲ့ သစ်ပင်ရိပ်ကြီးတွေအောက်မှာ ဖွင့်လှစ်ရောင်းချနေကြတဲ့ ဈေးဆိုင်တွေနဲ့ဘုရားဖူးဧည့်သည်အများအပြားကို တွေ့မြင်လိုက်ရတယ်။ ဈေးဆိုင်တွေအများစုက ထမင်းဆိုင်တွေနဲ့ အခြားအသုပ်ဆိုင်၊ အအေးဆိုင်တွေပါ။ ဘုရားကတော့ဖွင့်လှစ်ထားခြင်းမရှိသေးဘဲ ခေတ္တပိတ်ထားဆဲဖြစ်ပါတယ်။ ဒါပေမဲ့ ဘုရားဝင်းအတွင်းမှာ လေ့လာလည်ပတ်နေကြသူတွေ၊ အလှဓာတ်ပုံရိုက်နေကြသူတွေ၊ ဆိုင်အသီးသီးမှာ စားသောက်နေကြသူတွေနဲ့ စည်ကားနေတယ်။

ကျောက်တော်ကြီးဘုရားလို့ အများကခေါ်ဆိုနေကြပေမဲ့ ဘွဲ့တော်အမည်အပြည့်အစုံက မဟာသကျရံသီဘုရားဖြစ်ပါတယ်။ ကျောက်တော်ကြီးဘုရားကို ဘကြီးတော်လက်ထက် ၁၈၂၉ ခု ဩဂုတ် ၈ ရက်မှာ စတင်ထုလုပ်ခဲ့တယ်။ စကျင်တောင်ကနေ ကျောက်တော်ကြီးတစ်လုံးကို အမရပူရထိ ခက်ခက်ခဲခဲသယ်ယူလာခဲ့ရပြီး နန်းကံကျွေးဝန် နေမျိုးစည်သူဦးဆောင်ပြီး ထုဆစ်ပုံဖော်ခဲ့ကြတယ်။ ဒါပေမဲ့ ပုဂံမင်းလက်ထက်မှာ ချုံနွယ်ပိတ်ပေါင်းတွေ ဖုံးအုပ်နေတာကြောင့် ၁၈၄၉ ခုနှစ်အရောက်မှာ တောင်သမန်ရွာအနီး အခုလက်ရှိနေရာကို ပင့်ဆောင်ကိန်းဝပ်စံပယ်တော်မူခဲ့ပါတယ်။ ကျောက်တော်ကြီးဘုရားကို လာရောက်ကြသူအများစုကတော့ ဘုရားဖူးမြော်ကြရင်း အေးအေးဆေးဆေး အနားယူစားသောက်ကြတာပါ။ ဒ့ါပြင် ဘုရားဝင်းထဲမှာ အလှဓာတ်ပုံတွေ၊ အမှတ်တရဓာတ်ပုံတွေ ရိုက်ယူလေ့ရှိကြတယ်။ အရင်တုန်းက ဘုရားဝင်းအတွင်းမှာ ပုပုနိမ့်နိမ့်ကွေးကွေးကောက်ကောက်နဲ့ အလွန်လှပတဲ့ ထနောင်းပင်ကြီးတစ်ပင်ရှိနေခဲ့တာကို သတိထားမိခဲ့တယ်။ ထနောင်းပင်ကြီးနဲ့အတူ ဓာတ်ပုံရိုက်နေကြသူတွေကိုလဲ တွေ့မြင်ဖူးခဲ့ရတယ်။ ဒါပေမဲ့ အခုအချိန်မှာ ထနောင်းပင်ကြီးကို မတွေ့မမြင်ရတော့ပါဘူး။

ဘုရားဖူးမြော်ခွင့်မရသေးတဲ့ ကျောက်တော်ကြီးဘုရားခေါ် မဟာသကျရံသီဘုရားကနေ ပြန်ထွက်လာကြပြီးရင် နောက်ဆုံးခရီးစဉ်အဖြစ် လောကမဏိစူဠာစေတီတော်ရှိရာကို သွားရောက်ကြမှာပါ။ စေတီတော်ကြီးက မန္တလေးမြို့ ၇၂ လမ်းနဲ့ ၁၂၀ လမ်းမှာရှိနေတာကြောင့် ကျောက်တော်ကြီးဘုရားကနေ တစ်ဆင့် တောင်သမန်တံတားကိုပြန်လည်ဖြတ်သန်းပြီးမှ ဆက်လက်ထွက်ခွာလာခဲ့ကြရတယ်။ အခုခရီးစဉ်မှာ တောင်သမန်တံတား ယာဉ်ရပ်နားစခန်းနဲ့ ကျောက်တော်ကြီးဘုရားထိ တောင်သမန်တံတားကို ဖြတ်ပြီး အသွားအပြန်လမ်းလျှောက်ခရီးစဉ်က အသက်အရွယ်ကြီး ခရီးဖော်တွေကို ပင်ပန်းသွားစေခဲ့ပါတယ်။

လောကမဏိစူဠာစေတီတော်ရှိရာကို သွားကြဖို့အတွက် တောင်သမန်တံတားကနေ ရန်ကုန်-မန္တလေးလမ်းဟောင်းကို မောင်းနှင်လာခဲ့ပြီးမှ ဆက်လက်မောင်းလာခဲ့ရတယ်။ အိမ်အပြန်လက်ဆောင်အဖြစ် ရန်ကုန်-မန္တလေးလမ်းဟောင်းဘေး ထိန်ကုန်းရွာအနီးမှာ တန်းစီရောင်းချနေကြတဲ့ ဘီစကွတ်၊ ကိတ်မုန့်ခြောက် စတဲ့စက်ရုံထုတ်မုန့်မျိုးစုံတွေထဲက ကောင်းနိုးရာရာကို ဝယ်ယူခဲ့ကြရတယ်။ လောကမဏိစူဠာစေတီတော်ကြီးရှိရာကိုတော့ အလှမ်းမဝေးတော့တာကြောင့် မကြာမီအချိန်အတွင်းမှာ ရောက်ရှိလာခဲ့ကြပါတယ်။ စေတီတော်ကြီးက သာယာဝတီမင်းရဲ့ ကုသိုလ်တော်ဖြစ်ပြီး ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကျီကုန်းရပ်မှာ တည်ရှိနေပါတယ်။ အခုခေတ်အချိန်ခါ လမ်းအမည်တွေနဲ့ဆိုရင် ၇၂ လမ်းနဲ့ ၁၂၀ လမ်းမှာရှိနေပါတယ်။ ရှေးအမရပူရခေတ် ငွေတော်ရွာနဲ့ ကြည်ကုန်းရွာကြားမှာ ၁၈၃၉ ခုနှစ် မတ် ၅ ရက်မှာ သာယာဝတီမင်းကိုယ်တိုင် ပန္နက်ချတည်ထားခဲ့တာပါ။ အဲဒီနောက် အတွင်းဝန်မင်းလှကျော်သူက ဆက်လက်တာဝန်ယူခဲ့ပြီး ၁၈၄၂ ခုနှစ် ဇန်နဝါရီ ၂၃ ရက်မှာ ဌာပနာတွေကို ရေစက်ချလှူဒါန်းခဲ့တယ်။ ၁၈၄၃ ခုနှစ်မှာ မဟာရံတံတိုင်းနှစ်ထပ်နဲ့ စေတီရံလေးဆူကိုတည်ထားခဲ့တယ်။ စေတီတော်ကြီးကို ၁၈၄၄ ခုနှစ် ဇန်နဝါရီ ၂၉ ရက်မှာ ထီးတော်တင်လှူခဲ့တယ်။ စေတီတော်ကြီးရဲ့အနီးမှာ ဇောင်းကလောအင်းကြီးတည်ရှိခဲ့ဖူးပါတယ်။ "စံရာဘုန်းမြင့် ညီလင်း၊ ဝေယံနန်းမယွင်း"အစချီတဲ့ ရှေးသီချင်းတစ်ပုဒ်မှာ ဇောင်းကလောအင်းရဲ့ သာယာလှပပုံကို ရေးဖွဲ့သီကုံးထားတယ်။ အခုအချိန်မှာတော့ ဇောင်းကလောအင်းနေရာမှာ နေအိမ်တိုက်တာအဆောက်အအုံတွေ ဖြစ်ကုန်ကြပါပြီ။

စေတီတော်ကြီးကိုဖူးမြော်ပြီးကြချိန်မှာ နေဝင်မိုးချုပ်တော့မှာပါ။ ဒါကြောင့် မန္တလေးမြို့ကနေ ပြင်ဦးလွင်မြို့ရှိရာကို မြန်မြန်ဆန်ဆန်ပြန်လာခဲ့ကြတယ်။ နောက်တစ်ပတ်ကျောင်းပိတ်ရက်မှာ နောက်ထပ်ခရီးစဉ်တစ်ခုကို သွားရောက်လိုက်ပါအုံးမယ်။

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၀၁၀၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း စက်တင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ စပါး ၁၀၁၀၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် စပါး ၁၂၁၃၃ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါ မိုးစပါးစိုက်ပျိုးမှုကို ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၁၀၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မြင်းမူမြို့နယ်အတွင်း မိုးစပါး ဧက ၁၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ စပါးများ အချိန်မီစိုက်ပျိုးနိုင်ရေး အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

(၂၀၆)

# ပုဗ္ဗသီရိမြို့နယ် ကြံဖိုစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် စက်တင်ဘာ ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာတော်ကျေးရွာအုပ်စု ကြံဖိုစုကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို စက်တင်ဘာ ၁၃ ရက်က အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၉ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကြံဖိုစုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ် ၂၂ ဒသမ ၀၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၃ ဒသမ ၂ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၃ ဒသမ ၉ သန်း၊ ဆိုင်ကယ်ပြုပြင်ရေးလုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို ငွေကျပ်သုည ဒသမ ၂၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၂ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၂၉ ဒသမ ၄ သန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နော်လူး**

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း သီးထပ်ရင်စပါး တင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း သီးထပ်ရင်စပါး တင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိထွန်းက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက သီးထပ်ရင်စပါး တင်းရေ ၅၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း သီးထပ်ရင်စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ကို ပြီးခဲ့တဲ့ ဩဂုတ်လအတွင်းက သီးထပ်ရင်စပါး တင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဓနုဖြူမြို့နယ်က စပါးအပါအဝင် လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကိုအများဆုံးတင်ပို့ရောင်းချနေပါတယ်။ သီးထပ်ရင်စပါးက အကြမ်းအုပ်စုထဲမှာ ပါပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေလို့ တင်ပို့အားတက်လာတာ ဖြစ်ပါတယ်"ဟု ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိထွန်းက ပြောပြသည်။



ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် သီးထပ်ရင်စပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၀ ထိဈေးပေါက်နေကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မြဝတီမြို့နယ် ချောင်းဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြဝတီ စက်တင်ဘာ ၁၄**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ချောင်းဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသူရလွင်၊ မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ ချောင်းဆုံ ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးသူရလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ ချောင်းဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၂ ဒသမ ၃ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသူရလွင်ထံမှ သိရသည်။

**ကိုသက်**

# ဇီးကုန်းမြို့နယ် ကန္တလီကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းနေမှု စစ်ဆေး

**ဇီးကုန်း စက်တင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် ကန္တလီကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးနွယ်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကန္တလီကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ မြေနီကျောက်စရစ်လမ်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကန္တလီကျေးရွာ၌ လမ်းအရှည် ပေ ၂၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၄၉ သန်း စုစုပေါင်း ငွေကျပ် ၁၆ ဒသမ ၄၉ သန်းဖြင့် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဩဂုတ် ၁၆ ရက်က စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ အားလုံး ရာနှုန်းပြည့် ပြီးစီးပါက ကန္တလီကျေးရွာရှိ ကျေးလက်နေပြည်သူများ သွားလာရေးလွယ်ကူစေမည်ဖြစ်ကြောင်း ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးနွယ်က ပြောပြ၍ သိရသည်။

**ကိုညို**

# ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်သစ်များ တိုးချဲ့လျက်ရှိသော တရုတ်နိုင်ငံ

လက်ရှိအချိန်တွင် လက်တင်အမေရိကနိုင်ငံများသည် အမေရိကန်အစိုးရ၏ စီးပွားရေးအရ အနိုင်ကျင့်ခံနေရပြီး ခြိမ်းခြောက်အကျပ်ကိုင်မှုများကိုလည်းရင်ဆိုင်နေကြရသည်။ လက်တင်အမေရိကနှင့်ကာရစ်ဘီယံနိုင်ငံများ အသိုက်အဝန်း(CELAC)နှင့် တရုတ်နိုင်ငံတို့ကြား ဆက်ဆံရေးသည် ဖိအားပေးမှုနှင့်ခြိမ်းခြောက်မှုများ ခံနေရသည်။

နိုင်ငံတကာဆက်ဆံရေးတွင် သိသာထင်ရှားသည့် နောက်ခံအင်အားရှိသော ဘရာဇီးနိုင်ငံသည်လည်း အမေရိကန်တာဝန်ရှိသူများ၏ သတိပေးမှုများခံရလျက်ရှိသည်။ အထူးသဖြင့် တရုတ်နိုင်ငံနှင့်ဆက်ဆံရေးတွင် အမေရိကန်၏ဖိအားများကြောင့် စိန်ခေါ်မှုများ ရင်ဆိုင်ရလျက်ရှိသည်။ ဘရာဇီးနိုင်ငံသည် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း(BRI)တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ရာ၌ စိန်ခေါ်မှုများရှိခဲ့သည်။ တရုတ်နိုင်ငံကအဆိုပြုထားသော BRI စီမံကိန်းသည် ရှေ့ခေတ်ပိုးလမ်းမဟောင်းတစ်လျှောက်နှင့် ထိုလမ်းမကြီးကိုကျော်လွန်၍ ချိတ်ဆက်မှုမြှင့်တင်ရန် ရည်မှန်းထားရှိသည်။


လက်တင်အမေရိကရှိ အခြားနိုင်ငံများသည်လည်း အမေရိကန်နိုင်ငံ၏အနိုင်ကျင့်မှုကို အလားတူခံစားရလျက်ရှိသည်။ သာဓကအနေဖြင့် အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် ပနားမားတူးမြောင်းကို ပြန်လည်ရယူသွားမည်ဟု ခြိမ်းခြောက်လျက်ရှိသည်။ ပနားမားတူးမြောင်းသည် စတင်ဖွင့်လှစ်သည့် ၁၉၁၄ ခုနှစ်မှ ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ထိ အမေရိကန်တို့၏ ထိန်းချုပ်မှုအောက်တွင်ရှိခဲ့သည်။

ကျူးဘားနှင့် ဗင်နီဇွဲလားနိုင်ငံတို့သည် ပိတ်ဆို့မှုများနှင့် တင်းကျပ်သောစီးပွားရေးဆိုင်ရာ တားဆီးပိတ်ဆို့မှုများကြောင့် စီးပွားရေးအကျပ်အတည်းများနှင့်ရင်ဆိုင်ရလျက်ရှိသည်။ ထို့ပြင် အမေရိကန်ရှိ ရွှေ့ပြောင်းလုပ်သား ရာပေါင်းများစွာကိုလည်း ရွှေ့ပြောင်းအလုပ်သမား လျှော့ချရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့်အညီ ပြုမူဆောင်ရွက်ခြင်းမရှိဘဲ တတိယနိုင်ငံများသို့ အတင်းအကျပ်လွှဲပြောင်းပေးပို့ခဲ့သည်။ မက္ကဆီကိုနှင့်ကနေဒါနိုင်ငံတို့သည် တရားမဝင် လူမှောင်ခိုကူးမှုတိုက်ဖျက်ရေး ခေါင်းစဉ်အောက်တွင် ပို့ကုန်များအပေါ်အခွန်စည်းကြပ်တိုးမြှင့်ကောက်ခံမှုများနှင့် ရင်ဆိုင်ရလျက်ရှိသည်။

**နီးကပ်သောဆက်ဆံရေးများ**

ဘရာဇီးသမ္မတ လူဝဇ်အစ်နာစီယိုလူလာဒါဆေးလ်ဗားသည် ၂၀၂၅ ခုနှစ် မေ ၁၀ ရက်မှ ၁၄ ရက်ထိ တရုတ်နိုင်ငံသို့ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။ ၎င်း၏ခရီးစဉ်နှင့်စပ်လျဉ်း၍ လက်တင်အမေရိကဆိုင်ရာ အမေရိကန်အကြံပေးနှင့် Inter-American ဖွံ့ဖြိုးတိုးတက်မှုဘဏ်ဥက္ကဋ္ဌဟောင်း မော်ရီစီယိုကလာဗာကာရိုနီက မေ ၁၂ ရက်တွင် နယူးယောက်မြို့၌ ပြုလုပ်သည့် စီးပွားရေးဖိုရမ်တစ်ခု၌ မိန့်ခွန်းပြောကြားစဉ် ဘရာဇီးသမ္မတအနေဖြင့် တရုတ်နိုင်ငံသို့ရောက်ရှိမနေသင့်ကြောင်း နယူးယောက်မြို့ရှိ ယခုအခမ်းအနား၌သာ ရောက်ရှိနေသင့်ကြောင်း ပြောကြားသွားခဲ့သည်။ ထို့ပြင် တရုတ်နိုင်ငံသည် စီးပွားရေးအရ ဆွဲဆောင်မှုရှိသော်လည်း ရေရှည်တွင် အမေရိကန်နှင့်နှိုင်းယှဉ်ပါက မီခိုအားထားနိုင်မှုမရှိကြောင်း ပုတ်ခတ်ပြောကြားသွားခဲ့သည်။

အမေရိကန်၏ ခြိမ်းခြောက်မှုများရှိနေသော်လည်း လက်တင်အမေရိကဒေသတွင်းရှိ နိုင်ငံများသည် ၎င်းတို့ဒေသတွင်း၌ တရုတ်နိုင်ငံ၏တည်ရှိမှုကို ဆက်လက်အသိအမှတ်ပြုလျက်ရှိသည်။ အာဂျင်တီးနားနိုင်ငံသည်ပင်လျှင် စီးပွားရေးကိစ္စရပ်များတွင် တရုတ်နိုင်ငံ၏ အရေးပါမှုနှင့်လေးနက်မှုတို့ကို အသိအမှတ်ပြုထားလျက်ရှိသည်။ အာဂျင်တီးနား ဗဟိုဘဏ်နှင့် တရုတ်ဗဟိုဘဏ်တို့ကြား ငွေကြေးဖလှယ်မှု သဘောတူညီချက်သည် ဆက်လက်အသက်ဝင်လျက်ရှိပြီး နှစ်နိုင်ငံကုန်သွယ်မှုသည်လည်း ဆက်လက်မြင့်တက်လျက်ရှိသည်။ ငွေကြေးဖလှယ်မှုစာချုပ်သည် နှစ်နိုင်ငံကုန်သွယ်မှု အဆင်ပြေချောမွေ့ရန်နှင့် ဘဏ္ဍာရေးဈေးကွက်များအတွင်း ငွေကြေးစီးဝင်မှုရှိစေရန် ဗဟိုဘဏ်နှစ်ခုကို ငွေကြေးတစ်မျိုးတည်း တူညီသောပမာဏဖြင့် လွှဲပြောင်းနိုင်ခွင့်ရှိစေသည်။ အာဂျင်တီးနား၌အစိုးရအဖွဲ့များသာ



ဘရာဇီးသမ္မတနှင့် တရုတ်သမ္မတ တွေ့ဆုံစဉ်။

အသီးသီးပြောင်းလဲသွားသော်လည်း တရုတ်နိုင်ငံနှင့်နှစ်နိုင်ငံဆက်ဆံရေးသည် ဆက်လက်တိုးတက်လျက်ရှိသည်။

အမေရိကန်အစိုးရက တစ်ဖက်သက်အစီအမံများချမှတ်ပြီးနောက် မသေချာမရေရာမှုများမြင့်တက်နေသော နိုင်ငံတကာအခင်းအကျင်းတွင် နိုင်ငံစုံဝါဒကိုကာကွယ်မှုသည် ယခင်ကထက်ပိုမိုအရေးပါလာလျက်ရှိသည်။ ထို့ကြောင့် တရုတ်-CELAC ဖိုရမ်၏ (၄)ကြိမ်မြောက် ဝန်ကြီးများအဆင့်အစည်းအဝေးကို ပေကျင်းမြို့၌ ကျင်းပခြင်းသည် တစ်နိုင်ငံတည်းဝါဒနှင့် အတူယှဉ်တွဲနေထိုင်သည့် နိုင်ငံတကာစည်းမျဉ်းစည်းကမ်းများအပေါ် ဟန့်တားနှောင့်ယှက်မှုများအား ဆန့်ကျင်မှုအမှတ်သင်္ကေတပင်ဖြစ်သည်။ ဝန်ကြီးများတွေ့ဆုံဆွေးနွေးမှု အောင်မြင်မှုရရှိခြင်းသည် အပြန်အလှန်ဆက်ဆံရေးကျစ်လျစ်ခိုင်မာမှုနှင့် ကောင်းမွန်သောအရှိန်အဟုန်တို့ကို ထင်ဟပ်စေလျက်ရှိသည်။

တရုတ်သမ္မတရှီကျင့်ဖျင်၊ လက်တင်အမေရိကနှင့် ကာရစ်ဘီယံ(LAC)နိုင်ငံများကို တရုတ်နိုင်ငံအဆိုပြုထားသည့် ဖွံ့ဖြိုးတိုးတက်မှု၊ လုံခြုံမှုနှင့်ယဉ်ကျေးမှုဆိုင်ရာအပြန်အလှန်ဖလှယ်မှုနှင့် ဆွေးနွေးမှု၊ ညှိနှိုင်းမှုများကို ကမ္ဘာလုံးဆိုင်ရာလုပ်ငန်းစဉ်များသို့ ပူးပေါင်းဆောင်ရွက်ရေးအတွက် လက်တွေ့ကျသော အစီအမံများကိုကမ်းလှမ်းထားရှိသည်။ သမ္မတရှီကျင့်ဖျင်သည် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ငါးရပ်ကို ကမ်းလှမ်းထားရှိပြီး သွေးစည်းညီညွတ်မှုအစီအစဉ်နှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံအသီးသီး၏ အဓိကအကျိုးစီးပွားများနှင့် စိုးရိမ်ပူပန်မှုများနှင့်သက်ဆိုင်သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တစ်ဦးနှင့်တစ်ဦး အထောက်အကူပြုရန်၊ ကုလသမဂ္ဂကိုဗဟိုပြုလျက် နိုင်ငံတကာစနစ်နှင့် နိုင်ငံတကာဥပဒေက အထောက်အကူပြုထားသော နိုင်ငံတကာအခင်းအကျင်းတို့ကို အခိုင်အမာစောင့်ရှောက်ရန်နှင့်နိုင်ငံတကာနှင့် ဒေသတွင်းဆိုင်ရာ ကိစ္စရပ်များတွင် တစ်သံတည်း၊တစ်သဘောတည်းထွက်ရှိရန် လက်တင်အမေရိကနှင့်ကာရစ်ဘီယံ (LAC )နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က ပြောကြားသွားခဲ့သည်။

ဒုတိယအစီအစဉ်တိုးတက်မှုနှင့် စပ်လျဉ်း၍ တရုတ်နိုင်ငံသည် နိုင်ငံပေါင်းစုံကုန်သွယ်မှုစနစ်ထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာများကြား ပိုမိုခိုင်မာအားကောင်းသော ပူးပေါင်းဆောင်ရွက်မှုလုပ်ဆောင်ရန်နှင့် အရည်အသွေးမြင့်မားသောရပ်ဝန်းနှင့် ပိုးလမ်းမပူးပေါင်းဆောင်ရွက်မှုကိုတိုးချဲ့ရန် လက်တင်အမေရိကနှင့်ကာရစ်ဘီယံ (LAC)နိုင်ငံများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

တတိယအစီအစဉ်သည် ယဉ်ကျေးမှုဆိုင်ရာဖြစ်ပြီး ၎င်းအစီအစဉ်အရငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးမှု၊ တရားမျှတမှု၊ ဒီမိုကရေစီနှင့် လွတ်လပ်မှုကဲ့သို့သော လူသားဆန်မှုတန်ဖိုးများမျှဝေမှုကို ကာကွယ်သွားရန်ဖြစ်သည်။ ငြိမ်းချမ်းမှုအစီအစဉ်သည် လက်တင်အမေရိကနှင့် ကာရစ်ဘီယံသာယာဝပြောမှုကို ငြိမ်းချမ်းမှုဇုန်အဖြစ် သတ်မှတ်ရန်နှင့် လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသတွင် နျူကလီးယားလက်နက်တားဆီးရေးဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ အေဂျင်စီအဖြစ်ကြေညာရန် အထောက်အကူပြုသွားမည်ဖြစ်သည်။

နောက်ဆုံးအချက်ဖြစ်သည့် ပဉ္စမအစီအစဉ်သည် ပြည်သူအချင်းချင်း ချိတ်ဆက်သွားရန်ဖြစ်ပြီး ၎င်းအစီအစဉ်အရ တရုတ်အစိုးရသည် ကာရစ်ဘီယံဒေသတွင်းရှိနိုင်ငံများမှ ကျောင်းသားများနှင့် ပညာရှင်များကို လေ့ကျင့်သင်တန်းများပေးအပ်သွားမည့်အပြင် ပြည်သူများကြား ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းများကိုလည်း အဆင့်မြှင့်တင်သွားရန် အခိုင်အမာဆုံးဖြတ်ထားရှိသည်။

**အလားအလာကောင်းသော အနာဂတ်**

တရုတ်နှင့် လက်တင်အမေရိကနှင့်ကာရစ်ဘီယံ (LAC) နိုင်ငံများကြား လတ်တလောဆက်ဆံရေးကို ဆန်းစစ်အကဲဖြတ်ကြည့်ရာ၌ ၂၀၀၈ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း တရုတ်အစိုးရသည် လက်တင်အမေရိကဆိုင်ရာ စက္ကူဖြူစာတမ်းနှစ်ခုကို ထုတ်ပြန်ခဲ့သည်။ အတိတ်ဖြစ်စဉ်များကို ပြန်ကြည့်မည်ဆိုလျှင် အဆိုပြုချက်များစွာကို အကောင်အထည်ဖော်နိုင်ခဲ့ပြီး အခြေခံအဆောက်အအုံများစွာကိုလည်း တည်ဆောက်နိုင်ခဲ့ပြီဖြစ်သည်။ လွန်ခဲ့သောနှစ် ၂၀ ကျော်ကာလအတွင်း ကုန်သွယ်မှုတန်ဖိုးသည် နှစ်ဆကျော်မြင့်တက်လာခဲ့ပြီး တရုတ်ရင်းနှီးမြှုပ်နှံမှုများသည် နိုင်ငံများစွာတွင်ရှိနေကာ တံတားများ၊ ရထားလမ်းများ၊ လျှပ်စစ်ဓာတ်အားပေးလိုင်းများ၊ ရေအားလျှပ်စစ်စီမံကိန်းများ၊ ဆိပ်ကမ်းများနှင့် အဝေးပြေးလမ်းများတွင် ရင်းနှီးမြှုပ်နှံထားရှိခဲ့သည်။ လတ်တလောကျင်းပခဲ့သည့် တရုတ်-CELAC ၏ဖိုရမ်၌ ချမှတ်ခဲ့သော အဓိကနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲလုပ်ငန်းအစီအမံ ၂၀၂၅-၂၀၂၇ သည် လက်တင်အမေရိကနှင့်ကာရစ်ဘီယံ (LAC) နိုင်ငံများကို ကိုယ်ပိုင်ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပေါင်းစည်းမှုတို့ကို လုပ်ဆောင်နိုင်ရန် အားပေးသွားမည်ဟုမျှော်မှန်းထားရှိသည်။

တရုတ်နှင့် လက်တင်အမေရိကနှင့်ကာရစ်ဘီယံ ( LAC) နိုင်ငံများသည် နယ်ပယ်များစွာတွင် အကျိုးအမြတ်ဖော်ထုတ်သွားနိုင်ရေးသည် များစွာအရေးပါလျက်ရှိသည်။ မဟာဗျူဟာအရ အရေးပါသောသတ္တုများ၊ လောင်စာဆီနှင့်စားနပ်ရိက္ခာကဲ့သို့သော သဘာဝအရင်းအမြစ်များအပြင် တရုတ်ကုမ္ပဏီများအနေဖြင့် အရင်းအနှီး၊ နည်းပညာနှင့် အရင်းအမြစ်ပေါကြွယ်ဝနေသည့်အချိန်တွင် နိုင်ငံတကာ၌ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလုပ်ဆောင်နိုင်ရန် အခွင့်အလမ်းကောင်းများရှိနေသည်။ သာဓကအနေဖြင့် ဈေးနှုန်းချိုသာသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို ဒေသတွင်း၌ သုတေသနပြုထုတ်လုပ်နိုင်ခြင်းသည် လက်တင်အမေရိကနှင့်ကာရစ်ဘီယံ (LAC) ဒေသတွင် ယှဉ်ပြိုင်မှုရှိသော အကျိုးအမြတ်များဖန်တီးနိုင်ပြီး အဆင့်မြင့်စက်မှုနည်းပညာနှင့် AI စီမံကိန်းများကို အထောက်အကူပြုသည့် ဒေတာစင်တာများတွင် ကျွမ်းကျင်မှုအသစ်များကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ဘရာဇီးသမ္မတလူလာဒါသည် တရုတ်-CELAC ဖိုရမ်ဝန်ကြီးများအစည်းအဝေး၌ မိန့်ခွန်းပြောကြားရာ၌ မိမိတို့အနေဖြင့် ကီလိုပေါင်း ၁၅,၀၀၀ ကျော် ကွာဝေးလျက်ရှိသောလည်း နှစ်နိုင်ငံအကြား ရင်းနှီးသောဆက်ဆံရေးကို ထူထောင်ထားရှိကြောင်းပြောကြားသွားခဲ့ပြီး ၎င်း၏သဘောထားမှတ်ချက်သည် လက်တင်အမေရိကနှင့်ကာရစ်ဘီယံ ( LAC )ခေါင်းဆောင်များ၏ အမြင်သဘောထားဖြစ်ပြီး သမ္မတရှီကျင့်ဖျင်နှင့်၎င်းတို့ကြား တွေ့ဆုံဆွေးနွေးမှု၏ အောင်မြင်မှုရလဒ်လည်းဖြစ်သည်။

လွှမ်းခြုံတင်ပြရလျှင် ဝန်ကြီးများအဆင့်အစည်းအဝေးက တရုတ်နိုင်ငံသည် နိုင်ငံတကာအသိုက်အဝန်းအတွက် စိန်ခေါ်မှုများရင်ဆိုင်ရာ၌ အင်အားကြီးမားသော၊ တည်ငြိမ်မှုရှိသော၊ ကြိုတင်တွက်ချက်နိုင်ပြီး တာဝန်ယူမှုအပြည့်အဝရှိသော နိုင်ငံအဖြစ် ရပ်တည်နိုင်ကြောင်း ကမ္ဘာကြီးကိုပြသခဲ့သည်။ တရုတ်အစိုးရသည် ကမ္ဘာ့နိုင်ငံများကြား ပူးပေါင်းဆောင်ရွက်ခြင်းနှင့် နိုင်ငံစုံစည်းမျဉ်းစည်းကမ်းများနှင့် အပြန်အလှန်လေးစားမှုကို အခြေခံသော ထိရောက်သည့် ကမ္ဘာလုံးဆိုင်ရာအခင်းအကျင်းကိုဖန်တီးရာ၌ အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပေသည်။

**ကိုးကား**

- New Horizons for Cooperation by Beijing Review.

**မောင်စိန်အိ(နဘဲမြေ)**

# ခွေးရူးရောဂါ သတိရှိပါ

**ပေါက်ပေါက်**

သမိုင်းတစ်လျှောက် လူတို့မွေးမြူ အသုံးပြုသော တိရစ္ဆာန်များအနက် ခွေးသည် အားအကိုးရဆုံးသော မိတ်ဆွေ၊ သစ္စာ အရှိဆုံးသော သတ္တဝါဖြစ်သည်။ ရှေးဦးလူများနေထိုင်ရာ လိုဏ်ဂူများကို တူးဖော်ရာတွင် လူရိုးနှင့် ခွေးရိုးများ အတူတကွတွေ့ရှိ ခြင်းကို ထောက်ရှု၍ ခွေးများသည် သမိုင်းမတိုင်မီ ခေတ်အခါကပင် လူတို့နှင့်ယှဉ်ပါးနေသော တိရစ္ဆာန်ဟု ဆိုရပေမည်။ သို့သော် မျက်မှောက်ကာလတွင်မူ စနစ်တကျ မွေးမြူထားခြင်းမရှိသည့် လေလွင့်ခွေးများ အကိုက်ခံရမှုကြောင့် လူအများထိခိုက်ဒဏ်ရာရခြင်း၊ ခွေးရူးရောဂါကြောင့် သေဆုံးခြင်း စသည့် ဆိုးကျိုးများ ဖြစ်ပေါ်လျက်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ မှတ်တမ်းများအရ ကမ္ဘာတစ်ဝန်း ခွေးရူးရောဂါကြောင့် တစ်နှစ်လျှင် လူပေါင်း ၆၀၀၀၀ ခန့် အသက်ဆုံးရှုံးနေရပြီး အများပြည်သူဆိုင်ရာ ကျန်းမာရေးပြဿနာဖြစ်ကာ ၎င်းပမာဏ၏ထက်ဝက်ခန့်သည် အာရှနိုင်ငံများတွင်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည်လည်း လေလွင့်ခွေးကိုက်ခံရမှုများပြားသည့် နိုင်ငံဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာန၏မှတ်တမ်းများအရ ၂၀၁၇ ခုနှစ်တွင် လစဉ် ခွေးကိုက်ခံရသူ ၁၅၀၀၀ ခန့်ရှိခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် လစဉ် ခွေးကိုက်ခံရသူပေါင်း ၁၀၀၀၀ ခန့်ထိရှိခဲ့ကြောင်း သိရသည်။ အမှန်တကယ် အကိုက်ခံရမှုမှာ ယခုထက် ပိုမိုများပြားနိုင်သည်။ ၂၀၁၈ ခုနှစ်က တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကောက်ယူခဲ့သော တိရစ္ဆာန်ကောင်ရေ စာရင်းအရ မြန်မာနိုင်ငံတွင် ခွေးအကောင်ရေ ၃ ဒသမ ၈ သန်းအထိရှိနေသည်။ အများစုမှာ လေလွင့်ခွေးများဖြစ်သည်။

ခွေးများသည် ပင်ကိုယ်သဘာဝအရ အသက် ခြောက်လမှ ရှစ်လအတွင်း မျိုးပွားနိုင်စွမ်းရှိသည်။ မျိုးပွားနှုန်းမှာ တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ်မှ နှစ်ကြိမ်အထိ သားပေါက်ဖွားနိုင်သည့်အတွက် မြန်မာနိုင်ငံတွင် ခွေးအကောင်ရေ ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအတွင်း တိုးပွားနိုင်ကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။

**ခွေးရူးရာဇဝင်**

ခွေးရူးရောဂါကို ဘီစီ ၂၀၀၀ ခန့်ကစ၍ သတိပြုမိခဲ့ကြကြောင်း မှတ်တမ်းများအရလေ့လာသိရသည်။ ၁၇၆၈ ခုနှစ်က အမေရိကန်နိုင်ငံ မန်ဆာချူးဆက် ပြည်နယ် ဘော်စတွန်မြို့မှ စတင်ဖြစ်ပွားခဲ့သော ခွေးရူးရောဂါသည် နှစ်အနည်းငယ်အတွင်း အခြားပြည်နယ်များသို့ ပျံ့နှံ့သွားပြီး ပြင်သစ်နှင့် မြောက်အမေရိကတိုက်အထိ ကူးစက်ပျံ့နှံ့ခဲ့သည်။ ၁၉ ရာစုအတွင်းက ခွေးရူးရောဂါ၏ ကြောက်မက်ဖွယ်ကောင်းပုံကို ဘေးဆိုးကပ်ဆိုးတစ်ခုအဖြစ် ယူဆခဲ့ကြသည်။ ထို့ကြောင့် ခွေးရူးဟု သံသယရှိသော ခွေးကိုက်ခံရပါက ထိုသူသည် မိမိကိုယ်ကို အဆုံးစီရင်ရခြင်း သို့မဟုတ် အခြားသူများက ဝိုင်း၍ သတ်ဖြတ်သည်ကို ခံရခြင်းဖြင့် ကိစ္စတုံးစီရင်လေ့ရှိသည်။ တချို့ဒေသများတွင်လည်း ခွေးရူးရောဂါသည် လျှာမှစတင်ဖြစ်ပွားသည်ဟုယူဆကာ ခွေးရူးပြန်ရောဂါဖြစ်နေသော လူ၊ တိရစ္ဆာန်တို့၏ လျှာကိုအရင်းမှ ဖြတ်တောက်ခဲ့ကြသည့် ရိုးရာဓလေ့ရှိခဲ့သည်။ ၁၈၈၅ ခုနှစ်ရောက်မှသာ Louis Pasteur ဟုအမည်ရသောသိပ္ပံပညာရှင်က ခွေးရူးရောဂါအတွက်ကာကွယ်ဆေးကုထုံးကို စတင်တီထွင်ခဲ့သည်။

**ခွေးရူးရောဂါဖြစ်ရသော အကြောင်းရင်း**

ခွေးရူးရောဂါသည် ခွေးရူးရောဂါပိုးဖြစ်စေသည့် Rabies Virus ကို သယ်ဆောင်ထားသောခွေး၊ ကြောင်၊ မြေခွေးတို့ကိုက်မိ၊ ကုတ်မိရာကတစ်ဆင့် ကူးစက်နိုင်သည်။ ခွေးရူးဗိုင်းရပ်စ်သည် လင်းနို့၊ ရှဉ့်၊ နွား၊ ဆိတ် စသည့် တိရစ္ဆာန်တို့၏သွားရည်တွင်ရှိနေတတ်ပြီး တိရစ္ဆာန်မှလူသို့ ကူးစက်တတ်သည့်ပိုးဖြစ်သည်။ လေလွင့်ခွေးကတစ်ဆင့် ကူးစက်မှု အများဆုံးဖြစ်သည်။ အလွန်ဆိုးရွား ပြင်းထန်သည့် ရောဂါခံစားရပြီး အချိန်မီမကုသနိုင်လျှင် အသက်ဆုံးရှုံးနိုင်သည်။

အကယ်၍ မိမိ၏ကိုယ်အရေပြားတွင် အနာရှိနေစဉ် ထိုအနာကို ခွေးရူးရောဂါရှိနေသော တိရစ္ဆာန်၏ တံတွေးနှင့် တိုက်ရိုက်ထိမိလျှင်ဖြစ်စေ၊ လျှာနှင့် လျက်မိလျှင် ဖြစ်စေကူးစက်နိုင်သည်။ ထို့ပြင် ခွေးရူးရောဂါရှိနေသော တိရစ္ဆာန်၏သွားရည်က အကြောင်းအမျိုးမျိုးဖြင့် မိမိ၏မျက်လုံးနှင့်ပါးစပ်သို့ ရောက်မိလျှင်လည်း ကူးစက်နိုင်သည်။ ခွေးရူးပိုးနှင့် ထိတွေ့မှုများသော ဓာတ်ခွဲခန်းတွင်အလုပ်လုပ်နေသူများမှာ



လည်း ကူးစက်နိုင်ခြေရှိသည်။ သို့သော် လူအချင်းချင်း ထိမိတိုက်မိခြင်း သို့မဟုတ် ဆီး၊ ဝမ်း၊ သွေးကတစ်ဆင့် ကူးစက်နိုင်ခြင်းမရှိပေ။

ခွေးရူးရောဂါပိုး၏သဘောသဘာဝသည် အကိုက်ခံရသည့် နေရာမှစတင်၍ ဇဟိုအာရုံကြောစနစ်နှင့် ဦးနှောက်ဆီသို့ရောက်သွားသည်။ ခွေးအကိုက်ခံရသည့်အချိန်နှင့် ခန္ဓာကိုယ်အစိတ်အပိုင်း ကိုက်ခံရသည့် နေရာပေါ်မူတည်၍ (ဥပမာ လည်ပင်း၊ လက်စသည်) ပိုးက ဦးနှောက်ဆီရောက်သည့်အချိန်ပေါ် မူတည်ပြီး ရောဂါလက္ခဏာစပေါ်ချိန်နှင့် ရောဂါဖြစ်ချိန်တို့မှာလည်း ကွာခြားသွားသည်။ ပုံမှန်အားဖြင့် ခွေးကိုက်ခံရပြီး ခွေးရူးရောဂါဖြစ်ချိန်က တစ်လမှ နှစ်လအထိ ကြာတတ်သော်လည်း အချို့အခြေအနေများတွင် နှစ်နှင့်ချီကြာတတ်သည်။ ထူးခြားဖြစ်စဉ်အဖြစ် လူတချို့တွင် ခွေးကိုက်ခံရပြီးနောက် ဆယ်နှစ်ကျော်ကြာမှ ဒဏ်ရာက မခံမရပ်နိုင်အောင် ယားလာကာ ခွေးရူးလက္ခဏာများ ပြသည်ကိုလည်း တွေ့ရသည်။

**ခွေးရူး၏ အမူအကျင့်များ**

ရုတ်တရက် အမူအရာပြောင်းသွားခြင်း၊ ထိုင်းမှိုင်းခြင်း၊ အစာမစားခြင်း၊ အဖျားတက်ခြင်း၊ ၎င်းအားမည်သူကမျှ စိတ်ဆိုးအမျက်ထွက်အောင် မလုပ်ပါဘဲ သူ့အလိုလိုရန်လိုနေပြီး ကိုက်တတ်ခြင်း၊ တုတ်ချောင်း သို့မဟုတ် စက္ကူစသည်ဖြင့် မြင်မြင်ရာကိုကိုက်ဝါးခြင်း၊ ကြောက်ရွံ့အားငယ်နေခြင်း၊ ဦးတည်ရာမဲ့ပြေးသွားခြင်း၊ အသံအက်ဖြင့် အူခြင်း၊ ဟောင်ခြင်း၊ အစာနှင့်ရေကို မျိုချရန် ခက်ခဲခြင်း၊ ခြေထောက်များ ဆိုင်းသွားခြင်း၊ အလင်းရောင်ကို ကြောက်ခြင်း၊ မျက်စိသူငယ်အိမ် ကျယ်လာခြင်း၊ ခက်ခက်ခဲခဲ အသက်ရှူခြင်း၊ မေးရိုးများဟနေခြင်း၊ သွားရည် သို့မဟုတ် တံတွေးများ လွန်ကဲစွာထွက်ကျခြင်း စသည်တို့က ခွေးရူးရောဂါဖြစ်နေသော ခွေးတစ်ကောင်၏ အမူအကျင့်များဖြစ်သည်။

**ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံသင့်သောအချိန်**

ခွေးအကိုက်ခံရပါက သွေးထွက်မလွန်အောင် ဒဏ်ရာပေါ် လက်မဖြင့်ဖိထားပါ။ အချိန်မီ ဆပ်ပြာ၊ ရေ၊ အရက်ပြန်၊ အိုင်အိုဒင်းတို့နှင့် အနည်းဆုံးအချိန် ဆယ်မိနစ်ကျော်ကြာသည်အထိ ဆေးကြောသန့်စင်ပြီး မေးခိုင်ကာကွယ်ဆေးထိုးနှံထားရမည်။ ခွေးရူးရောဂါကာကွယ်ဆေးကို ခွေးကိုက်ခံရပြီဆိုသည်နှင့် အချိန်မဆိုင်းဘဲ ထိုးနှံသင့်သည်။ ခွေးကိုက်ခံရလျှင် ခွေးရူးရောဂါမဖြစ်အောင် တစ်ခုတည်းသော ကာကွယ်နည်းမှာ ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံခြင်းပင်ဖြစ်သည်။ ခွေးကိုက်ဒဏ်ရာသည် ပေါက်ပြဲအရေပြားလန်ပြီး အနာဖြစ်သွားသည့် အခြေအနေမျိုးတွင် ကာကွယ်ဆေးကို ပို၍အလေးထားထိုးနှံရမည်။

ခွေးရူးအကိုက်ခံရသည် သေချာလျှင် Anti-rabies immunoglobulin ခေါ် Antibody ထုတ်လုပ်ပြီးသား အသင့်ကာကွယ်ဆေးကို ၂၄ နာရီအတွင်း အကိုက်ခံရသည့် အနာနေရာ ပတ်ပတ်လည်တွင် ချက်ချင်းထိုးနှံရမည်။ Anti-rabies immunoglobulin ခေါ် ကာကွယ်ဆေးကို ခွေးရူးဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ အကိုက်ခံရလျှင် ထိုးနှံရမည်။ ၂၄ နာရီအတွင်း လက်မောင်းအရေပြားအောက် ဘယ်၊ ညာနှစ်ဖက်စလုံး တစ်ပြိုင်တည်းထိုးနိုင်လျှင် ဆေးခန်းသွားရမည့်အကြိမ်ရေသက်သာမည်။ ပထမတစ်ရက်တွင် နှစ်လုံးထိုးပြီးသည်နှင့် နောက်ထပ်ခုနစ်ရက်မြောက်တွင် ဒုတိယအကြိမ်၊ ၂၁ ရက်မြောက်တွင် တတိယအကြိမ် စသည့်အစီအစဉ်အတိုင်း ပေါင်းသုံးကြိမ်မှာ ဆေးလေးလုံး တိတိကျကျထိုးနှံရမည်။ ကြိုတင်ကာကွယ်ဆေးက တစ်နှစ်မှသုံးနှစ်ခန့်သာ သက်တမ်းအာမခံနိုင်သည့်အတွက် မိမိတွင် ကြိုတင်ကာကွယ်ဆေးထိုးထားသော်လည်း မတော်တဆခွေးအကိုက်ခံရလျှင် ထပ်မံဆေးထိုးနှံရမည်ဖြစ်သည်။ ပြည်သူ့ဆေးရုံများရှိ Dog Bite Centre တွင် ခွေးရူးကာကွယ်ဆေးကို အခမဲ့ထိုးနှံပေးလျက်ရှိသည်။

**ခွေးရူးရောဂါလက္ခဏာများ**

ခြေထောက်တွင်ကိုက်ခံရပါက ပျမ်းမျှ ၆၄ ရက်ခန့်၊ လက်မောင်းတွင်ကိုက်ခံရပါက ၃၂ ရက်ခန့်၊ မျက်နှာနှင့် လည်ပင်းအနီးတဝိုက်တို့တွင် အကိုက်ခံရပါက ၂၇ ရက်ခန့်ကြာမြင့်ပြီးနောက် ခွေးရူးရောဂါလက္ခဏာများကို ခံစားရတတ်သည်။ ခွေးရူးရောဂါ၏အထင်ရှားဆုံးလက္ခဏာမှာ ဦးစွာအပြင်းဖျားခြင်းဖြစ်သည်။ စကားပြောပုံပြောင်းလဲလာခြင်း၊ စကားကို တိုတောင်းလျင်မြန်စွာပြောခြင်း၊ နုံးခြင်း၊ ခန္ဓာကိုယ်ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ ပျို့အန်ခြင်း၊ ရေအလွန်ငတ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အသက်ရှူကျပ်၍ မွန်းခြင်း၊ ဒဏ်ရာက တဆစ်ဆစ်နာကျင်ခြင်း၊ ထုံခြင်း၊ ပူစပ်ပူလောင်ဖြစ်ခြင်းတို့ကိုခံစားရသည်။ ပိုးက ဦးနှောက်သို့ရောက်သွားသောအခါ စိတ်ပိုင်းဆိုင်ရာအာရုံကြောများနှင့် ကြွက်သားတို့ကို ထိခိုက်စေသည်။ ဂနာမငြိမ်ဖြစ်ခြင်း၊ စိတ်တိုစိတ်ဆတ်ခြင်း၊ ကြမ်းတမ်းခြင်း၊ ထင်ယောင်ထင်မှားဖြစ်ခြင်းတို့ကိုဖြစ်ပေါ်ခံစားရသည်။ တစ်ချက်တစ်ချက် ငြိမ်ကျသွားခြင်း၊ အိပ်မပျော်တော့ခြင်း၊ ကယောင်ကတမ်းဖြစ်ခြင်းတို့ကို တစ်ဆင့်စီခံစားလာရသည်။ အပြင်းထန်ဆုံးအဆင့်တွင် သွားရည်စီးကျခြင်း၊ ရေကြောက်ခြင်း၊ ကျယ်လောင်သောအသံတို့ကိုမခံစားနိုင်ခြင်း၊ တိုက်ခတ်သောလေအေးတို့ကို အထိမခံနိုင်ခြင်း၊ လေဖြတ်သလို ခံစားရခြင်း၊ တက်ခြင်း၊ ပစ္စည်းတစ်ခုခုကို ဟပ်သကဲ့သို့ ပါးစောင်ရိုးကို လှုပ်နေတတ်ခြင်း၊ အဖျားကျသွားသော်လည်း ဝမ်းချုပ်ခြင်း၊ ဆီးနည်းခြင်းတို့ကိုဖြစ်ပေါ်လာကာ အသက်အန္တရာယ် စိုးရိမ်ရသောအခြေအနေဖြစ်သည်။

**စားသောက်မှုပုံစံ**

ခွေးရူးကိုက်ခံရပါက မည်သည့်အစားအစာမျှ အထူးရှောင်ရှားစရာမလိုအပ်ပါ။ ဆရာဝန်မှညွှန်ကြားထားသည့်အတိုင်း နေထိုင်စားသောက်သင့်သည်။ ခွေးကိုက်ခံရပါက ခွေးတောက်ရွက်မစားရဟု ရှေးရိုးစွဲရှိကြသော်လည်း၊ အခါးအရသာဖြစ်သော ခွေးတောက်ရွက်က သွေးကျေဒဏ်ကျေစေနိုင်သဖြင့် ယုံကြည်စိတ်ချစွာစားပေးနိုင်သည်။ အနာမရင်းစေရန်အတွက် ညှော်မမိပါစေနှင့်။ ပြည်မတည်စေရန်အတွက် ဝက်သားအဆီ၊ ဖီးကြမ်းငှက်ပျောသီး စားသုံးခြင်းရှောင်သင့်သည်။

**ခွေးရူးရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်နည်း**

မိမိအပါအဝင် မိသားစုနှင့်ပတ်ဝန်းကျင်ရှိ အခြားသူများအတွက်ပါ ခွေးရူးရောဂါမဖြစ်အောင် အိမ်မွေးခွေး၊ ကြောင်တို့ တစ်နှစ်တစ်ကြိမ် ကာကွယ်ဆေးထိုးနှံခြင်းသည် အလွန်ထိရောက်ပြီး မဖြစ်မနေလုပ်ရမည့် ကာကွယ်နည်းဖြစ်သည်။ အထူးသဖြင့် အိမ်မွေးခွေး၊ ကြောင်မွေးထားပြီး ၎င်းတို့နှင့် အထိအတွေ့ အကိုင်အတွယ်များသူ၊ တိရစ္ဆာန်ကုသရေးဆရာဝန်နှင့် သူနာပြုများ၊ ဓာတ်ခွဲခန်း ဝန်ထမ်းများသည်လည်း ရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်သည့်အနေဖြင့် ခွေးရူးရောဂါပိုးကို ကြိုတင်ထိုးနှံထားသင့်သည်။ ထိုးနှံရမည့်ဆေးအမျိုးအစားနှင့် အကြိမ်အရေအတွက်ကို နီးစပ်ရာဆရာဝန်နှင့်တိုင်ပင်ပါ။ မိမိတို့၏ အိမ်မွေးခွေး၊ ကြောင်တို့ကိုလည်း ပြင်ပတိရစ္ဆာန်များနှင့် မထိတွေ့မိအောင် ကာကွယ်ပါ။ ပတ်ဝန်းကျင်မှာ ခွေးရူးရှိနေလျှင်လည်း သက်ဆိုင်ရာကို အကြောင်းကြားသင့်သည်။

အချုပ်ဆိုရလျှင် ခွေးရူးကိုက်ခံရသောသူတွင် ၎င်းရောဂါပိုးကူးစက်ခံရပါက ဒဏ်ရာမှစ၍ အာရုံခံ (Nerves) ဆဲလ်များမှတစ်ဆင့် ဦးနှောက်သို့ တစ်ရက်လျှင် တစ်စင်တီမီတာနှုန်းဖြင့် တစ်စတစ်စပျံ့နှံ့သွားသည်။ ၎င်းပိုးဦးနှောက်ဆီသို့ရောက်သွားချိန်တွင် မည်သည့်နည်းနှင့်မျှ ကုသနိုင်စွမ်းမရှိတော့ဘဲ အသက်ဆုံးရှုံးနိုင်သည်။ ထို့ကြောင့် ခွေးရူးကိုက်ခံရပါက ခွေးရူးရောဂါကာကွယ်ဆေးကို ချက်ချင်းထိုးနှံပေးရန် အရေးကြီးသည်။

လူတွင်ဖြစ်ပွားလေ့ရှိသော ရောဂါများ၏ ၇၅ ရာခိုင်နှုန်းသည် တိရစ္ဆာန်မှတစ်ဆင့် ကူးစက်ခြင်းကြောင့်ဖြစ်ရာ လေလွင့်ခွေးကောင်ရေ တိုးပွားလာခြင်း၏နောက်ဆက်တွဲအဖြစ် ခွေးကိုက်ခံရမှုနှင့် ခွေးရူးရောဂါဖြစ်ပွားမှုနှုန်း ပိုမိုများပြားလာမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် ခွေးရူးရောဂါပျောက်ကွယ်သွားစေရန် ရည်မှန်းထားပြီးဖြစ်၍ လေလွင့်ခွေးများကို ထိန်းချုပ်မှု မပြုလုပ်နိုင်ပါက နေ့စဉ်နှင့်အမျှ တိုးပွားနေသည့် လေလွင့်ခွေးများ၏ အရေးမှာ အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုအတွက် ကြီးမားသည့်စိန်ခေါ်မှုဖြစ်လာနိုင်သဖြင့် သတိရှိစေလိုကြောင်းရေးသားလိုက်ရပါသည်။

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ကြင်တင့်**
**အသက်(၉၅)နှစ်**

သထုံမြို့နေ (ဦးဖွယ်ရာ-ဒေါ်သိန်းတင်)တို့၏သမီး၊ (ဦးယုဝေ)၏ချစ်လှစွာသောဇနီး၊ (ဦးမြင့်ဆွေ)-ဒေါ်ခင်သက်ငွေး တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ကြင်တင့် (၉၅)နှစ်သည် ၁၄-၉-၂၀၂၅ ရက်(တနင်္ဂနွေနေ့) နံနက် ၃:၂၃ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ကြင်တင့်**
**အသက်(၉၅)နှစ်**

သထုံမြို့နေ (ဦးဖွယ်ရာ-ဒေါ်သိန်းတင်)တို့၏သမီး၊ (ဦးယုဝေ)၏ ချစ်လှစွာသောဇနီး၊ (ဦးမြင့်ဆွေ)-ဒေါ်ခင်သက်ငွေး၊ ဦးအောင်စိုး-ဒေါ်မာလာဆွေ၊ (ဦးမြင့်ရွှေ)-ဒေါ်ရီရီသန်း၊ ဒေါ်ခင်ခင်အေး၊ ဒေါ်ရီရီလွင်-ဒေါက်တာဝင်းသန်း၊ ဦးရွှေဝင်း-ဒေါ်စိုးစိုးနွယ်၊ ဦးကျော်မိုး-ဒေါ်သက်မျိုးစု၊ ဒေါ်အိအိခိုင်-ဦးအောင်မျိုးတို့၏ ကျေးဇူးရှင်မိခင်၊ မြေး ၁၅ ယောက်၊ မြစ် ၅ ယောက်တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၁၄-၉-၂၀၂၅ ရက်(တနင်္ဂနွေနေ့) နံနက် ၃ နာရီ ၂၃ မိနစ်တွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၆-၉-၂၀၂၅ ရက်(အင်္ဂါနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ တပ်မတော်စစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**




# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro-gramme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**




# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပလာတူးငါးပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ဖျာပုံ စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ပလာတူးငါးပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ပလာတူးငါးပိဿာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ပလာတူးငါး ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ပလာတူးငါးများကို ရန်ကုန်ဈေးကွက်မှ အဝယ်လိုက်လျက်ရှိကြောင်း သိရသည်။

''ဒေသထွက် ပလာတူးငါးတွေကို ပြည်တွင်းရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ပလာတူးငါး ပိဿာချိန် ၆၅၀၀၀ ထိ အရောင်းအဝယ်ကောင်းခဲ့ပါတယ်။ အရင်လတွေကထက် ကုန်ချိန်တွေလဲ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ဒီဘက်ကငါးတွေ၊ ပုစွန်တွေ၊ ကဏန်းတွေအပြင် အခြားရေထွက်ကုန်တွေကိုလဲ ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချတာ ဖြစ်ပါတယ်။ အခုပလာတူးငါး အရောင်းအဝယ်တွေ ပုံမှန်ထက် ပိုမိုအရောင်းသွက်လာတော့ရေလုပ်သားတွေ၊ ကုန်သည်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိတာပေါ့'' ဟု ဖျာပုံမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြသည်။

ဖျာပုံမြို့နယ်တွင် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ပုစွန်၊ ကဏန်း၊ ငါးအမျိုးမျိုးစသည့် ရေထွက်ကုန်များကို ရေလုပ်သားများထံမှဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မှတစ်ဆင့် အခြားဒေသများသို့ ဆက်လက်တင်ပို့ ရောင်းချနေကြောင်း သိရသည်။

ဖျာပုံမြို့နယ်မှ တင်ပို့ရောင်းချသည့် ပလာတူးငါးတစ်ပိဿာလျှင် လတ်ဆတ်မှုနှင့်အရွယ်အစားပေါ်မူတည်ပြီး ငွေကျပ် ၁၅၅၀၀ မှ ၁၇၅၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ပလာတူးငါးများအရောင်းအဝယ်ကောင်းလာသည့်အတွက် ကုန်သည်များ၊ ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကြို့ပင်ကောက်မြို့နယ် ငရစ်ရှိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြို့ပင်ကောက် စက်တင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငရစ်ရှိကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေ နဝမအကြိမ်ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာမြစိမ်းရောင် စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ငရစ်ရှိကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ လေးဦး၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၄ ဦးအတွက် စီမံကိန်းလည်ပတ်ရန်ပုံငွေကျပ် ၄၈၆ သိန်းကို နေ့ချင်းပြီး ထုတ်ချေးဆောင်ရွက်ပေးခဲ့ကြောင်း ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က ပြောပြ၍ သိရသည်။

**သန်းလွင်(မကွေး)**

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေဖတ်ကြစို့

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော **ကြံ့**၊ **ဆင်နှစ်ကောင်**၊ **Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား

**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**




ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၆၇၀








ပြင်ဦးလွင်

# နန်းမြိုင်ကော်ဖီ

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၉၀၇၇


## မိခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက(ခွဲ)ရဲဘော်လေးကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မခိုင်ဇင်ဖုန်း၏မိခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဒေါ်ဆန်းဆန်းမြင့်ဖြစ်ပါကြောင်း။

**ဒေါ်ဆန်းဆန်းမြင့်(၉/ကဆန(နိုင်)၁၂၅၈၃၇)**

## ဖခင်အမည်မှန်

မလှိုင်မြို့၊ အထကမြို့သစ်၊ Grade-12 တွင် ပညာသင်ကြားနေသော မထူးသိင်္ဂီစိုး၏ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းမြင့်ဖြစ်ပါကြောင်း။

**ဦးအောင်ဆန်းမြင့်(၉/မထလ(နိုင်)၂၇၂၁၆၂)**

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက-ညောင်ရွှေကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မချယ်ရီလှိုင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကျော်နိုင်ဖြစ်ပါကြောင်း။

**ဦးကျော်နိုင်(၉/စကတ(နိုင်)၁၀၁၆၈၉)**

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက-မင်းစုကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်ဇင်လင်းဖြိုး၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဝင်းဝင်းတိုးဖြစ်ပါကြောင်း။

**ဦးဝင်းဝင်းတိုး(၈/ပဖန(နိုင်)၁၀၁၄၇၅)**

## ဖခင်အမည်မှန်

မလှိုင်မြို့၊ အထကမြို့သစ်၊ Grade-11 တွင် ပညာသင်ကြားနေသော မမိုးပြည့်ပြည့်အောင်၏ဖခင်အမည်မှန်မှာ ဦးမောင်ဇော်ဖြစ်ပါကြောင်း။

**ဦးမောင်ဇော်(၉/မလန(နိုင်)၁၅၆၇၈၆)**

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက-သံရွာကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်ကျော်ဇင်ဟိန်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးငယ်ဖြစ်ပါကြောင်း။

**ဦးငယ်(၉/ကဆန(နိုင်)၂၀၅၈၃၃)**

**အဖိုးတန် ရေချိုကို ချွေတာ ကြပါစို့**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့်ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၃၄၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးလာမှုနှင့်အတူ မွေးမြူရေးလုပ်ငန်းများသည်လည်း တိုးတက်လာမည်ဖြစ်ကာ ဒေသ၏လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်...

❖ ထို့ကြောင့် ဒေသရှိ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများက ဒေသတွင်း၌ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်နိုင်ရေး အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်ရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ပြုလုပ်သော မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ်များစာရင်း ထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်(၁၀၃ / ၂၀၂၅)
၁၃၈၇ ခုနှစ် တော်သလင်းလပြည့်ကျော် ၈ ရက်
(၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၄ ရက်)

**ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်မဲအများဆုံးရသူ အနိုင်ယူစနစ်(FPTP)မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ်များစာရင်း ထုတ်ပြန်ကြေညာခြင်း**

၁။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပရန်အခြေအနေမရှိသည့် အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော်မဲအများဆုံးရသူ အနိုင်ယူစနစ်(FPTP)မဲဆန္ဒနယ် ကိုးနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ်(FPTP)မဲဆန္ဒနယ် ၅၆ နယ်တို့တွင် ရွေးကောက်ပွဲများကျင်းပခြင်းပြုမည်မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀(စ)အရ ထုတ်ပြန်ကြေညာလိုက်သည်-

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

## လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များ ပြင်ဆင်သတ်မှတ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်(၁၀၄ / ၂၀၂၅)
၁၃၈၇ ခုနှစ် တော်သလင်းလပြည့်ကျော် ၈ ရက်
(၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၄ ရက်)

**လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များ ပြင်ဆင်သတ်မှတ်ကြေညာခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၆ ပါ လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ၂၀-၈-၂၀၂၅ ရက်တွင် ကြေညာချက်အမှတ်(၅၇/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများအမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များကို သတ်မှတ်ကြေညာခဲ့ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ်(FPTP)မဲဆန္ဒနယ် ကိုးနယ်နှင့်

စာမျက်နှာ ၁၉ ကော်လံ ၁ ❑

# အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန် နည်းလမ်းမျိုးစုံဖြင့် သယ်ဆောင်လာသည့် လက်နက်၊ ခဲယမ်းများကို ဖော်ထုတ်တားဆီးနိုင်ခဲ့

နေပြည်တော် စက်တင်ဘာ ၁၄

NUG နှင့် CRPH တို့၏ ညွှန်ကြားမှုဖြင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်အတွက် လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို ပုံစံမျိုးစုံ၊ နည်းလမ်းမျိုးစုံဖြင့် သယ်ဆောင်၍ ၎င်းတို့ရောက်ရှိခိုအောင်းရာနေရာများနှင့် အနီးဝန်းကျင်တွင် လက်နက်ဖြင့် ခြိမ်းခြောက်အကြမ်းဖက်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ ၎င်းတို့နှင့်အလိုမတူသူများအား ဖမ်းဆီးသတ်ဖြတ်ခြင်းစသည့် အဖျက်အမှောင့်လုပ်ရပ်များနှင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသောလုပ်ရပ်များအား လုပ်ဆောင်လျက်ရှိသည်။

စာမျက်နှာ ၂၂ ကော်လံ ၁ ❖



အကြမ်းဖက်သမားများ သိုဝှက်သယ်ဆောင်လာသည့် လက်နက်၊ ခဲယမ်းများ ဖော်ထုတ်ဖမ်းဆီးနိုင်မှု မှတ်တမ်းဓာတ်ပုံ။

OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la

Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar